အခန်း ၉

## ဒေါက်တာဝက်ဆင်၏ ဒုတိယ အစီရင်ခံချက်

### ကွင်းပြင်ပေါ်မှ အလင်းရောင်

ဘတ်စကားဗျိုလ်ဟောလ်
အောက်တိုဘာလ ၁၅ ရက်။

**မိတ်ဆွေကြီး ဟုမ်း(စ်)**

ကျွန်တော်၏ နောက်ဆုံး အစီရင်ခံစာတွင် ပြတင်းပေါက်၌ ဘဲရီမိုး အဖြစ်အပျက်နှင့် အဆုံးသတ်ခဲ့ရာ၊ ယခုအကြိမ် ဖော်ပြရမည့် အကြောင်းအရာများမှာ ခင်ဗျားအဖို့ အံ့သြဖွယ်ရာ ဖြစ်ပါလိမ့်မည်။

နောက်နေ့နံနက်၌ ကျွန်တော်သည် နံနက်စာ မစားမီ၊ ဆောင်တော်ကူး လမ်းတစ်လျှောက် လျှောက်သွား၍၊ ယမန်ညဥ့်က ဘဲရီမိုး ဝင်ခဲ့သော အခန်းကို ကြည့်ရှု စုံစမ်းပါသည်။ ထိုသူ ချောင်းကြည့်သော အနောက်ဘက် ပြတင်းပေါက်မှာ အခြားသော ပြတင်းပေါက်များနှင့် မတူဘဲ၊ ထူးခြားသော အချက်တစ်ခု ရှိသည်မှာကား ကွင်းပြင်ကြီးကို အနီးဆုံး မြင်နိုင်ခြင်းပင် ဖြစ်ပေသည်။ ၎င်းပြတင်းပေါက်မှ မျှော်ကြည့်သည့်အခါ သစ်ပင်နှစ်ပင်တို့၏ အကြားမှ ကွင်းပြင်ကြီးတစ်ခုလုံး ထင်းထင်းကြီး မြင်နိုင်ပေရာ၊ အခြား ပြတင်းပေါက်များမှ ကြည့်လျှင်မူကား ကွင်းပြင်ကြီးကို ရေးရေးမျှသာ





မြင်နိုင်ပေသည်။ ထိုကြောင့် ဘဲရီမိုးသည် ထိုပြတင်းပေါက်မှ မျှော်ကြည့်ခြင်းကို ထောက်ခြင်းအားဖြင့်၊ ကွင်းပြင်ထဲ၌ ရှိသော တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်ကို မျှော်ကြည့်လိုသည်ဟု ယူဆရပေမည်။ ထိုနေ့နံနက်၌ ကျွန်တော်သည် နံနက်စာ စားပြီးချိန်တွင် ဆာဟင်နရီ၏ စာကြည့်ခန်းတွင် ဆာဟင်နရီနှင့် တွေ့၍၊ ယမန်ညဥ့်က ကျွန်တော် မြင်တွေ့သမျှကို ပြောပြပါသည်။ ထိုအခါ ဆာဟင်နရီမှာ ကျွန်တော် မျှော်လင့်သလောက် မအံ့သြဘဲ ရှိသည်ကို တွေ့ရပါသည်။

ရီ ။ ။ 'ဘဲရီမိုးဟာ ဟိုဟိုဒီဒီ လျှောက်တတ်ကြောင်း ကျွန်တော် သိလေတော့ ဒီအကြောင်းကို သူ ပြောဦးမယ်လို့ ကျွန်တော် ကြံစည်တုန်းပါပဲ။ ခင်ဗျား ပြောတဲ့ အချိန်လောက်မှာ ဆောင်ကူးလမ်း တစ်လျှောက် သူ သွားတဲ့ ပြန်တဲ့ ခြေသံကို ကျွန်တော် ကြားရတာ နှစ်ခါ သုံးခါ ရှိပါပြီ'

နုပ် ။ ။'ဒါဖြင့် ဟိုပြတင်းပေါက်ကို ညတိုင်း သွားကြည့်တဲ့ လက္ခဏာပေါ့'

ရီ ။ ။'ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်၊ ဒီလိုဆိုလျှင် သူ့နောက်က လိုက်ပြီး သူ ဘာလုပ်တယ်ဆိုတာကို စောင့်ကြည့်ကြတာပေါ့'

နုပ် ။ ။'ဒီကနေ့ည ခင်ဗျာ့ အခန်းထဲက စောင့်ပြီး သူ လာတော့ လိုက်ကြည့်ကြစို့လား'

ထိုကဲ့သို့ စကားပြောကြပြီးနောက် ဆာဟင်နရီသည် ဦးထုပ်ကို ကောက်ယူ၍ အပြင်သို့ထွက်ရန် ပြင်ဆင်လေရာ၊ ကျွန်တော်လည်း ထိုနည်းအတူ ပြုပါသည်။

ရီ ။ ။(ကျွန်တော့်အား ထူးဆန်းစွာ ကြည့်လျက်) 'ဘာလဲ၊ ခင်ဗျားလည်း လိုက်မလို့လား ဝက်ဆင်'

နုပ် ။ ။'ကွင်းပြင်ဘက် သွားလျှင်လည်း ကျွန်တော် လိုက်ဖို့ပေါ့'

ရီ ။ ။'ဟုတ်တယ်၊ ကျွန်တော် အဲဒီဘက်ကို သွားမလို့ပဲ'

နုပ် ။ ။'ကျုပ်ကို မှာလိုက်တာ ခင်ဗျား သိတဲ့အတိုင်းပဲ၊ သူများအထဲ ဝင်စွက်သလို လုပ်ရမှာတော့ အားနာပါရဲ့။ သို့သော်လည်း ကွင်းပြင်ဘက်ကို ခင်ဗျားတစ်ယောက်တည်း မသွားစေဖို့ ဟုမ်း(စ်)က အတန်တန်မှာလိုက်တာ ခင်ဗျား ကြားတဲ့အတိုင်းပဲ'

ရီ ။ ။(ကြည်ရွှင်စွာ ပြုံးလျက်) 'ခင်ဗျားလူ ဟုမ်း(စ်)က ဉာဏ်ပညာ ဘယ်လောက်ရှိပေမယ့် ဒီဘက်ကို ကျွန်တော် ရောက်ပြီးတဲ့နောက် ဖြစ်ပျက်တဲ့ အခြင်းအရာတွေကို ကြိုတင်ပြီး မမြင်နိုင်ပါဘူးဗျာ၊ ကျွန်တော် ပြောတာ နားလည်တယ် ဟုတ်လား။ ခင်ဗျားဟာ သာသနာဖျက်တစ်ယောက် မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော် တစ်ယောက်တည်း သွားမှ ဖြစ်မယ်ဗျာ'

ကျွန်တော်မှာ အတော်ခွကျလျက် ရှိလေပြီ။ သို့ဖြစ်၍ ဘယ်လိုလုပ်၍ ဘယ်လို ပြောရမှန်းမသိ ဖြစ်နေစဉ်၊ ဆာဟင်နရီသည် ကြိမ်လုံးကို ကောက်ယူ၍ ထွက်သွားခဲ့လေပြီ။

သို့ရာတွင် ကျွန်တော်သည် ဤအကြောင်းကို ပြန်ပြောင်း ဆင်ခြင်မိသည့်အခါ၊ ကျွန်တော်၏ မျက်စိအောက်မှ သူ့အား ထွက်သွားခွင့်ပြုလိုက်မိသည် အတွက်၊ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိပါသည်။ ထိုအချိန်၌ သူ့အား မိနိုင်လောက်သေးသည် ဖြစ်၍၊ ကျွန်တော်သည် မဲရီးပစ်အိမ်ဘက်သို့ ချက်ချင်းထ၍ လိုက်သွားပါသည်။

ကျွန်တော်သည် ဆာဟင်နရီကို မတွေ့ရဘဲ တတ်နိုင်သမျှ လျင်မြန်စွာ လမ်းအတိုင်း လိုက်သွား၍၊ ကွင်းပြင်ကြီးပေါ်တွင် လမ်းခွဲသော နေရာသို့ ရောက်သွားပါသည်။ ထိုနေရာသို့ ရောက်သောအခါတွင် လမ်းမှားမည်စိုးသဖြင့်၊ ကျွန်တော်သည် အရပ်လေးမျက်နှာသို့ မျှော်ကြည့်နိုင်သော တောင်ပူစာ တစ်ခုပေါ်သို့ တက်ပါသည်။ ထိုအခါ ကျွန်တော်သည် ချက်ချင်းပင် သူ့ကို မြင်ရပါသည်။ ဆာဟင်နရီသည် နှစ်ဖာလုံခန့် ဝေးသောအရပ်





တွင် မစ္စစတေပလ်တန်နှင့်အတူ လမ်းခွဲကလေးပေါ်တွင် ရှိနေပါသည်။ ထိုသူနှစ်ဦးတို့မှာ ထိုနေရာတွင် တွေ့ဆုံကြရန် ချိန်းဆိုထားကြောင်း ထင်ရှားပါသည်။ ၎င်းတို့သည် အာရုံစူးစိုက်စွာ စကားပြောလျက် ဖြည်းညင်းစွာ လမ်းလျှောက်သွားကြ၍၊ မစ္စစတေပလ်တန်သည် အလွန် စိတ်အားထက်သန်စွာ စကားပြောနေကြသည့် လက္ခဏာနှင့် လက်များကို လျင်မြန်စွာ လှုပ်ရှား၍၊ ဆာဟင်နရီသည် အာရုံ စူးစိုက်စွာ နားထောင်လျက် သဘောမတူသောလက္ခဏာနှင့် ဦးခေါင်းကို တစ်ကြိမ်နှစ်ကြိမ် လှုပ်ယမ်းပါသည်။ ကျွန်တော်သည် ကျောက်ဆောင်များ အကြားမှ ရပ်လျက် ၎င်းတို့ကို ကြည့်နေစဉ်၊ မည်သို့ပြုလုပ်ရမည်ဟု ဆုံးဖြတ်ရန် အခက်အခဲ တွေ့လျက်ရှိပါသည်။

ကျွန်တော်တို့၏ မိတ်ဆွေ ဆာဟင်နရီနှင့် မစ္စစတေပလ်တန်တို့သည် လမ်းကလေးပေါ်တွင် ရပ်၍ စိတ်အားထက်သန်စွာ စကားပြောလျက် ရှိကြစဉ်၊ ၎င်းတို့ကို စောင့်ကြည့်နေသူမှာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ကြောင်းကို ရုတ်တရက် သိရပါသည်။ လေထဲ၌ စိမ်းသော အရာဝတ္ထုတစ်ခု လွင့်လျက်ရှိသည်ကို ကျွန်တော် မြင်ရ၍၊ နောက်ထပ်ကြည့်ရှုသည့်အခါ စတေပလ်တန်နှင့် ၎င်း၏ လိပ်ပြာပိုက်ကွန်ကို တွေ့မြင်ရပါသည်။ သူသည် ကျွန်တော်ထက် ထိုသူနှစ်ယောက်တို့နှင့် နီးကပ်၍ ၎င်းတို့ထံသို့ သွားနေဟန် တူပါသည်။ ထိုခဏ၌ ဆာဟင်နရီသည် မစ္စစတေပလ်တန်ကို သူ၏ အနီးသို့ ရုတ်တရက် ဆွဲလိုက်ပါသည်။ သူသည် မစ္စစတေပလ်တန်ကို ဖက်လျက်ရှိရာ၊ မစ္စစတေပလ်တန်ကမူ မျက်နှာကို လွှဲထားလျက် ရုန်းနေသည့် လက္ခဏာ ရှိပါသည်။ နောက်တစ်ခဏ၌ ၎င်းတို့သည် ရုတ်တရက် ခွဲလိုက်ကြ၍၊ နောက်သို့ ကပျာကယာ လှည့်ကြည့်သည်ကို ကျွန်တော် မြင်ရပါသည်။ ထိုအခြင်းအရာမှာ စတေပလ်တန် လာရောက်သည့်အတွက် ဖြစ်ပါသည်။ သူသည် ၎င်းတို့ထံသို့ အရမ်းပြေးသွားစဉ် ပိုက်ကွန်သည် နောက်မှ ဝဲလျက် ပါသွားပါသည်။ သူသည် ခြေလက်တို့ကို လှုပ်ယမ်းလျက် သမီးရည်းစား နှစ်ယောက်တို့၏ ရှေ့တွင် စိတ်ဆိုးသော

အမူအရာနှင့် ခုန်ပေါက်လျက် ရှိပါသည်။ မည်သို့သော အဓိပ္ပာယ်ရှိသည်ဟု ကျွန်တော် မတွေးနိုင်သော်လည်း၊ စတေပလ်တန်သည် ဆာဟင်နရီအား ကြိမ်းမောင်းနေသည့် လက္ခဏာရှိ၍၊ ဆာဟင်နရီက ရှင်းလင်း ပြောပြနေဟန် တူပါသည်။ စတေပလ်တန်သည် ဆာဟင်နရီ၏ ရှင်းလင်းချက်ကို လက်မခံသည့်အခါ၊ ဆာဟင်နရီသည် စိတ်ဆိုးလာဟန် တူပါသည်။ မိန်းမကမူ မာနကြီးသော အမူအရာနှင့် ဘာမှ မပြောဘဲ ရပ်ကြည့်နေပါသည်။ နောက်ဆုံး၌ စတေပလ်တန်သည် ၎င်း၏နှမကို အမိန့်ပေးဟန်နှင့် လက်ရပ်ခေါ်၍ ရှေ့မှ ထွက်သွားလေရာ၊ နှမသည် မဝေခွဲနိုင်သော အမူအရာနှင့် ဆာဟင်နရီအား လှမ်းကြည့်ပြီးနောက်၊ အစ်ကိုနှင့်အတူ လျှောက်သွားကြပါသည်။ မောင်နှမနှစ်ယောက် နောက်သို့ တစ်မိနစ်ခန့် ငေးလျက် ကြည့်နေပြီးနောက် ဆာဟင်နရီ လာခဲ့သည့် လမ်းအတိုင်း တဖြည်းဖြည်း လျှောက်လာခဲ့ရာ၊ စိတ်ညစ်သည့် လက္ခဏာနှင့် ဦးခေါင်းငုံ့လျက် ရှိပါသည်။

ကျွန်တော်မှာ မည်သည့်အဓိပ္ပာယ် ရှိသည်ဟု မတွေးနိုင်သဖြင့် တောင်ပူစာမှ ပြေးဆင်းလာ၍ အောက်တွင် ဆာဟင်နရီနှင့် တွေ့ဆုံပါသည်။ သူ၏မျက်နှာမှာ စိတ်ဆိုးသောလက္ခဏာနှင့် နီမြန်း၍ မျက်မှောင်ကုတ်လျက် ရှိရာ၊ မည်သို့ ပြုလုပ်ရမည် မသိသော လူတစ်ယောက်၏ အမူအရာနှင့် တူပါသည်။

ရီ ။ ။'ဟဲလို ဝက်ဆင်လား၊ ခင်ဗျား ဘယ်က ရောက်လာသလဲ။ ကျွန်တော်က တားလျက်နှင့် ကျွန်တော့်နောက်ကို ခင်ဗျား လိုက်လာတယ် ပေါ့လေ'

ကျွန်တော်သည် အိမ်၌ နေရစ်ရန် မဖြစ်နိုင်သည့် အကြောင်းကိုလည်းကောင်း၊ သူ့နောက်သို့ လိုက်လာခဲ့ပုံ အကြောင်းနှင့် ဖြစ်ပျက်သမျှအားလုံးကို ကျွန်တော် တွေ့မြင်ရသည့် အကြောင်းကိုလည်းကောင်း ဆာဟင်နရီအား အလုံးစုံ ရှင်းလင်း ပြောပြပါသည်။ တစ်ခဏ၌ သူသည် ကျွန်တော့်အား အလွန်စိတ်ဆိုးသော မျက်နှာထားနှင့် ကြည့်သေးသော်လည်း၊





ကျွန်တော်၏ ပွင့်လင်းသော အမူအရာကို မြင်ရသဖြင့် အမျက်ပြေပျောက်ပြီးလျှင်၊ နောက်ဆုံးတွင် မရွှင်ပျသော ရယ်မောနည်းဖြင့် ရယ်မောလေ၏။

ရီ ။ ။'ကွင်းပြင်ကြီး အလယ်ကောင်မှာ လူသူလေးပါး မတွေ့ပေဘူး အောက်မေ့တာ၊ ခုတော့ ဒီတစ်ရပ်လုံးက ကျွန်တော် လူပျို လှည့်တာကို စောင့်ကြည့်နေကြဟန် တူနေပါပြီကောလား။ ခင်ဗျားက ဘယ်ကနေ ကြည့်သလဲ'

နုပ် ။ ။'ကျုပ်က ဟိုတောင်ကုန်းကလေးပေါ်က ကြည့်နေတယ်'

ရီ ။ ။'ခင်ဗျားက နောက်တန်းကျသကိုး၊ သူ့အစ်ကိုကတော့ ရှေ့တန်းက နေရာရတယ်။ ကျွန်တော်တို့ဆီကို သူ ထွက်လာပြီး ဆူတာ ခင်ဗျား မြင်ရသလား'

နုပ် ။ ။'ဟုတ်ကဲ့၊ မြင်ရပါတယ်'

ရီ ။ ။'သူ့ကို လူကောင်းတစ်ယောက်လို့ ကျွန်တော် မှတ်ထင် လာခဲ့တယ်၊ ဒီကနေ့တော့ သူ သော်လည်းကောင်း၊ ကျွန်တော် သော်လည်းကောင်း တစ်ယောက်ယောက်တော့ ရူးပြီထင်တယ်။ ကျွန်တော့်အနားမှာ ခင်ဗျားနေတာ ရက်သတ္တပတ် အတော်ကြာသွားပြီ။ ကျွန်တော်ဟာ ကျွန်တော်ကြိုက်တဲ့ မိန်းမတစ်ယောက် အပေါ်မှာ လင်ကောင်းတစ်ယောက် မဖြစ်နိုင်တဲ့ အခြင်းအရာများ ရှိသလားဗျာ'

နုပ် ။ ။'မရှိဘူးလို့ ဆိုရပေမယ်'

ရီ ။ ။'ကျွန်တော့်လောက အခြေအနေကို သူ ကန့်ကွက်စရာ ဘာမှ မရှိဘူး၊ ဒါကြောင့် သူ ကန့်ကွက်ခြင်းဟာ ကျွန်တော့်လူကောင်ကို ကန့်ကွက်ခြင်း ဖြစ်ရမှာပဲ။ ကျွန်တော့်မှာ မကောင်းတာ ဘာရှိသလဲဗျာ၊ ကျွန်တော်ဟာ မိန်းမတစ်ယောက်ကို ဖြစ်စေ၊ ယောကျ်ားတစ်ယောက်ကို ဖြစ်စေ တစ်သက်လုံး ရန်မရှာခဲ့ဖူးပါဘူး။ ဒါနဲ့တောင် သူက သူ့နှမရဲ့ လက်ဖျားကလေးကို ကျွန်တော် ထိဖို့ ခွင့်မပြုနိုင်ဘူးတဲ့ဗျ'

နုပ် ။ ။ 'သူက ဒီလိုပဲ ပြောသလား'

ရှိ ။ ။ 'ဒီလိုလည်း ပြောတယ်၊ ဒီထက် မကလည်း ပြောတယ်။ ကျွန်တော် ပြောမယ် ဝက်ဆင်၊ ကျွန်တော် ဒီမိန်းမကို သိတာ ရက်သတ္တအနည်းငယ် ရှိပါသေးတယ်။ သို့သော် သူ့ကို ပထမ စပြီးတွေ့ရတဲ့ အချိန်ကစပြီး ဒီမိန်းမဟာ ကျွန်တော်နှင့် ဟန်ကျ သင့်လျော်တယ်လို့ ကျွန်တော့် စိတ်ထဲမှာ သိရပါတယ်။ သူကလည်း ကျွန်တော်နဲ့ နေရတဲ့ အချိန်မှ စိတ်ချမ်းသာတဲ့ အကြောင်းကို ကျွန်တော် ကျမ်းကိုင်ဝံ့ပါတယ်။ နို့ပေမဲ့ သူ့အစ်ကိုက ကျွန်တော်တို့နှစ်ယောက်ဟို ဘယ်တော့မှ နှစ်ယောက်တည်း တွေ့ဖို့ အခွင့်မပေးဘူး၊ ဒီကနေ့မှ သူနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်း စကားပြောဖို့ ပထမအကြိမ် အခွင့်ရပါတယ်။ သူက ကျွန်တော်နှင့် တွေ့ရတာ ဝမ်းသာပါတယ်၊ သို့သော်လည်း တွေ့ရတဲ့အခါမှာ ချစ်စကား ကြိုက်စကားကို သူကိုယ်တိုင်လည်း မပြောလိုဘူး၊ ကျွန်တော် ပြောခြင်းကိုလည်း လက်မခံဘူး။ ဒီအရပ်ဟာ ကျွန်တော့်အဖို့ ဘေးအန္တရာယ်များကြောင်း ခဏခဏ ပြောပြီး ဒီအရပ်မှ ကျွန်တော် မခွာမချင်း သူ စိတ်မချမ်းသာနိုင်ဘူးလို့ ခဏခဏ ပြောပါတယ်။ သူ့ကို မြင်ရကတည်းက ဒီအရပ်မှ အလျင်စလို ထွက်ခွာသွားဖို့ စိတ်မရှိတဲ့အကြောင်း၊ တကယ်လို့ ကျွန်တော ထွက်ခွာသွားပြဲ စေခဲ့ချင်ရင်လည်း သူကိုယ်တိုင် ကျွန်တော်နှင့်အတူ လိုက်ခဲ့ဖို့ စီမံရန် နည်းလမ်းတစ်ခုတည်း ရှိကြောင်း ကျွန်တော်က ပြောပါတယ်။ ဒီနောက် ကျွန်တော်က သူ့ကို လက်ထပ်လိုတဲ့အကြောင်း ပြောပြလို့ သူက အဖြေမပေးရသေးမီ သူ့အစ်ကို ရောက်လာပြီး အရူးတစ်ယောက်ရဲ့ မျက်နှာမျိုးနဲ့ ကျွန်တော်တို့ဆီ ပြေးဝင်လာတော့တာပဲ။ စိတ်ဆိုးလိုက်ပုံကတော့ မျက်နှာမှာ သွေးမရှိသလောက် ဖွေးဖွေးဖြူပြီး သူ့မျက်လုံးတွေကလည်း ဒေါသမီးတောက်နေတော့တာပဲ။ သူ့နှမကို ကျွန်တော် ဘာလုပ်နေသလဲတဲ့၊ သူ့နှမက မကြိုက်ဘဲနဲ့ ကျွန်တော်က ဘာကြောင့် လူပျိုလှည့်ချင်ရသလဲတဲ့။ သူဟာ အစ်ကိုတစ်ယောက် မဟုတ်ခဲ့လျှင် ဘယ်လို အဖြေမျိုး ပေးရမယ်ဆိုတာ





ကျွန်တော် သိပါတယ်၊ အခုတော့ အစ်ကိုဖြစ်နေတဲ့အတွက် ကျွန်တော်က သူ့နှမအပေါ်၌ ကျွန်တော်ရဲ့ စိတ်ထားပုံဟာ ရှက်စရာ ဘာမျှမရှိတဲ့ အကြောင်း၊ နှမဖြစ်သူကလည်း ကျွန်တော့်ကို လက်ခံလိမ့်မယ်လို့ မျှော်လင့်တဲ့ အကြောင်း ကျွန်တော်က ပြောပြပါတယ်။ ဒီလို ပြောသော်လည်း သူ့အစ်ကိုက စိတ်သဘော ပြောင်းလဲဟန် လက္ခဏာမရှိလေတော့ ကျွန်တော်ကလည်း စိတ်ဆိုးပြီး သူ့နှမရှိနေတာကို မထောက်ထားနိုင်ဘဲ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်ပါတယ်။ နောက်ဆုံးကြတော့ ခင်ဗျား မြင်တဲ့အတိုင်း သူ့နှမက သူ့ အစ်ကိုနဲ့ လိုက်သွားပြီး ကျွန်တော့်မှာ အင်မတန် စိတ်ရှုပ်ကျန်ရစ်တာပါပဲ၊ ဘယ်လို အဓိပ္ပာယ်လဲဆိုတာ ပြောစမ်းပါဦး ဝက်ဆင်'

ကျွန်တော်သည် တစ်နည်းနည်းဖြင့် ရှင်းလင်း ပြောပြရန် ကြိုးစားပါသည်။ သို့ရာတွင် ကျွန်တော်ကိုယ်တိုင်မှာလည်း ကောင်းစွာ မရှင်းလင်းသဖြင့် အခက်အခဲ တွေ့ရပါသည်။ ဆာဟင်နရီ၏ ဂုဏ်ထူးဘွဲ့ထူးသည်လည်းကောင်း၊ ပစ္စည်းဥစ္စာသည် လည်းကောင်း၊ အသက်၊ အကျင့်စာရိတ္တနှင့် ရုပ်ရည်တို့သည် လည်းကောင်း အကောင်းဘက်ချည်း ရှိနေ၍ မကောင်းဆို၍ တစ်ခုမှ ကျွန်တော်က မသိရပါ။ သူ၏ အိမ်သူအိမ်သားများ၌ ကျိန်စာသင့်သော အချက်တစ်ခုသာ ရှိပါသည်။ ဆာဟင်နရီ၏ လူပျိုလှည့်ခြင်းနှင့် ပတ်သက်၍ နှမ၏ဆန္ဒကို အလျှင်းမစုံစမ်းဘဲ ထိုကဲ့သို့ ပစ်ပစ်ခါခါ ငြင်းပယ်ခြင်းသည် လည်းကောင်း၊ နှမဖြစ်သူက အစ်ကို၏ ဆုံးဖြတ်ချက်ကို မကန့်ကွက်ဘဲ သဘောတူ လက်ခံခြင်းသည် လည်းကောင်း အလွန်အံ့ဩဖွယ်ရာ ကောင်းပါသည်။ သို့ရာတွင် ထိုနေ့ညနေ၌ စတေပလ်တန်ကိုယ်တိုင် လာရောက် ရှင်းပြသည့်အတွက် ကျွန်တော့်အဖို့မှာ တွေးတောနေစရာ မလိုတော့ပါ။ စတေပလ်တန်သည် ထိုနေ့မနက်က ကြမ်းတမ်းစွာ ပြောဆိုမိသည့်အတွက် တောင်းပန်ရန် လာရောက်ခြင်းဖြစ်၍၊ ဆာဟင်နရီ၏ စာကြည့်ခန်းထဲတွင် နှစ်ယောက်တည်း ကြာရှည်စွာ စကားပြောကြပြီးနောက်၊ ရန်ဖြစ်သော ကိစ္စမှာ ချေစပ်ပြီးစီးသဖြင့် နောက်သောကြာနေ့တွင်

မဲရိုးပစ် အိမ်ကြီး၌ ကျွန်တော်တို့ ညစာ ထမင်းစားကြရန် ဖိတ်ကြားသွားပါသည်။

ကျွန်တော်သည် ဆာဟင်နရီနှင့် တွေ့၍ စတေပလ်တန်သည် သူ၏ ပြုမူပုံ အကြောင်းကို ရှင်းလင်း ပြောပြပါသလားဟု မေးပါသည်။

ရီ ။ ။'သူ၏နှမမှာ သူ့အလုပ်တွင် အလွန် အသုံးဝင်သူ တစ်ဦးဖြစ်ကြောင်း၊ သူတို့မောင်နှမသည် အခါခပ်သိမ်း အတူတကွ နေထိုင်ကြ၍ နှမမှတစ်ပါး အခြားသော အပေါင်းအဖော် မရှိသဖြင့် နှမနှင့် ခွဲခွာရန် လွန်စွာ ခဲယဉ်းသည့်အကြောင်း၊ သူ၏နှမကို ကျွန်တော် ချစ်ကြိုက်နေသည့် အဖြစ်ကို သူမသိရကြောင်း၊ ကျွန်တော် ချစ်ကြိုက်နေကြောင်းကို ကိုယ်တိုင် တွေ့မြင်ရ၍ မောင်နှမ ခွဲခွာရမည့် အကြောင်းကို သိရှိရသောအခါ သူ၏ စိတ်ထဲ၌ ပြင်းထန်စွာ ကုန်လှုပ်သည်ဖြစ်၍ ပြောမိပြောရာ ပြောဆိုမိကြောင်း၊ လွန်ခဲ့သော အဖြစ်အပျက်များအတွက် အလွန် ဝမ်းနည်း၍ ဤမျှလောက် ချောမောလှပသော နှမတစ်ယောက်ကို မိမိထံ၌ အမြဲ သိမ်းပိုက်ထားနိုင်သည်ဟု တွေးထင်ခြင်းမှာ မိုက်မဲ၍ တစ်ကိုယ်ကောင်း ကြံစည်ရာရောက်သည်ဟု အသိအမှတ်ပြုကြောင်း၊ နှမနှင့် ခွဲခွာရမည် ဖြစ်ခဲ့လျှင် အခြားသူ တစ်ယောက်ထက် ကျွန်တော်ကဲ့သို့သော အိမ်နီးချင်းတစ်ယောက်နှင့် ထည့်လိုကြောင်း၊ မည်သည့်နေ့၌မဆို နှမနှင့် ခွဲရခြင်းသည် သူ့အဖို့ အလွန် တရာ ဝန်လေး၍ သူ့စိတ်ကို ပြင်ဆင်ရန်မှာ အချိန်အတန် ကြာဦးမည် ဖြစ်ကြောင်း၊ ကျွန်တော်က သုံးလအတွင်း ဤကိစ္စကို ဤအတိုင်းထား၍ ထိုအချိန် အတောအတွင်း ချစ်ကြိုက်စကား မပြောဘဲ မိတ်ဆွေတစ်ယောက် အဖြစ်နှင့် ဆက်ဆံရလျှင် ကျေနပ်ပါမည်ဟု ကတိပေးခဲ့လျှင် သူက မကန့်ကွက်ဘဲ နေမည်ဖြစ်ကြောင်း၊ ကျွန်တော်က ဤအတိုင်း ကတိထားသဖြင့် ဤကိစ္စမှာ ဤနေရာတွင် ပြီးစီးသွားကြောင်း' ပြောပါသည်။

သို့ဖြစ်၍ ကျွန်တော်တို့၏ အရှုပ်အထွေးကလေး တစ်ခုမှာ ရှင်းလင်းသွားပါသည်။ မစ္စစတေပလ်တန်၏ ရည်းစားမှာ ဆာဟင်နရီကဲ့သို့ သင့်





လျော်သော လူတစ်ယောက် ဖြစ်စေကာမူ၊ စတေပလ်တန်သည် အဘယ်ကြောင့် သဘောမတူသည့် အကြောင်းကို ယခုအခါ၌ ကျွန်တော်တို့ သိရပါပြီ။ ကျွန်တော်သည် ညအချိန်၌ ရှိုက်ငိုသံများ ကြားရခြင်း၊ မစ္စစ်ဘဲရီမိုး၏ မျက်ရည် စက်လက်ရှိသော မျက်နှာကို တွေ့မြင်ရခြင်း၊ အနောက်ဘက် မျက်နှာ၌ ရှိသော ပြတင်းပေါက်သို့ ညအချိန်တွင် ဘဲရီမိုးသည် လျှို့ဝှက်စွာ သွားခြင်း တည်းဟူသော အရှုပ်အထွေး အကြောင်းကို ကျွန်တော် ဖော်ပြရပါဦးမည်။

ကျွန်တော်တို့သည် ညစဉ် ဘဲရီးမိုး လမ်းလျှောက်ခြင်းတည်းဟူသော အရှုပ်အထွေးကို ရှင်းလင်းလိုကြသည် ဖြစ်၍၊ ကျွန်တော်သည် စတေပလ်တန် အလည်လာသော နေ့ညဉ့်ပင် ဆာဟင်နရီ၏ အခန်း၌ ၎င်းနှင့်အတူ ထိုင်စောင့်ပါသည်။ သို့ရာတွင် မည်သည့် အသံကိုမျှ မကြားရဘဲ နံနက် သုံးနာရီ ထိုးခါနီး အချိန်တွင်မှ ဆောင်တော်ကူးလမ်းကြားတွင် ရုတ်တရက် ခြေသံကြားရ၍၊ ကျွန်တော်တို့ နှစ်ယောက်လုံးသည် ကုလားထိုင်ပေါ်တွင် ဆန့်လျက်ထိုင်ကြ၍ အာရုံစူးစိုက်စွာနှင့် နားစွင့်မိကြပါသည်။

ကျွန်တော်တို့သည် အလွန်လျှို့ဝှက်စွာ နင်းလာသော ခြေသံများကို ကြားရ၍၊ တဖြည်းဖြည်း အဝေးသို့ရောက်ခါမှ အသံ ပျောက်သွားပါသည်။ ထိုအခါ ဆာဟင်နရီသည် တံခါးကို ဖြည်းညင်းစွာ ဖွင့်၍ ကျွန်တော်တို့သည် နောက်မှ လိုက်သွားကြပါသည်။ ကျွန်တော်တို့၏ လူမှာ စင်္ကြံကို ကျော်လွန်သွားပြီဖြစ်၍ ဆောင်တော်ကူး လမ်းကြားမှာ မှောင်လျက် ရှိပါသည်။ ကျွန်တော်တို့သည် ဖြည်းညင်းစွာ လျှောက်လာကြ၍ အိမ်ကြီး၏ အခြားသော အဆောင်ဘက်သို့ ရောက်လာကြပါသည်။ ထိုအခါ အရပ်မြင့်၍ မုတ်ဆိတ်နက်ကြီးရှိသော လူ၏ကိုယ်လုံးကို ရေးရေးမြင်ရ၍၊ ထိုသူသည် လမ်းကြားတစ်လျှောက် ခြေဖျားထောက်လျက်သွားစဉ် ၎င်း၏ ပခုံးများမှာ ကိုင်းညွတ်လျက် ရှိပါသည်။ ထို့နောက် သူသည် ယခင်က တံခါးမှ ဝင်သွား၍၊ ဖယောင်းတိုင်မှ အလင်းရောင်သည် မှောင်မိုက်သော အဆောင်ကူး

လမ်းကြားတစ်လျှောက် ထွန်းတောက်လျက် ရှိပါသည်။ ကျွန်တော်တို့သည် အလင်းရောင် ရှိရာသို့ သတိနှင့် လျှောက်သွား၍ နောက်ဆုံးတွင် တံခါးဝသို့ ရောက်သဖြင့် ချောင်းကြည့်ကြသောအခါ၊ ဘဲရီမိုးမှာ ဖယောင်းတိုင်ကို လက်တွင်ကိုင်၍ ပြတင်းပေါက်၌ ဝပ်လျက်ရှိရာ၊ သူ၏ဖြူဖွေး၍ စိတ်အား ထက်သန်သော မျက်နှာမှာ ယခင်နည်းအတိုင်း ပြတင်းမှန်နှင့် ကပ်လျက် ရှိသည်ကို တွေ့မြင်ရပါသည်။

ဆာဟင်နရီသည် အခန်းတွင်းသို့ ဝင်သွားရာ ဘဲရီမိုးသည် သက်ပြင်းချလျက် ပြတင်းပေါက်မှ ခုန်ထပြီးလျှင်၊ ညှိုးမည်းသော မျက်နှာနှင့် ကျွန်တော်တို့ ရှေ့တွင် တုန်လှုပ်လျက် ရပ်နေပါသည်။ သူ၏ မည်းနက်သော မျက်လုံးများသည် ဆာဟင်နရီနှင့် ကျွန်တော်တို့အား တစ်ယောက်စီ လှမ်းကြည့်သောအခါတွင်၊ ကြောက်လန့်အံ့ဩဟန် အမူအရာ ရှိပါသည်။

ရီ ။ ။'ဒီမှာ မင်း ဘာလုပ်နေတာလဲ ဘဲရီမိုး'

မိုး ။ ။(တုန်လှုပ်လွန်းအားကြီးသဖြင့် မပြောနိုင် ပြောနိုင်နှင့်) 'ဘာမှ မလုပ်ပါဘူးခင်ဗျာ၊ ပြတင်းပေါက်တွေ ပိတ်ပြီး ရှိရဲ့လားလို့ ညတိုင်း ကျွန်တော် လှည့်ပြီး ကြည့်တာပါ'

ရီ ။ ။(တင်းမာသော အသံဖြင့်) 'ဒီမှာ ကြည့်စမ်း ဘဲရီမိုး၊ ဘယ်နည်းနဲ့မဆို မင်းဆီက မှန်တဲ့အတိုင်း ငါတို့ သိရမယ်လို့ သန္နိဋ္ဌာန် ချပြီးပြီ၊ ဒါကြောင့် မြန်မြန်ပြောရင် ဒုက္ခနည်းမှာပဲ။ ကိုင်း လုပ်ကွာ၊ လိမ် မပြောနဲ့။ ဒီပြတင်းပေါက်မှာ မင်းဘာလုပ်နေတာလဲ'

ထိုသူသည် ကြံရာမရသော မျက်နှာထားနှင့် ကျွန်တော်တို့အား လှမ်းကြည့်၍၊ အလွန်အမင်း ယုံမှားခြင်းဖြစ်၍ စိတ်ပင်ပန်းလှသော လူ တစ်ယောက်ကဲ့သို့ သူ၏ လက်ဖျားကို လိမ်ညှစ်လေ၏။

မိုး ။ ။'ကျွန်တော် ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး ခင်ဗျား၊ ပြတင်းပေါက်နား တေ့ပြီး ဖယောင်းတိုင်ကို ကိုင်ထားတာပါပဲ'

ရီ ။ ။'ဘာပြုလို့ ပြတင်းပေါက်နားတေ့ပြီး ဖယောင်းတိုင် ကိုင်ထားသလဲ'





မိုး ။ ။'ကျွန်တော့်ကို မမေးပါနှင့် ဆာဟင်နရီ၊ ဒီကိစ္စဟာ ဆရာရဲ့ကိစ္စ မဟုတ်၊ ကျွန်တော်ရဲ့ကိစ္စ ဖြစ်တဲ့အကြောင်းကို ကျွန်တော် သစ္စာဆိုပါတယ်။ ဒီပြင်တော့ ကျွန်တော် မပြောလိုပါ'

ရီ ။ ။'ဒါဖြင့် ဒီကနေ့ည ငါ့အလုပ်က မင်း ထွက်ရမယ်'

မိုး ။ ။'ကောင်းပါပြီခင်ဗျား၊ ထွက်ရမယ်ဆိုရင် ထွက်ရုံပေါ့'

ရီ ။ ။'ဒါပြင်မကသေးဘူး၊ အရှက်တကွဲ အကျိုးနည်း ထွက်ရမယ်။ ကိုယ့်ကိုယ်ကိုယ် မရှက်ဘူးလားကွယ်၊ မင့်အမျိုးအဆွေတွေဟာ ဒီအိမ်မှာ အလုပ်လုပ်ခဲ့တာ အနှစ်တစ်ရာကျော်သွားပြီ။ မင်းက အခုတော့ ငါ့အပေါ်မှာ မကောင်းတဲ့ အကြံအစည် ကြံစည်နေတာကို မိထားပြီ'

'မဟုတ်ပါဘူး ဆရာ၊ မဟုတ်ပါဘူး။ ဆရာကို မကောင်းကြံစည် ခြင်း မဟုတ်ပါဘူး' ဟု မိန်းမအသံဖြင့် ပြောသည်ကို ကြားရပြီးနောက်၊ မစ္စစ်ဘဲရီမိုးသည် လင်ယောကျ်ားထက်ပင် တုန်လှုပ်၍ သွေးမရှိသော မျက်နှာ ရှိလျက် တံခါးဝတွင် ရပ်နေသည်ကို တွေ့ရလေ၏။

မိုး ။ ။'ငါတို့ သွားရမယ် အလီဇာ။ ဒီဟာ ကိစ္စအဆုံးပဲ၊ ငါတို့ ပစ္စည်းတွေကို အထုပ်အပိုး လုပ်ပေတော့'

မိန်း ။ ။'အို ဂျွန် ဂျွန်၊ ကျွန်မကြောင့် ရှင် ဒီလို ဒုက္ခရောက်ရပြီ လား။ ကျွန်မ အပြစ်ပါ ဆာဟင်နရီ၊ အားလုံး ကျွန်မ လုပ်တာပါ၊ သူက ကျွန်မ ခိုင်းလို့ ကျွန်မအတွက် လုပ်ရှာတာပါ'

ရီ ။ ။'ဒါဖြင့် ထုတ်ပြောစမ်း၊ ဘာအဓိပ္ပာယ်တဲ့လဲ'

မိန်း ။ ။'ကျွန်မရဲ့ အစ်ကိုဟာ ကွင်းပြင်ကြီးပေါ်မှာ အစာငတ် နေပါတယ်၊ ကျွန်မတို့ အနားမှာ သူ သေတာကို ကျွန်မတို့ မကြည့်ရက်နိုင် ပါဘူး။ ဒီဖယောင်းတိုင်က သူ့အတွက် စားစရာပြင်ပြီးကြောင်း အချက်ပေး ခြင်း ဖြစ်ပါတယ်။ ဟိုက မြင်ရတဲ့ အလင်းရောင်က သူ့အတွက် စားစရာ ယူသွားရမည့် နေရာကို အချက်ပေးခြင်း ဖြစ်ပါတယ်'

မစ္စစ်ဘဲရီမိုးသည် ပြတင်းပေါက်အပြင်သို့ လက်ညှိုး ညွှန်ပြရာ၊

ကျွန်တော်တို့သည် ညွှန်ပြသော နေရာသို့ ကြည့်ကြသောအခါတွင်၊ အဝေး အရပ်၌ သေးငယ်သော အလင်းရောင်ကလေးကို တွေ့ကြရလေ၏။

ရီ ။ ။'ဒါဖြင့် မင်းအစ်ကိုဟာ'

မိန်း ။ ။'ထောင်က လွတ်ထွက်သွားတဲ့ အကျဉ်းသမား ဆဲလ်ဒင်ပါပဲရှင်'

မိုး ။ ။'ဒီဟာ အမှန်အတိုင်းပါပဲ ခင်ဗျား၊ ကျွန်တော် ပိုင်တဲ့ စကားမဟုတ်လို့ ကျွန်တော် မပြောနိုင်ဘူးလို့ ကျွန်တော် ပြောခဲ့ပါတယ်။ အခုတော့ ဆရာကြားတဲ့အတိုင်း ကျွန်တော်တို့ဟာ ဆရာ့အပေါ်၌ အကောက်ကြံစရာ ဘာမှမရှိတဲ့ အကြောင်း တွေ့ရပြီ မဟုတ်လား ဆရာ'

ဤသည်ကား ညအချိန်တွင် လျှို့ဝှက်စွာ သွားလာခြင်းများနှင့်၊ ပြတင်းပေါက်၌ အလင်းရောင် မြင်ရခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းချက် ပေတည်း။ ဆာဟင်နရီနှင့် ကျွန်တော်တို့သည် ထိုမိန်းမကို အံ့သြစွာနှင့် ငေးကြည့်နေကြပါသည်။ ဣန္ဒြေကြီး၍ လူရိုသေခြင်း ခံထိုက်ရန် ရှိသော ဤမိန်းမသည်၊ အလွန် နာမည်ကြီးလှသော လူဆိုးနှင့် သွေးတူသားတူ ဖြစ်သည်ဆိုခြင်းမှာ ဟုတ်နိုင်ပါ၏လော။

မိန်း ။ ။'ဟုတ်ပါတယ် ဆရာ၊ ကျွန်မနာမည်က ဆယ်လဒန် တဲ့၊ သူက ကျွန်မမောင်အငယ် ဖြစ်ပါတယ်။ သူ ငယ်ငယ်တုန်းက ကျွန်မတို့က အလိုလိုက်လွန်းအားကြီးပြီး နေရာတကာမှာ မြှောက်စားခဲ့လေတော့ နောက်ဆုံးတစ်နေ့မှာ သူက ကမ္ဘာလောကကြီးဟာ သူ့ပျော်မှုအတွက်ပဲ၊ သူထင်ရာ လုပ်နိုင်တယ်လို့ မှတ်ထင်လာပါတယ်။ သည့်နောက် သူကြီးပြင်း လာတော့ လူဆိုးတွေနဲ့ ပေါင်းပြီး မကောင်းစိတ်တွေ ဝင်လာတော့ ကျွန်မတို့ အမေဟာ ရင်ကျိုးပြီး တစ်အိမ်သားလုံး နာမည်ပျက်ခဲ့ရပါတယ်။ ပြစ်မှု တစ်ခုက ကြာလေဆိုးလေ ဆိုးဆိုးသွားလိုက်တာ၊ နောက်ဆုံးမှာ ဘုရားသခင်ရဲ့ ကရုဏာတော်ကြောင့် ကြိုးစင်မတက်ရဘဲ သူ ကျွန်ရစ်ခဲ့ရပါတယ်။ ဒို့ပေမဲ့ ကျွန်မစိတ်ထဲမှာတော့ ဟိုငယ်တုန်းက ဆံပင်ကောက်ကလေးနှင့် မောင်လေးအဖြစ်နဲ့ ထိန်းခဲ့ရတာတွေ၊ အတူကစားခဲ့တာတွေကိုသာ သတိရ နေပါတယ်။ ကျွန်မ အားကိုးပြီး ထောင်ထဲက သူ ထွက်ပြေးတာပါပဲ။ ကျွန်မ ဒီမှာ ရှိတာကို သူ သိလေတော့ သူ့ကို မကူညီဘဲ ပစ်မထားနိုင်ဘူးလို့ သူစိတ်ချနေပါတယ်။ တစ်ညတော့ ထောင်မှူးထောင်ကြပ်တွေက သူ့နောက်က လိုက်ပြီး မောကြီးပန်းကြီးနှင့်၊ ငတ်ငတ်မွတ်မွတ်နဲ့ ကျွန်မတို့ဆီ ရောက်လာတော့ ကျွန်မတို့ ဘယ့်နှယ် တတ်နိုင်ပါ့မလဲ၊ ကျွန်မတို့က သူ့ခေါ်သွင်းပြီး ကျွေးရ မွေးရ ဂရုစိုက်ရတာပေါ့။ ဒီနောက် ဆရာရောက်လာတော့ ကျွန်မ မောင်က တခြားနေရာမှာထက် ကွင်းပြင်ကြီးပေါ်မှာ နေပြီး ရှာကြဖွေကြ တာတွေ ပြီးစီးသွားအောင် ပုန်းနေမယ်ဆိုပြီး အဲဒီမှာ သူ ပုန်းနေပါတယ်။ ကျွန်မတို့က သူ ရှိသေးသလားလို့ သိရအောင် ပြတင်းပေါက်မှ တစ်ရက်ခြား မီးထွန်း အချက်ပေးပြီး၊ သူ့ဆီက အဖြေရတော့မှ ကျွန်မယောကျ်ားက သူ့ဆီ ကို စားစရာကလေးများ ယူသွားပါတယ်။ သူ သွားပါစေတော့လို့ ကျွန်မတို့ နေ့တိုင်း မျှော်လင့်နေတာပဲ၊ ဒို့ပေမဲ့ သူ ရှိနေသမျှတော့ ပစ်ထားလို့ မတော် ပေဘူး။ ကိုင်း ဒီဟာ မှန်တဲ့အတိုင်း အားလုံးပါပဲ ဆရာ'

ရီ ။ ။'ဒီအတိုင်း မှန်သလား ဘဲရီမိုး'

မိုး ။ ။'မှန်ပါတယ် ဆရာ၊ တစ်ခွန်းမှ မလွဲပါဘူး'

ရီ ။ ။'မင်းမယား မင်းကူညီတာကို ငါက အပြစ်မတင် နိုင်ပေဘူးပေါ့၊ ကိုင်း မင်းတို့နှစ်ယောက်စလုံး မင်းတို့အခန်းကို သွားကြ။ မနက်ကြတော့မှ ဒီအကြောင်းကို ဆက်ပြီး ပြောကြမယ်'

၎င်းတို့ ထွက်သွားကြသောအခါ ကျွန်တော်တို့သည် ပြတင်းပေါက် အပြင်သို့ တစ်ဖန် မျှော်ကြည့်ပြန်ရာ၊ မှောင်မည်းနေသော အဝေးအရပ်၌ သေးငယ်၍ အဝါရောင်ရှိသော မီးပွင့်ကလေး တစ်ပွင့် ရှိနေသေးသည်ကို တွေ့မြင်ကြရပါသည်။

ရီ ။ ။'သူ စွန့်ဝံ့တာ အံ့သြပါရဲ့'

နုပ် ။ ။'သူ့မိးကို ဒီနေရာကမှ မြင်နိုင်အောင် လုပ်ထားတာ ထင်ပါရဲ့'

ရီ ။ ။'ဟုတ်မှာပေါ့၊ ဘယ်လောက်ဝေးတယ်လို့ ခင်ဗျား ထင်သလဲ'

နုပ် ။ ။'ဘလက်တောဆိုတဲ့ ကျောက်ဆောင်နားက ထင်ပါရဲ့'

ရီ ။ ။'တစ်မိုင် နှစ်မိုင်ထက် မဝေးဘူးပေါ့'

နုပ် ။ ။'ဒီလောက် ဝေးမယ် မထင်ပါဘူး'

ရီ ။ ။'ဘဲရီမိုးက အစာပို့ရပုံထောက်တော့ သိပ်မဝေးနိုင်ပေဘူး။ ဟိုငနဲက အလင်းရောင် နံဘေးက စောင့်နေမှာပဲ၊ ကျွန်တော်တော့ ဒီကောင်ကို သွားဖမ်းမယ်ဗျာ'

ကျွန်တော်မှာလည်း ဤနည်းအတိုင်း စိတ်ကူးမိပါသည်။ ဘဲရီမိုးလင်မယားသည် ကျွန်တော်တို့အား ယုံကြည်သဖြင့် ထုတ်ဖော် ပြောပြခြင်း မဟုတ်၊ မလွှဲသာသဖြင့် ပြောရခြင်းမျှသာ ဖြစ်ပေသည်။ ဤလူသည် လူအပေါင်းတို့အား ဘေးအန္တရာယ်တစ်ခု ဖြစ်၍၊ သနားကရုဏာ ရှိသင့်ရှိထိုက်သော လူဆိုးတစ်ယောက် မဟုတ်ချေ။ ဤလူအား အန္တရာယ် မပြုနိုင်သော နေရာသို့ ကျွန်တော်တို့ ပြန်ပို့ခဲ့လျှင် ဝတ္တရားအတိုင်း ဆောင်ရွက်ခြင်းမျှသာ ဖြစ်ပေသည်။ ကျွန်တော်တို့ မဆောင်ရွက်ခဲ့လျှင် သူ၏ ရက်စက်ကြမ်းကြုတ် သော စိတ်သဘောထားအားဖြင့် လူအများတို့အား အန္တရာယ် ပြုမည် ဖြစ်လေသည်။

နုပ် ။ ။'ကျုပ်လည်း လိုက်မယ်'

ရီ ။ ။'ဒါဖြင့် ခင်ဗျား သေနတ်ကိုယူပြီး ဖိနပ်စီးခဲ့၊ ဒီကောင်က မီးငြိမ်းပြီး ထွက်သွားမှာ စိုးရိမ်ရတယ်။ မြန်မြန် ထွက်ကြမှ တော်မယ်'

ငါးမိနစ်ခန့် အတွင်းတွင် ကျွန်တော်တို့သည် အိမ်အပြင်သို့ရောက်၍ ထွက်ခွာစ ပြုကြလေရာ၊ ကျွန်တော်တို့သည် မှောင်မိုက်ထဲတွင် ခပ်သုတ်





သုတ် သွားကြ၍ ကွင်းပြင်ပေါ်သို့ ရောက်ကြသည်တွင် မိုးကလေး တဖွဲဖွဲ ကျစ ပြုလာပါသည်။ အလင်းရောင်မှာ ကျွန်တော်တို့ ရှေ့၌ ထွန်းတောက်လျက် ရှိပါသေးသည်။

ကျွန်တော်တို့သည် အလင်းရောင်အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်ကြ၍၊ အလင်းရောင်ဘေးတွင် ဝပ်လျက်ရှိသော လူတစ်ယောက်ကို ရေးရေးမျှ မြင်ကြရပါသည်။

နုပ် ။ ။'ခင်ဗျားမှာ လက်နက်ပါရဲ့လား'

ရီ ။ ။'ကျွန်တော့်မှာ ဟန်တိန်တုတ် ပါတယ်'

နုပ် ။ ။'ဒီလူက သိပ်ရမ်းတယ် ပြောတယ်၊ သွက်သွက်ကပ်ပြီး ဖမ်းမှတော်မယ်။ သူ မသိအောင် အနားကပ်ပြီး ခုခံဖို့ အချိန်မရမီဦးအောင် ဖမ်းမိမှ တော်မယ်'

ရီ ။ ။'ဒါထက် ဒီလိုလုပ်တာကို ဟုမ်း(စ်)က ဘာပြောမယ် မဆိုနိုင်ဘူး။ မကောင်းဆိုးဝါးတွေ ထကြွတဲ့ မှောင်မိုက်ချိန်ဆိုတာ ဘယ့်နှယ်လဲ'

ထိုခဏ၌ ဆာဟင်နရီ၏ အမေးစကားကို ဖြေဆိုလိုက်ဘိသကဲ့သို့၊ မှောင်မည်းလျက်ရှိသော ကွင်းပြင်ကြီးတစ်ခုထဲမှ ယခင်တစ်ကြိမ် ကျွန်တော်ကြားဖူးသည့် ထူးဆန်းသော အသံကြီးသည် ရုတ်တရက် ပေါ်ထွက်လာပါသည်။ ထိုအသံမှာ မှောင်မိုက်လှသော ညကြီးတွင် လေကိုစုန်လျက် လိုက်လာ၍၊ ရှည်လျား နက်ကျယ်သော ညည်းတွားသံ အဖြစ်မှ တိုး၍ကျယ်သော အူသံအဖြစ်သို့ တက်သွားပြီးလျှင်၊ နောက်ဆုံးတွင် ဝမ်းနည်းသော ညည်းတွားခြင်းမျိုးဖြင့် အဆုံးသတ်သွားပါသည်။ ထိုအသံသည် တစ်ကြိမ်ပြီး တစ်ကြိမ် ဖြစ်ပေါ်လာ၍၊ ပတ်ဝန်းကျင် တစ်ခုလုံးသည် ကြောက်မက်ဖွယ်ရာ သွက်သွက်ခါမျှ ကွဲအက် တုန်လှုပ် သွားဘိသကဲ့သို့ ရှိပါတော့သည်။ ဆာဟင်နရီသည် ကျွန်တော်၏ အင်္ကျီလက်ကို ကိုင်ဆွဲ၍၊ သူ၏ မျက်နှာမှာ မှောင်မိုက်ထဲတွင် ဖွေးခနဲဖြစ်၍ သွားလေသည်။

ရီ ။ ။'အလို ဘုရားရေ၊ ဒါ ဘာသံလဲ ဝက်ဆင်'

နပ် ။ ။'မပြောတတ်ဘူး၊ ဒီကွင်းပြင်ကြီးမှာ ဒီအသံမျိုး ကြားရတယ်လို့ ပြောကြတယ်၊ ကျုပ်လည်း တစ်ခါကြားဖူးတယ်'

ထိုအသံသည် တဖြည်းဖြည်း ရပ်စဲသွား၍ ပတ်ဝန်းကျင် အရပ်တစ်ခုလုံး အလုံးစုံ တိတ်ဆိတ်လျက်ရှိရာ၊ ကျွန်တော်တို့သည် နားစွင့်လျက် ထောင်ကြပါသော်လည်း ဘာသံမျှ မပေါ်လာတော့ချေ။

ရီ ။ ။'ဒီအသံဟာ အမဲလိုက်ခွေးမျိုးရဲ့ အသံပဲ ဝက်ဆင်'

ဆာဟင်နရီ၏ အသံမှာ ရုတ်တရက် ပြင်းထန်စွာ ထိတ်လန့်တုန်လှုပ်သည့် အခြင်းအရာကို ဖော်ပြသည် ဖြစ်သောကြောင့်၊ ကျွန်တော်မှာ ကျောရိုးထဲမှ တစ်ကိုယ်လုံး စိမ့်တက်သွားပါသည်။

ကျွန်တော်သည် ဆာဟင်နရီ၏ လက်မောင်းကို ကိုင်လျက် အာရုံဖျောက်ရန် ကြိုးစား၍၊ ကျွန်တော်တို့ရှေ့တွင် ထွန်းတောက်လျက် ရှိသေးသော အကျဉ်းသမား၏ မီးရောင်ကလေးဘက်သို့ လျှောက်သွားကြပါသည်။

သို့ရာတွင် ထိုခဏ၌ ထိုထူးဆန်းသော အသံကို ကြားရသည့်အတွက်ကြောင့် ပြင်းစွာ ထိတ်လန့်တုန်လှုပ်သည်ဖြစ်၍၊ အကျဉ်းသမားသည် သံကုန်ဟစ်၍ ထခုန်ပြီးလျှင် ထွက်ပြေးရန် ပြင်ဆင်လိုက်၏။ ထိုခဏ၌ပင် ကံအားလျော်စွာ လမင်းသည် တိမ်ပုပ်များအကြားမှ ပြူထွက်လာ၍ အလင်းရောင် ဖြစ်ပေါ်လာပါသည်။ ကျွန်တော်တို့သည် တောင်ပူစာ၏ ထိပ်သို့ တက်ပြေးကြလေရာ၊ ထိုသူသည်လည်း တောင်၏ အခြားဘက်တွင် တောဆိတ်တစ်ကောင်ကဲ့သို့ ပေါ့ပါးလျင်မြန်စွာ ကျောက်တုံးများပေါ်တွင် ခုန်ပေါက်လျက် ပြေးဆင်းသွားလေ၏ ။

ကျွန်တော်တို့ နှစ်ယောက်လုံးမှာ ကျန်းမာ၍ အတော်အပြေးသန်သော လူများ ဖြစ်ကြလေရာ၊ မောဟိုက်သည့်တိုင်အောင် ဆက်လက်၍ လိုက်ကြသော်လည်း၊ နီးသည်ထက် မနီးဘဲ ဝေးသည်ထက် ဝေးကွာသွားကြလေသည်။





နောက်ဆုံး၌ ကျွန်ုပ်တို့သည် ရပ်တန့်ကြလေရာ၊ ဤအခါတွင် အလွန် ထူးဆန်း၍ မမျှော်လင့်သော အခြင်းအရာတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ လက်လျှော့ပြီးနောက် ကျွန်ုပ်တို့သည် အိမ်ဘက်သို့ လှည့်ပြန်လာကြစဉ်၊ လမင်း၏ အောက်စွန်းသည် လက်ယာဘက်၌ရှိသော ကျောက်ဆောင်တစ်ခု အစွန်းပေါ်တွင် ထောက်လျက် ရှိပါသည်။ တောက်ပြောင်လျက်ရှိသော နောက်ခံပေါ်တွင် တည်နက်သားဖြင့် ထုထားသော အရုပ်ကဲ့သို့ ရှိနေသည့် လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို ကျောက်တုံးထိပ်တွင် မြင်ရပါသည်။ ထိုအခြင်းအရာမှာ မျက်စိလှည့်စားခြင်း ဖြစ်သည်ဟု မထင်ပါလေနှင့်။ ကျွန်တော်သည် တစ်သက်လုံးအဖို့တွင် ဤမျှလောက် ထင်ရှားသော အရာဝတ္ထုတစ်ခုကို မတွေ့မြင်ဖူးကြောင်း အမှန်ပြောဝံ့ပါသည်။ ကျွန်တော် ခန့်မှန်းနိုင်သလောက်မှာ ထိုအရာသည် ပိန်ပိန်ရှည်ရှည်ရှိသော လူတစ်ယောက်၏ ပုံသဏ္ဌာန် ဖြစ်ပါသည်။ သူသည် ခြေထောက်များကို အနည်းငယ်ခွဲလျက် ဦးခေါင်းကို လျှိုပြီးလျှင် လက်ပိုက်၍နေသဖြင့်၊ သူ့ရှေ့၌ရှိသော သစ်ရွက်မြေဆွေးနှင့် ကျောက်ဆောင်များကို ကြည့်ရင်း စဉ်းစားစိတ်ကူးနေသကဲ့သို့ ရှိနေပါသည်။ ထိုသူမှာ ဤ ကြောက်မက်ဖွယ်ကောင်းသော နေရာကို စောင့်ရှောက်သည့် နတ်ဆိုးဖြစ်မည် ဆိုလျှင်လည်း ဖြစ်နိုင်ပါသည်။ ထိုသူမှာ အကျဉ်းသမား မဟုတ်ပါ။ ဤလူသည် အကျဉ်းသမား ပျောက်ကွယ်သွားသော နေရာနှင့် အတော်ကွာလှမ်းပါသည်။ ထို့ပြင် သူသည် အရပ်လည်း ပို၍ မြင့်ပါသည်။ ကျွန်တော်မှာ အံ့သြကာ အသံများ ထွက်လျက်၊ ဆာဟင်နရီအား ထိုသူကို ညွှန်ပြပါသည်။ သို့ရာတွင် ဆာဟင်နရီ၏ လက်မောင်းကို ကိုင်ဆွဲရန် ကျွန်တော် လှည့်လိုက်စဉ်အတွင်း ထိုသူသည် ပျောက်သွားပါသည်။ ကျောက်ဆောင်၏ ထက်မြက်သော ထိပ်စွန်းသည် လမင်း၏ အောက်စွန်းကို ထိတွေ့လျက်ပင် ရှိသေးသော်လည်း၊ ကျောက်ဆောင်ပေါ်တွင် မလှုပ်မရှား ဆိတ်ငြိမ်စွာ ရပ်နေသော ထိုလူ၏ ပုံသဏ္ဌာန်မှာကား မရှိတော့ပါ။

ကျွန်တော်သည် ၎င်းဘက်သို့လိုက်၍ ကျောက်ဆောင်ကို ရှာလိုသော်လည်း ခရီးအတန်ငယ် ကွာလှမ်းပါသည်။ ဆာဟင်နရီမှာလည်း ထိုအသံကြောင့် ဆတ်ဆတ်တုန်လျက် ရှိသေးရာ၊ သူ့အနွယ်အဆက်များ၏ စိတ်ညစ်ဖွယ်သော အတ္ထုပ္ပတ္တိကို သတိရမည်ဖြစ်၍၊ ထပ်မံစွန့်စားရန်အတွက် စိတ်ပါတော့ဟန် မရှိတော့ပါ။

ဤသည်ကား ယမန်ညက ဖြစ်ပျက်ခဲ့သော အခြင်းအရာများ ဖြစ်ပေရာ၊ ကျွန်တော်သည် ခင်ဗျားထံ အဖြစ်အပျက်ကို အစီရင်ခံရာ၌ အတော်ကောင်းမွန်သည်ဟု ခင်ဗျား ဝန်ခံထိုက်ပါသည်။ ကျွန်တော် ဖော်ပြခဲ့သော အကြောင်းအရာတို့အနက် အများတို့မှာ မဆီမဆိုင် ရှိသော်လည်း၊ ဖြစ်ပျက်သမျှ အကြောင်းအရာ အလုံးစုံကို ခင်ဗျားထံ ရေးသားဖော်ပြ၍၊ စဉ်းစားဆင်ခြင်ရာ၌ အထောက်အပံ့ ဖြစ်စေမည့် အချက်များကို ခင်ဗျားဘာသာ အလျောက် ရွေးချယ်စေခြင်းသည် အကောင်းဆုံးနည်းလမ်း ဖြစ်သည်ဟု ကျွန်တော် ယူဆမိပါသည်။

အခန်း ၁၀

# ဒေါက်တာဝက်ဆင်၏ ဒိုင်ယာရီမှ ကောက်နုတ်ချက်

ဤအတ္ထုပ္ပတ္တိကို ရေးသား ဖော်ပြရာတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ မှတ်ဉာဏ်နှင့်၊ ထိုစဉ်အခါက ၊ ေးထားခဲ့သော ဒိုင်ယာရီ မှတ်တမ်းတို့ကို အားကိုး၍ ရေးသားရမည့် နေရာသို့ ရောက်ခဲ့ပေပြီ။ ဒိုင်ယာရီမှတ်တမ်းမှ ကောက်နုတ်ချက် အနည်းငယ်ကို ဖော်ပြခြင်းအားဖြင့်၊ ကျွန်ုပ်၏ စိတ်ထဲတွင် မမေ့မပျောက်နိုင်အောင် စုံလင်စွာ စွဲထင်လျက်ရှိသော အခြင်းအရာများသို့ ရောက်လာပေလိမ့်မည်။ သို့ဖြစ်၍ အကျဉ်းသမားကို အချည်းအနှီး လိုက်ခဲ့၍၊ ကွင်းပြင်ကြီးပေါ်တွင် ထူးဆန်းသော အခြင်းအရာများ ကြုံတွေ့ခဲ့ရပြီးသည့် နောက်တစ်နေ့မနက် အချိန်မှစ၍ ဖော်ပြရပေတော့မည်။

## အောက်တိုဘာလ ၁၆ ရက်

ထိုင်းမှိုင်း၍ မြူနှင်းများသော ဤနေ့တွင် မိုးကလေး တဖွဲဖွဲရွာလျက် ရှိသည်။ အိမ်အတွင်းရော အပြင်ပါ နှလုံးမသာယာဖွယ်ရှိသည့် ဆာဟင်နရီမှာ၊ ယမန်ညဦးက တုန်လှုပ်ဖွယ် အခြင်းအရာများ ကြုံတွေ့ရပြီးနောက် ထိုင်းမှိုင်းလျက် ရှိသည်။ ကျွန်ုပ်မှာ စိတ်ထဲ၌ လေး၍ ဘေးအန္တရာယ် တစ်စုံတစ်ခု တွေ့ကြုံလုဆဲဆဲ ရှိသည်ဟု စိတ်ထဲ၌ ထင်မိသည်။ မည်သို့သော ဘေးအန္တရာယ်မျိုး ဖြစ်သည်ဟု သေချာစွာ မပြောနိုင်သည့်အတွက်၊ သာ၍ ကြောက်မက်ဖွယ် ကောင်းသည်။

ကျွန်ုပ်၏ စိတ်ထဲ၌ ထိုကဲ့သို့ ဖြစ်စေရန် အကြောင်းရှိသည် မဟုတ်ပါလော။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် မကောင်းသော တန်ခိုးသတ္တိ တစ်စုံတစ်ခုသည် တိုက်တွန်းနှိုးဆော်လျက် ရှိသည်ဟု၊ ယူဆလောက်သည့် အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေသည်ကို ဆင်ခြင်ပါလော့။ အိမ်သူအိမ်သားတို့နှင့် ပတ်သက်သော ဒဏ္ဍာရီတွင် ပါရှိသည့် အချက်များနှင့် အလုံးစုံ ကိုက်ညီလျက်ရှိသည့် အိမ်ကြီး၏ နောက်ဆုံးပိုင်ရှင် သေဆုံးခြင်းသည် လည်းကောင်း၊ ကွင်းပြင်ကြီးပေါ်၌ ထူးဆန်းသော သတ္တဝါကြီးတစ်ကောင် ပေါ်လာသည်ဟု တောသူတောင်သားများ အထပ်ထပ် ပြောသော စကားများသည် လည်းကောင်း ရှိကြသည့်ပြင်၊ အမဲလိုက်ခွေးကြီးတစ်ကောင်၏ အဝေးမှ ဟိန်းသံနှင့်တူသော အသံကို ကျွန်ုပ်၏နားနှင့် နှစ်ကြိမ်တိုင်တိုင် ဆတ်ဆတ်ကြားရဖူးလေပြီ။ ၎င်းခွေးကြီးအပြင် လန်ဒန်မြို့၌ ရှိသော လူသည်လည်းကောင်း၊ မြင်းရထားထဲ၌ ရှိသော လူသည် လည်းကောင်း၊ ကွင်းပြင်ကြီးအကြောင်းနှင့် ပတ်သက်၍ ဆာဟင်နရီအား သတိပေးသော စာသည် လည်းကောင်း ရှိပေသေးသည်။ ယုတ်စွအဆုံးအားဖြင့် နောက်ဆုံး ဖော်ပြသော အဖြစ်အပျက်မှာ တကယ့် အဖြစ်အပျက် ဖြစ်ပေသည်။ သို့ရာတွင် ၎င်းစာမှာ ရန်သူတစ်ဦး၏ စာဖြစ်နိုင်သည့် နည်းတူ၊ ကာကွယ် စောင့်ရှောက်လိုသော မိတ်ဆွေတစ်ဦး၏ စာလည်း ဖြစ်နိုင်ပေသည်။ ထိုရန်သူ သို့မဟုတ် မိတ်ဆွေသည် ယခုအခါ၌ ဘယ်မှာ ရှိနေသနည်း။ ထိုသူသည် လန်ဒန်၌ နေရစ်သလား၊ သို့တည်းမဟုတ် ကျွန်ုပ်တို့ရှိရာ ဤအရပ်သို့ လိုက်လာသလော၊ ထိုသူသည် ကျောက်ဆောင်ပေါ်၌ ကျွန်ုပ် တွေ့မြင်လိုက်ရသောလူပင် ဖြစ်လေသလော။

ကျွန်တော်သည် ထိုလူကို တစ်ချက်တည်းမျှသာ မြင်လိုက်ရသည်ကား မှန်ပေသည်။ သို့ရာတွင် ကျွန်ုပ် ကျမ်းကိုင်၍ ပြောဝံ့သော အချို့အချက်များ ရှိပေသည်။ ကျွန်ုပ်သည် ဤအရပ်၌ရှိသော အိမ်နီးချင်းအားလုံးတို့ကို တွေ့ရှုပြီး ဖြစ်ရာ၊ ထိုလူမှာ ဤအရပ်တွင် ကျွန်ုပ် တွေ့ဖူးသော





လူတစ်ယောက် မဟုတ်ချေ။ ထိုလူ၏ ပုံသဏ္ဌာန်မှာ စတောပလ်တန်ထက် မြင့်၍၊ ဖရန်ကလင်ထက်လည်း ပိန်လေသည်။ ထိုညဥ့်က ဘဲရီမိုးသည် ကျွန်ုပ်တို့နောက်တွင် ကျန်ရစ်ခဲ့သည်ဖြစ်၍၊ ကျွန်ုပ်တို့နောက်သို့ မလိုက်ခဲ့သည့် အဖြစ်ကို ကျွန်ုပ် အမှန်ပြောနိုင်သည်။ သို့ဖြစ်လျှင် သူတစ်စိမ်းတစ်ယောက်သည် လန်ဒန်မြို့တွင် ကျွန်ုပ်တို့နောက်မှ လိုက်ခဲ့ဖူးသည့်နည်းတူ၊ ယခုလည်း ကျွန်ုပ်တို့နောက်မှ သူတစိမ်းတစ်ယောက် လိုက်လျက်ပင် ရှိလေသည်။ ကျွန်ုပ်သည် ထိုလူကို လက်ဆုပ်လက်ကိုင် တွေ့နိုင်ခဲ့လျှင်၊ ကျွန်ုပ်တို့သည် အခက်အခဲများ အားလုံး၏ အဆုံးသို့ ရောက်ခဲ့ပေပြီ။ ဤတစ်ခုတည်းသော ကိစ္စအတွက် ကျွန်ုပ်တို့သည် ရှိသမျှသော အစွမ်းကို အသုံးပြုရပေမည်။

ပထမ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ အကြံအစည် အားလုံးကို ဆာဟင်နရီအား ပြောပြမည် ကြံ၏။ ဒုတိယနည်းလမ်းဖြစ်သည့် အကောင်းဆုံးနည်းလမ်းမှာ မည်သူ့အားမျှ တစ်စုံတစ်ရာ မပြောဘဲ ကျွန်ုပ်ဘာသာ အလျောက် အလုပ်လုပ်ရန် ဖြစ်သည်။

ယနေ့မနက် နံနက်စာ စားပြီးသည့်နောက် အဖြစ်အပျက် တစ်ခုကြုံတွေ့ရသည်။ ဘဲရီမိုးသည် ဆာဟင်နရီနှင့် စကားပြောရန် အခွင့်တောင်း၍၊ ၎င်း၏ စာကြည့်ခန်းထဲတွင် အချိန်အတန်ကြာ တိုင်ပင်ကြသည်။ အတန်ကြာလျှင် ဆာဟင်နရီသည် တံခါးကိုဖွင့်၍ ကျွန်ုပ်ကို ခေါ်သည်။

ရီ ။ ။'ဘဲရီမိုးက နစ်နာတဲ့ အချက်တစ်ခု ရှိတယ်လို့ ထင်နေတယ်။ သူ့သဘောအလျောက် ကျွန်တော်တို့အား ဖွင့်ပြောပြီးတဲ့နောက်၊ သူ့ယောက်ဖကို ကျွန်တော်တို့ လိုက်ဖမ်းခြင်းဟာ မတရားဘူးလို့ သူက ထင်နေတယ်'

ဘဲရီမိုးသည် ဖျော့တော့သော မျက်နှာ ရှိသော်လည်း ကျွန်ုပ်တို့ရှေ့တွင် အေးအေးဆေးဆေး ရပ်လျက်ရှိသည်။

ကျွန်ုပ် ။ ။'မင်းက မင်းအလိုအလျောက် ဖော်ပြောခဲ့လို့ ရှိလျှင်

ငါတို့ ဒီလို မလုပ်ဘူးပေါ့၊ အခုတော့ မပြောဘဲ နေမဖြစ်တဲ့အတွက် မင်း မိန်းမက ဖွင့်ပြောတာပဲ'

မိုး ။ ။'ကျွန်တော်တို့ဆီက ရတဲ့သတင်းကို အသုံးချပြီး ဒီလို လုပ်ကြလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး'

နုပ် ။ ။'မင်းလူက လူအများကို ဘေးအန္တရာယ် ပြုမယ့်လူ ဖြစ်တယ်။ ကွင်းပြင်ကြီးပေါ်မှာ တဲကလေးတွေ အနှံ့အပြား ရှိနေရတဲ့ အထဲမှာ မင်းလူက ဘာမှ ချမ်းသာပေးမယ့်လူ မဟုတ်ဘူး။ သူ့ကို အချုပ်ခန်း ထဲ မပို့မချင်း ဘယ်သူမှ ဘေးရန် မကင်းဘူး'

မိုး ။ ။'ဘယ်သူ့အိမ်ကိုမှ သူ ဖောက်ပြီး မဝင်ပါဘူး ခင်ဗျာ၊ ကျွန်တော် ကျမ်းကိုင်ပြီး ပြောဝံ့ပါတယ်။ ဒီပြင်က ဘယ်သူကိုမှ သူက ဒုက္ခ မပေးတော့ပါဘူး။ ရက်အနည်းငယ် အတွင်းမှာ သူ့ကို တောင်အမေရိက တိုက်သို့ ပို့ဖို့ စီမံပြီးပါပြီ။ ကွင်းပြင်ကြီးမှာ သူ ရှိတဲ့အကြောင်းကို ပုလိပ်အား မပြောပါနှင့်ခင်ဗျား၊ ကျွန်တော် တောင်းပန်ပါတယ်။ ပုလိပ်က လက်လျှော့ ပြီး ဖြစ်လို့ သူ့အတွက် သဘောအဆင်သင့် ရှိသည်တိုင်အောင် သူ ပုန်းပြီး နေနိုင်ပါတယ်'

ရှီ ။ ။'ခင်ဗျား ဘာပြောမလဲ ဝက်ဆင်'

နုပ် ။ ။'တိုင်းပြည်အပြင်ဘက်ကို သူ ရောက်သွားလို့ ရှိနေ ရင်လည်း အခွန်ထမ်းသမားတွေအတွက် ဝန်ထုပ်တစ်ခု ကျသွားတာပါပဲ'

ရှီ ။ ။'သူမသွားခင် တစ်ယောက်ယောက်ကို ဖမ်းတိုက်ရင် ဘယ့်နှယ်လုပ်မလဲ'

မိုး ။ ။'ဒီလောက်တောင် သူ မရူးပါဘူး ခင်ဗျား၊ အပြစ် တစ်ခုခုပြုရင် သူ ပုန်းနေတဲ့ နေရာကို လူသိသွားမှာပေါ့'

ရှီ ။ ။'ဒါလည်း မှန်ပါတယ်၊ ကောင်းပြီ ဘဲရီမိုး'

မိုး ။ ။'ကျေးဇူးကြီးလှပါတယ် ခင်ဗျား၊ သူ့ကို ဒီတစ်ခါ ဖမ်းလို့ရှိရင် ကျွန်တော့်မိန်းမတော့ သေတော့မှာပဲ'





ရှီ ။ ။'ကျွန်တော်တို့တော့ လူမိုက်ကို အားပေးကူညီပြုရာ ရောက်နေတာပဲ ဝက်ဆင်၊ သို့ပေမဲ့ သူတို့ ပြောစကားကို ကြားရပြီးတဲ့နောက် သူ့ကို ဖမ်းပို့ရမှာ ခပ်ခက်ခက်ပဲ။ ကိုင်း ဒီကိစ္စ ဒီတင် လက်စသတ်ကြစို့၊ ကောင်းပြီ ဘဲရီမိုး၊ မင်း သွားပေတော့'

ဘဲရီမိုးသည် ကျေးဇူးတင်စကားများကို ပြတ်တောင်းပြတ်တောင်း ပြောလျက် လှည့်ထွက်သွားပြီးနောက် တစ်ဖန် ဆိုင်း၍ ပြန်လှည့်လာခဲ့သည်။

မိုး ။ ။ 'ကျွန်တော့်ကို ဆရာက ကြင်နာတဲ့အတွက် ကျွန်တော်က တတ်နိုင်သမျှ ကျေးဇူးတုံ့ပြန်လိုပါတယ်။ ကျွန်တော် တစ်စုံ တစ်ခုကို သိထားလို့ ဒီအရင်ထဲက ပြောပါတယ်။ သို့သော်လည်း လူသတ်မှု စစ်ပြီး အကြာကြီးနေမှ ကျွန်တော် သိရပါတယ်၊ ယခုအထိ ဘယ်သူ့ကိုမျှ ကျွန်တော် တစ်ခွန်းမျှ မပြောဖူးပါဘူး။ အကြောင်းအရာကတော့ ကွယ်လွန် သူ ဆာချာလ်စ်၏ အကြောင်းပါပဲ'

ကျွန်တော်နှင့် ဆာဟင်နရီတို့သည် တစ်ပြိုင်နက် ထကြ၍ 'ဘာ အကြောင်းလဲ' ဟု အော်လိုက်ကြသည်။

မိုး ။ ။'ဟိုအချိန်မှာ ဆာချာလ်စ်ဟာ ဝင်းပေါက်က ဘာ ကြောင့် စောင့်နေတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ မိန်းမတစ်ယောက် ကို စောင့်တာပါ'

ရှီ ။ ။'မိန်းမရဲ့ နာမည်ကတော့'

မိုး ။ ။'နာမည်ကိုတော့ ကျွန်တော် မပြောနိုင်ပါ၊ အတို ကောက်ကိုတော့ ကျွန်တော် သိပါတယ်၊ **အယ်လ်–အယ်လ်** ပါတဲ့'

ရှီ ။ ။'မင်း ဘယ့်နှယ်သိသလဲ ဘဲရီမိုး'

မိုး ။ ။'ဆရာ့ဘကြီးဟာ အဲဒီမနက်က စာတစ်စောင်တည်း ရလို့ ကျွန်တော် သတိပြုမိပါတယ်။ အဲဒီစာက ကုန်းထရေစီဆီက လာပါ တယ်၊ မိန်းမလက်ရေးနှင့် လိပ်တပ်ထားပါတယ်'

ရှီ ။ ။'ပြီးတော့ကော...'

မိုး ။ ။'ဒီအကြောင်းကို ကျွန်တော် မစဉ်းစားဘဲ နေခဲ့တာ ကျွန်တော့်မိန်းမကြောင့်သာ သတိရမိပါတယ်။ ရက်သတ္တပတ် အနည်းငယ် လောက်က ကျွန်တော့်မိန်းမဟာ ဆာဟင်နရီရဲ့ စာကြည့်ခန်းကို ရှင်းလင်း ရာမှာ ဆောင်းမီးဖိုထဲက မီးရှို့ထားတဲ့ စာတစ်စောင်ရဲ့ ပြာတွေကို တွေ့ရ ပါတယ်။ စာရွက်တစ်ခုလုံး လောင်ကျွမ်းသွားသော်လည်း စာရွက်အစွန်း ကလေး တစ်ခု ကျန်နေရစ်လေတော့ လက်ရေးကို ဖတ်လို့ ရပါတယ်။ ၎င်းစာရွက်စွန်းမှာပါတဲ့ စာလုံးများကတော့ **"ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်ဖြစ်သည့် အားလျော်ညီစွာ ဤစာကို မီးရှို့လိုက်ပါ၊ ဆယ်နာရီ အချိန် ဝင်းတံခါးမှာ စောင့်ပါ။ အယ်လ် အယ်လ်" '**

ရီ ။ ။'အဲဒီစာရွက် ရှိသေးသလား'

မိုး ။ ။'မရှိဘူးခင်ဗျ၊ ကျွန်တော်တို့ ယူလိုက်တော့ ကြွေကျ သွားတယ်'

ရီ ။ ။'ဆာချာလ်စ်ဟာ ဒီလက်ရေးနှင့် ဒီပြင်စာများ ရဖူး သေးသလား'

မိုး ။ ။'သူ့စာတွေကို ကျွန်တော် ဂရုမစိုက်မိဘူး၊ ဒီစာကို လည်း တစ်စောင်တည်း ရောက်လာလို့ ဂရုစိုက်မိပါတယ်'

ရီ ။ ။'**အယ်လ် –အယ်လ်**ဆိုတာ ဘယ်သူလဲလို့ မင်း တွေးမိ သလား'

မိုး ။ ။'မတွေးမိဘူး ခင်ဗျာ၊ သို့သော်လည်း ဒီမိန်းမကို တွေ့ရရင် ဆာချာလ်စ်သေဆုံးတဲ့ အဖြစ်အပျက်ကို ယခုထက် ပိုပြီး သိရ လိမ့်မည်လို့ ထင်ပါတယ်'

ရီ ။ ။'ဒီလောက် အရေးကြီးတဲ့ အကြောင်းအရာကို ဘယ့် နယ်ကြောင့် မပြောဘဲထားတယ် ဆိုတာကို ငါ နားမလည်ဘူး'

မိုး ။ ။'ဒီလိုပါခင်ဗျာ၊ ဒီလို ဖြစ်ပျက်ပြီး မကြာမီအတွင်း ကျွန်တော်တို့မှာလည်း ဒုက္ခတွေ့ရပါတယ်။ ယခုတော့ ကျွန်တော့်အပေါ်မှာ





စေရာက ကြင်နာလေတော့ ကျွန်တော် သိသမျှ အကြောင်းအရာကို မပြောဘဲ ထားရင် ကျေးဇူးကန်းရာကျမယ် ထင်လို့ ကျွန်တော် ပြောရပါတယ်'

ရီ ။ ။'ကောင်းပြီ ဘဲရီမိုး၊ သွားပေတော့'

ဘတ္တလာ ထွက်သွားပြီးသည့်နောက် ဆာဟင်နရီသည် ကျွန်ုပ် ဘက်သို့ လှည့်၍ 'ဘယ့်နှယ်လဲ ဝက်ဆင်၊ ယခု ကြားရတဲ့ သတင်းသစ်ကို ခင်ဗျား ဘယ့်နှယ်ထင်သလဲ'

နုပ် ။ ။'ရှုပ်နေတဲ့ အဖြစ်အပျက်ကို သာပြီးရှုပ်အောင် လုပ် သလို ဖြစ်သွားတာပဲ'

ရီ ။ ။'ကျွန်တော်လည်း ဒီလို ထင်တာပဲ၊ သို့သော် **အယ်လ် အယ်လ်**ကို တွေ့အောင် ရှာနိုင်ရင် ဒီကိစ္စ ရှင်းသွားမှာပဲ၊ ကျွန်တော်တို့ ဒီလောက်အထိ သိရပြီ။ ကျွန်တော်တို့ တွေ့အောင် ရှာနိုင်ရင် အလုံးစုံ ရှင်းပြနိုင်တဲ့ သူတစ်ယောက် ရှိတယ်ဆိုတာ ကျွန်တော်တို့ သိရတယ်။ ကျွန်တော်တို့ ဘယ်လို လုပ်သင့်တယ် ထင်သလဲ၊ ဒီအကြောင်းကို ဟုမ်း(စ်) ထံ ချက်ချင်း သတင်းပို့။ ဒီလိုဆိုရင် သူ ရှာနေတဲ့ သဲလွန်စ ရသွားမှာပဲ၊ ဒီအကြောင်းကြားရရင် သူ ကိုယ်တိုင် လိုက်လာလိမ့်မည် ထင်တာပဲ'

ကျွန်ုပ်သည် ကျွန်ုပ်၏ အခန်းသို့ ချက်ချင်းသွား၍ ထိုနေ့နံနက် ပြောသော စကားများကို ဟုမ်း(စ်)အတွက် အစီရင်ခံစာ ရေးသားသည်။ ဟုမ်း(စ်)ထံမှ ရရှိသည့် အနည်းငယ်မျှသော စာများမှာ တိုလှသည် ဖြစ်သော ကြောင့်၊ ယခုတလောတွင် ဟုမ်း(စ်)မှာ အလုပ်များနေကြောင်း ထင်ရှား သည်။ သို့ရာတွင် ဤအကြောင်းအရာ အသစ်မှာ ဟုမ်း(စ်)အား ထပ်မံ၍ စိတ်ဝင်စားစေရန် ဖြစ်စေနိုင်လိမ့်မည်၊ ဟုမ်း(စ်) ရောက်လာစေချင်သည်။

## အောက်တိုဘာလ ၂၇ ရက်

ယနေ့ တစ်နေ့လုံး မိုးသည်းထန်စွာ ရွာသွန်း၍ ပင်နွယ်များကို လှုပ်ရှားစေ၍ တံစက်မြိတ်မှ ရေများ ကျသည်။ ကျွန်ုပ်သည် လေ တဟောဟောနှင့် အေးမြ ၍ အကွယ်အကာ မရှိသော ကွင်းပြင်ကြီးအပေါ်တွင် အကျဉ်းသမားကို

သတိရမိသည်။ သနားဖွယ် ကောင်းလေစွ။ မည်သို့သော ပြစ်မှုများကို ကျူးလွန်ခဲ့သည် ဖြစ်စေ၊ သူသည် ၎င်းတို့အတွက် အပြစ်ဒဏ် ခံခဲ့ရလေပြီ။ ထို့နောက် ကျွန်ုပ်သည် မြင်းရထားထဲက မျက်နှာနှင့် လမင်းရှေ့တွင်ရှိသော လူပုံသဏ္ဌာန်ကို သတိရမိသည်။ လူမြင်မခံသော အစောင့်သမားသည်လည်း မိုးကြီးထဲတွင် ရှိနေသလော။ ညနေခင်းတွင် ကျွန်ုပ်သည် မိုးကာအင်္ကျီကို ဝတ်၍ ရွှံ့ညွန်ထူသော ကွင်းပြင်ကြီးပေါ်တွင် ခပ်ဝေးဝေး လမ်းလျှောက် ထွက်ခဲ့ရာ၊ မျက်နှာတွင် မိုးပေါက်များ ရိုက်မှန်၍ လေပြင်းသည်လည်း နားထဲတွင် တဝီဝီ တိုက်ခတ်လျက်ရှိစဉ်၊ မသာယာသော စိတ်ကူးများ ဖြစ်ပေါ်လာသည်။ မြေမာသော ကုန်းအရပ်များတွင် ရွှံ့ဗွက် ထူလျက် ရှိသဖြင့် နွံဗွက်ကြီးဆီသို့ မတော်တဆ ရောက်သွားသော သူတို့မှာ ဒုက္ခကြီး တွေ့ရပေမည်။ ကျွန်ုပ်သည် တစ်ယောက်တည်း စောင့်နေသော ထိုသူ ရပ်နေသည့် ကျောက်ဆောင်ပေါ်သို့ တက်၍ ထိပ်မှ ကွင်းပြင်ကြီး တစ်လျှောက် မျှော်ကြည့်မိသည်။ လွန်ခဲ့သော နှစ်ညက တစ်ယောက်တည်း တွေ့လိုက်ရသော ထိုလူကို အစအနမျှ မမြင်ရချေ။

ကျွန်ုပ် လမ်းလျှောက် ပြန်လာစဉ် ဒေါက်တာမော်တီမာသည် ဒေါက်ကတ်နှင့် ကျွန်ုပ်ကို မီလာသည်။ ကျွန်ုပ်အား ဒေါက်ကတ်ပေါ်သို့ တက်ရန် တိုက်တွန်းသည်။ ကြမ်းတမ်းသော လမ်းတစ်လျှောက် မောင်းနှင် လာကြစဉ် ကျွန်ုပ်က 'ဒေါက်ကတ်နှင့် မောင်းလို့ ရောက်နိုင်သမျှ အရပ်တွေမှာ ခင်ဗျား မသိတဲ့လူ ခပ်ရှားရှားပဲ မဟုတ်လား'

မာ ။ ။'ဟုတ်ကဲ့၊ ခပ်ရှားရှားပဲ ဆိုပါတော့'

နုပ် ။ ။'ဒါဖြင့် အတိုကောက် နာမည် **အယ်လ်အယ်လ်** မိန်းမကို ခင်ဗျား သိလား'

မာ ။ ။(မိနစ်အနည်းငယ် စဉ်းစားပြီးနောက်) 'ဟုတ်ကဲ့ လောရာလိုင်းရင်းဆိုတဲ့ မိန်းမတစ်ယောက် ရှိတယ်၊ အတိုကောက်ဆိုရင် **အယ်လ်အယ်လ်**ပဲ။ ကုန်းထရေစီမှာ သူ နေတယ်'





နုပ် ။ ။'သူ ဘယ်သူလဲ'

မာ ။ ။'ဖရန်ကလင်ရဲ့ သမီးပဲ'

နုပ် ။ ။'ဘယ့်နှယ်၊ လူဆန်းကြီး ဖရန်ကလင်လား'

မာ ။ ။'အစစ်ပေါ့၊ ပန်းချီကား ရေးရအောင်လာတဲ့ လိုင်းရင်းဆိုတဲ့ လူနဲ့ အိမ်ထောင်ကျတယ်၊ လူယုတ်မာတစ်ယောက် ဖြစ်တော့ သူ ပစ်သွားတယ်။ သူ့အဖေကြီးက သူ သဘောမတူဘဲ လင်ယူတဲ့အတွက် လုံးလုံး စွန့်ပစ်ထားတယ်'

နုပ် ။ ။'သူ ဘယ့်နှယ်လုပ် နေသလဲ'

မာ ။ ။'ဖရန်ကလင်က မဖြစ်စလောက် ထောက်ပံ့တယ် ထင်ပါရဲ့၊ သူ့မှာလည်း အကြွေးထူလေတော့ များများ မတတ်နိုင်ပါဘူး။ သူ့အကြောင်းကို လူများ သိကြလေတော့ တချို့တွေက ရိုးရိုးသားသား နေထိုင် စားသောက်နိုင်ဖို့ ကူညီကြတယ်။ စတေပလ်တန်တစ်ယောက်ရယ်၊ ဆာချာလ်စ်ရယ်၊ ကျွန်တော်ကိုယ်တိုင်လည်း နည်းနည်းပါးပါး ပေးကမ်းကြပါတယ်။ လက်နှိပ်စက်အလုပ် ထူထောင်ပေးကြပါတယ်'

ဒေါက်တာမော်တီမာသည် အဘယ့်ကြောင့် ကျွန်ုပ် မေးမြန်းသည်ဟု သိလိုသဖြင့်၊ ကျွန်ုပ်က များစွာ မပြောဘဲ သူ ကျေနပ်လောက်ရုံမျှ ပြောပြသည်။ နက်ဖြန်မနက်တွင် ကျွန်ုပ်သည် ကုန်းထရေစီသို့ သွား၍ ဤ မစ္စစ် လောရာလိုင်းရင်းကို တွေ့နိုင်ခဲ့လျှင်၊ ဤအရှုပ်အထွေးကြီးမှ အချက်တစ်ခုကို ရှင်းလင်းနိုင်ပေလိမ့်မည်။

## အခန်း ၁၁

## ကျောက်ဆောင်ပေါ်က လူ

လွန်ခဲ့သော အခန်းတွင် ဖော်ပြခဲ့သော ကျွန်ုပ်၏ ဒိုင်ယာရီမှတ်တမ်းမှ ကောက်နုတ်ချက်များ ပြီးဆုံးသည်တွင်၊ အောက်တိုဘာလ ၁၈ ရက်နေ့သို့ တိုင် ရောက်လာရာ၊ ဤအချိန်မှစ၍ ဤထူးဆန်းသော အဖြစ်အပျက်များ သည် ဆုံးခန်းသို့တိုင်အောင် အပြေးအလွှား ဖြစ်ပျက်စ ပြုလာလေသည်။ နောက် ရက်အနည်းငယ်အတွင်း ဖြစ်ပျက်သော အကြောင်းအရာများမှာ ကျွန်ုပ်၏ စိတ်ထဲတွင် မမေ့နိုင်အောင် စွဲမြဲလျက် ရှိသည်ဖြစ်၍၊ မှတ်ချက် များကို မကြည့်ဘဲ ရေးသား ဖော်ပြနိုင်ပေသည်။

ဒေါက်တာမော်တီမာနှင့်အတူ ဒေါက်ကတ် စီးလာကြပြီးသည့် နံနက်ထမင်းစားပွဲ၌၊ ကျွန်ုပ်သည် ကျွန်ုပ် တွေ့ခဲ့သော အကြောင်းအရာကို ဆာဟင်နရီအား ပြောပြ၍၊ မစ္စစ်လိုင်းရင်းနှင့် တွေ့ရန် ကုန်းထရေစီသို့ ကျွန်ုပ်နှင့်အတူ လိုက်လိုပါသလောဟု မေးမြန်း၏။ ပထမ၌ သူသည် အတူ လိုက်ရန် စိတ်အားထက်သန်လှသော်လည်း စဉ်းစားမိသောအခါတွင်၊ ကျွန်ုပ် တစ်ယောက်တည်းသွားလျှင် သာ၍ကောင်းလိမ့်မည်ဟု နှစ်ယောက်လုံး ကပင် စဉ်းစားမိ၏။ တခမ်းတနား သွား၍ တွေ့ခဲ့လျှင် သိလိုသော အရာကို မသိရဘဲ ရှိပေလိမ့်မည်။





ကုန်းထရေစီသို့ ရောက်သောအခါ ကျွန်ုပ်သည် မစ္စစ်လိုင်းရင်း နေသော အိမ်ကို အခက်အခဲ မရှိဘဲ တွေ့ရ၏။ အစေခံ မိန်းမတစ်ယောက် သည် အလွယ်တကူနှင့် ကျွန်ုပ်အား ဝင်စေ၍၊ ဧည့်ခန်းသို့ ကျွန်ုပ် ဝင်သွား သောအခါ လက်နှိပ်စက်တစ်ခု အနီး၌ ထိုင်လျက်ရှိသော မိန်းမတစ်ယောက် သည် ကြည်ရွှင်စွာ ခရီးဦးကြိုပြုလျက် ထ လာလေ၏။ သို့ရာတွင် ကျွန်ုပ် သည် မျက်နှာစိမ်းတစ်ယောက် ဖြစ်နေကြောင်း တွေ့ရသောအခါ၊ ထိုမိန်းမ သည် မျက်နှာညှိုးသွား၍ နေရာတွင် ထိုင်ပြီးလျှင် ကျွန်ုပ် လာရောက်ခြင်း ကိစ္စကို မေးမြန်းလေ၏။

ကျွန်ုပ်၏ကိစ္စသည် မည်မျှလောက် သိမ်မွေ့သည့် အကြောင်းကို ထိုအခါမှပင် သတိပြုမိပေတော့၏။ ကျွန်ုပ်က 'ခင်ဗျားအဖေကို ကျွန်တော် သိပါသည်'ဟု ခပ်ခွခွ အစပြုမိရာ၊ ထိုမိန်းမသည်လည်း ကျွန်ုပ် ခွကျသည့် အကြောင်းကို ထင်ရှားအောင် ပြုလိုက်သေး၏။

ရင်း ။ ။'ကျွန်မအဖေနှင့် ကျွန်မနှင့် ဘာတစ်ခုမှ သဘောချင်း မတိုက်မိပါဘူး။ သူ့ကျေးဇူးလည်း ကျွန်မမှာ မရှိဘူး၊ သူ့မိတ်ဆွေလည်း ကျွန်မမိတ်ဆွေ မဟုတ်ပါဘူး။ ကျွန်မအဖေ အလိုသာဖြင့် ကျွန်မ ငတ်သေ တာ ကြာလှပြီ၊ ကွယ်လွန်သူ ဆာချာလ်စ်နှင့် ဒီပြင် မိတ်ဆွေများက ကူညီကြ ပေလို့သာ'

နုပ် ။ ။'ကျွန်တော် လာခဲ့ခြင်းဟာလည်း ကွယ်လွန်သူ ဆာချာလ်စ်နှင့် ပတ်သက်လို့ပါပဲ'

ရင်း ။ ။'သူ့အကြောင်းကို ကျွန်မ ဘာပြောနိုင်သလဲ' ဟု မေးပြီးနောက် မိန်းမ၏ လက်ချောင်းများသည် လက်နှိပ်စက် ခလုတ်များ ပေါ်တွင် တုန်ယင်သော အမူအရာနှင့် ထိလျက် ရှိလေ၏။

နုပ် ။ ။'သူ့ကို ခင်ဗျား သိတယ် မဟုတ်လား'

ရင်း ။ ။'ကျွန်မအပေါ်မှာ သူ့ကျေးဇူး အင်မတန် ကြီးတယ်လို့ ပြောပြီးပါပကော'

နုပ် ။ ။'သူနှင့် စာပေးစာယူ ပြုလုပ်ဖူးပါသလား'

မိန်းမသည် စိတ်ဆိုးသော အမူအရာနှင့် ကျွန်ုပ်အား ဖျတ်ခနဲ မော့ကြည့်၏။ ၎င်းနောက် ခပ်ဆတ်ဆတ် လေသံဖြင့်–

ရင်း ။ ။'ဘယ်လို ရည်ရွယ်ချက်နှင့် ဒီမေးခွန်းတွေကို ထုတ်နေပါသလဲ'

နုပ် ။ ။'ရည်ရွယ်ချက်ကတော့ လူများ ကဲ့ရဲ့စရာ မဖြစ်စေလိုလို့ပါပဲ။ ကျွန်တော်တို့လက်က ထွက်သွားပြီး အမေးအမြန်း ခံရခြင်းထက် ကျွန်တော်တို့ မေးမြန်းခြင်းက သာပြီး ကောင်းပါတယ်'

မိန်းမသည် ဖြူဖပ်ဖြူရော်ရှိသော မျက်နှာနှင့် ဆိတ်ဆိတ်နေလေ၏။ နောက်ဆုံး၌ ပမာမခန့်သော အမူအရာနှင့် မော့ကြည့်လျက်–

ရင်း ။ ။'ကောင်းပါပြီ၊ ကျွန်မ ပြောပါမယ်၊ ရှင့်မေးခွန်းများကို ဆိုစမ်းပါဦး'

နုပ် ။ ။'ဆာချာလ်စ်နှင့် စာပေးစာယူ ပြုလုပ်ပါသလား'

ရင်း ။ ။'သူ့ရဲ့ ရက်ရောခြင်းနှင့် သိမ်မွေ့ခြင်းကို ဝန်ခံတဲ့ စာတစ်စောင် နှစ်စောင် ရေးဖူးပါတယ်'

နုပ် ။ ။'စာတွေ ရက်စွဲကို မှတ်မိသလား'

ရင်း ။ ။'မမှတ်မိပါ'

နုပ် ။ ။'သူ နဲ့ တွေ့ဖူးသလား'

ရင်း ။ ။'ဟုတ်ကဲ့၊ ကုန်းထရေစီကို သူလာတုန်းက တစ်ခါ နှစ်ခါ တွေ့ဖူးပါတယ်'

နုပ် ။ ။'လူချင်းလည်း နည်းနည်းပါးပါး တွေ့ဖူးတယ်၊ စာကိုလည်း နည်းနည်းပါးပါး ရေးဖူးတယ် ဆိုလို့ရှိရင် ခင်ဗျာ့ကို ကူညီရအောင် ခင်ဗျာ့အဖြစ်အပျက်ကို သူ ဘယ့်နှယ် သိသလဲ'

ရင်း ။ ။'ကျွန်မအကြောင်း သိပြီး ကျွန်မကို စုပေါင်း ကူညီကြတဲ့ လူကြီးတွေ ရှိပါတယ်။ တစ်ယောက်ဟာက မစ္စတာစတေပလ်တန်၊





ဆာချာလ်စ်နှင့် အင်မတန် ရင်းနှီးတဲ့ အိမ်နီးချင်း မိတ်ဆွေတစ်ယောက်ပါပဲ၊ ဒီလူက အင်မတန် ကြင်နာတတ်ပါတယ်။ ကျွန်မအကြောင်းကို သူ ပြောပြလို့ ဆာချာလ်စ် သိရပါတယ်'

နုပ် ။ ။'ခင်ဗျားနဲ့ တွေ့ဖို့ ချိန်းတားတဲ့ စာမျိုး ဆာချာလ်စ်ဆီကို ရေးဖူးသလား'

မစ္စစ်လိုင်းရင်းသည် စိတ်ဆိုးသဖြင့် မျက်နှာ နီမြန်းလျက် ရှိ၏။

ရင်း ။ ။'ဘယ့်နှယ်လဲရှင်၊ ဒီမေးခွန်းက သိပ်ဆန်းလှပါကလား'

နုပ် ။ ။'အားတော့ နာပါရဲ့၊ နို့ပေမဲ့ မေးမှ ဖြစ်မှာမို့ပါ'

ရင်း ။ ။'ဒါဖြင့် မရေးပါဘူးလို့ ကျွန်မ ဖြေပါတယ်'

နုပ် ။ ။'ဆာချာလ်စ် သေဆုံးတဲ့နေ့မှာကော မရေးဘူးလား'

မိန်းမ၏ မျက်နှာသည် နီမြန်းရာမှ ရုတ်တရက် ဖျော့တော့သော အရောင် ဖြစ်သွားလေ၏။

နုပ် ။ ။'ခင်ဗျား မေ့နေပြီ ထင်တယ်၊ တစ်ပိုဒ်လောက် ကျွန်တော် ရွတ်ပြဦးမယ်'

မိန်းမသည် မူးမေ့သွားသကဲ့သို့ ဖြစ်ရာမှ ကြိုးစားအားထုတ်၍ သတိထားပြီးလျှင်–

ရင်း ။ ။'ဂုဏ်သရေရှိတဲ့ လူကြီးလူကောင်းရယ်လို့ လောကမှာ မရှိလေရော့သလား'

နုပ် ။ ။'ဆာချာလ်စ်ကို အထင်မလွဲပါနှင့်၊ ဒီစာကို မီးရှို့ပစ်တာ အမှန်ပါ။ သို့သော်လည်း တစ်ခါတစ်ရံမှာ စာဆိုတာမျိုးဟာ မီးလောင်ထားသော်လည်း ဖတ်လို့ ရတတ်ပါသေးတယ်။ ဒီစာ ရေးဖူးတယ်လို့ ခင်ဗျား ဝန်ခံတာပေါ့'

ရင်း ။ ။(ငိုကြွေးလျက်) 'မှန်ပါတယ်၊ ကျွန်မ ရေးပါတယ်။ ဘာပြုလို့ ကျွန်မ ကွယ်ရမလဲ၊ ကျွန်မ ရှက်စရာ ဘာမှမရှိဘူး၊ ကျွန်မကို

ကူညီစေလိုတဲ့အတွက် ရေးတာပဲ။ ကျွန်မနှင့် လူချင်းတွေ့ရရင် ကူညီလိမ့်မယ်လို့ အောက်မေ့ပြီး ကျွန်မနှင့် တွေ့ဖို့ တောင်းခံလိုက်ပါတယ်'

နုပ် ။ ။'နို့ပေမဲ့ ဘယ့်နှယ်ကြောင့် ဒီလိုအချိန်မှာ ချိန်းရသလဲ'

ရင်း ။ ။'နောက်တစ်နေ့ လန်ဒန်ကိုသွားပြီး လပေါင်း အတန်ကြာ ပြန်မလာဘူးလို့ ကြားသိရတဲ့အတွက် ချက်ချင်း ရေးရပါတယ်။ ဒီထက် စောစောရောက်အောင် ကျွန်မ မသွားနိုင်တဲ့ အကြောင်းများလည်း ရှိပါတယ်'

နုပ် ။ ။'ဟိုရောက်တော့ ဘာဖြစ်သလဲ'

ရင်း ။ ။'ကျွန်မ မသွားပါဘူး'

နုပ် ။ ။'ဘယ့်နှယ်လဲ မစ္စစ်လိုင်းရင်း'

ရင်း ။ ။'ပေးချင်တဲ့ သစ္စာပေးပါ၊ ကျွန်မ ကျိန်ဆိုပါတယ်၊ ကျွန်မ မသွားပါဘူး။ ကျွန်မ မသွားနိုင်တဲ့ အကြောင်းတစ်ခု ဖြစ်ပေါ်လာပါတယ်'

နုပ် ။ ။'ဘယ်လို အကြောင်းလဲ'

ရင်း ။ ။'ဒီအကြောင်းက လျှို့ဝှက်တဲ့ အကြောင်းဖြစ်လို့ ကျွန်မ မပြောနိုင်ပါ'

နုပ် ။ ။'ဒါဖြင့် ဆာချာလ်စ် သေတဲ့အချိန်၊ သေတဲ့နေရာမှာ ခင်ဗျားနဲ့ တွေ့ဖို့ ချိန်းဆိုတဲ့ အကြောင်းကို ခင်ဗျား ဝန်ခံတယ်၊ ခင်ဗျားတော့ မသွားဘူးလို့ ပြောတယ်၊ ဒီလို ဟုတ်ကဲ့လား'

ရင်း ။ ။'ဒီအတိုင်းပါပဲ'

ကျွန်ုပ်သည် ထိုမိန်းမအား အကြိမ်ကြိမ် အဖန်ဖန် စစ်ဆေးမေးမြန်းသော်လည်း၊ ထိုမျှထက်ပို၍ သတင်းမရနိုင်ဘဲ ရှိခဲ့လေ၏။

နုပ် ။ ။(ထိုင်ရာမှ ထလျက်) 'ခင်ဗျားဟာ အင်မတန်ကြီးတဲ့ တာဝန်ကြီးတစ်ခုကို ယူထားပြီး ခင်ဗျား သိသမျှကို ကုန်စင်အောင် ဖွင့်မပြောခြင်းဟာ အပုံကြီး ခွကျနေတာပဲ။ ကျွန်တော်က ပုလိပ် အကူအညီ





တောင်းခဲ့လို့ရှိရင် ခင်ဗျားအဖို့ တောင်တောင်မြောက်မြောက် အထင်ခံရဖို့ ရှိတယ်။ ဆာချာလ်စ် သေတဲ့နေ့က ရေးလိုက်တဲ့စာကို မီးရှို့ပစ်ဖို့ ဂဃနဏ တိုက်တွန်းထားခြင်းဟာ ဘယ်လိုအကြောင်းကြောင့်လဲ'

ရင်း ။ ။'ဒီဟာက အင်မတန် လျှို့ဝှက်တဲ့ကိစ္စ ဖြစ်ပါတယ်'

နုပ် ။ ။'လျှို့ဝှက်လေလေ အများရှေ့မှာ အစစ်အဆေး မခံရအောင် ကျွန်တော့်ကို ဖွင့်ပြောထိုက်လေလေပေါ့'

ရင်း ။ ။ 'ဒါဖြင့် ကျွန်မ ဖွင့်ပြောပါတော့မယ်၊ ကျွန်မ အကြောင်း ကြားဖူးလို့ရှိရင် ကျွန်မဟာ အိမ်ထောင်ပြု မှားပြီး နောင်တရနေတဲ့ အကြောင်း ရှင်သိမှာပေါ့။ ဆာချာလ်စ်ထံ စာရေးလိုက်စဉ် အခါက စရိတ်ငွေ အကုန်ခံနိုင်လို့ရှိလျှင် ကျွန်မ လွတ်လပ်ခြင်းရဖို့ နည်းလမ်းရှိတယ်လို့ ကြားသိရပါတယ်။ လွတ်လပ်ခြင်းဆိုတာ ကျွန်မအဖို့ စိတ်ငြိမ်းချမ်းခြင်းရယ်၊ စိတ်ချမ်းသာခြင်းရယ်၊ ကိုယ့်ကိုယ်ကိုယ် ရိုသေခြင်းရယ် အဓိပ္ပာယ် အလုံးစုံ ပါဝင်နေပါတယ်။ ဆာချာလ်စ်ရဲ့ ရက်ရောတဲ့ သဘောကို ကျွန်မ သိလေတော့ ကျွန်မကိုယ်တိုင် ပြောပြရလို့ရှိရင် ကျွန်မကို ကူညီလိမ့်မယ်လို့ ထင်မိပါတယ်'

နုပ် ။ ။'ဒါဖြင့် ခင်ဗျား ဘာလို့ မသွားသလဲ'

ရင်း ။ ။'ဒီအတောအတွင်းမှာ ဒီပြင်တစ်ယောက်ဆီက အကူအညီ ရထားလို့ပါ'

နုပ် ။ ။'ဒီလိုဆိုရင် ဆာချာလ်စ်ဆီကို အကျိုးအကြောင်း ရှင်းပြီး ဘာကြောင့် မရေးသလဲ'

ရင်း ။ ။'ရေးမယ်လို့ပါပဲ၊ နောက်နေ့မနက် သတင်းစာထဲမှာ သူ သေတဲ့အကြောင်း တွေ့လိုက်ရလို့ မရေးခဲ့ရခြင်း ဖြစ်ပါတယ်'

မိန်းမ ပြောပြသော အကြောင်းအရာများမှာ ဆီလျော်သည်ဖြစ်၍ ကျွန်ုပ်က မေးခွန်းထုတ်သော်လည်း မပျက်နိုင်ဘဲ ရှိလေ၏။ ၎င်းပြောပြသော အကြောင်းအရာများ မှန် မမှန် စစ်ဆေးရန် နည်းလမ်းမှာ၊ ထိုအချိန်အခါက

ရုံးတွင် သူ၏ယောက်ျားနှင့် ကွာရှင်းရန် အမှုတင်သွင်းသည် မသွင်းသည်ကို ထောက်လှမ်း၍ စုံစမ်းရန်မျှသာ ရှိပေတော့၏။

မိန်းမသည် ဘတ်စကာဗျိုလ်အိမ်ကြီးသို့ အလည်ရောက်ခဲ့သည် ဖြစ်ပါလျှင်၊ မြင်းရထားနှင့်သွား၍ လင်းအားကြီး အချိန်မတိုင်မီ ကုန်းထရေစီသို့ ပြန်မရောက်နိုင်သောကြောင့်၊ သွားလျက်နှင့် မသွားဟူ၍ မုသားပြောဝံ့မည့် လက္ခဏာ မရှိချေ။ ထိုသို့သွားခဲ့လျှင် လူမသိအောင် လျှို့ဝှက်ဖုံးဖိထားနိုင်သည် မဟုတ်ချေ။ ထို့ကြောင့် ဖြစ်ဟန်လက္ခဏာ ရှိသည်ကား မိန်းမသည် မှန်သည့်အတိုင်း သော်လည်းကောင်း၊ ယုတ်စွအဆုံးအားဖြင့် တစ်ပိုင်းတစ်စ သော်လည်းကောင်း ပြောဟန်တူပေသည်။ ကျွန်ုပ်သည် မလွန်မြောက်နိုင်သော အခက်အခဲနှင့် တွေ့လျက်ရှိရာ၊ ဤကိစ္စနှင့် ပတ်သက်၍ လိုက်ခဲ့သမျှသော လမ်းအတိုင်းတွင် ဤနည်းအတူ မလွန်မြောက်နိုင်သော အခက်အခဲမျိုးနှင့်သာလျှင် တွေ့နေရတော့၏။ သို့ပါသော်လည်း ကျွန်ုပ်သည် မိန်းမ၏ မျက်နှာနှင့် အမူအရာတို့ကို စဉ်းစားမိလေလေ ကျွန်ုပ်အား မပြောဘဲ တစ်စုံတစ်ခု ချန်လှပ်ထားသည်ဟု ထင်မိလေလေ ဖြစ်နေတော့၏။ အမှန်မှာ ဤကိစ္စသည် ရိုးရိုးရှင်းရှင်းမျှ ဖြစ်သည်ဟု ထိုမိန်းမက ကျွန်ုပ်အား ယူဆစေ လိုသည့်အတိုင်း ရှင်းရှင်းရိုးရိုး မဟုတ်နိုင်ချေ။ သို့ရာတွင် ယခုအခိုက် အဖို့မှာ ကျွန်ုပ်သည် ဤလမ်းတွင် ဤမျှထက် ရှေ့သို့တိုး၍ မသွားနိုင်တော့ချေ။

ထိုအခါ၌ ကျွန်ုပ်သည် ကျောက်ဆောင်ထိပ်တွင် ရပ်လျက် မြင်ခဲ့သော လူကို သတိရမိပြန်၏။

ကျွန်ုပ်သည် ထိုလူကို တွေ့ခဲ့လျှင် ဤအရှုပ်အထွေးကို ရှင်းလင်းနိုင်မည့် သဲလွန်စတစ်ခု ရကောင်းရနိုင်လိမ့်မည်။ ထိုအချိန် ထိုနေရာတွင် ကျွန်ုပ်သည် တွေ့လိုသော တဲကို တွေ့ရသည့်တိုင်အောင်၊ ကွင်းပြင်ကြီးပေါ်၌ ရှိသော တဲအားလုံးကို စုံစမ်းရှာဖွေရန် ဆုံးဖြတ်၏။ ဤသူသည် တဲထဲ၌ ရှိခဲ့လျှင် ကျွန်ုပ် သေနတ်နှင့် တေ့၍ဖြစ်စေ၊ ခြိမ်းခြောက်ပြီးလျှင် သူသည်





ဘယ်သူဖြစ်၍ ဘယ်အကြောင်းကြောင့် ကျွန်ုပ်တို့အား ဤမျှလောက် ကြာရှည်စွာ နောက်မှ လိုက်နေရသည်ကို၊ သူ၏ပါးစပ်မှ ပြောပြအောင် မေးရပေလိမ့်မည်။ သို့တည်းမဟုတ် တဲကိုတွေ့၍ လူကို မတွေ့ခဲ့လျှင် ကျွန်ုပ်သည် ဘယ်လောက် ကြာသည်ဖြစ်စေ၊ ထိုလူ မလာမချင်း စောင့်နေရမည်။ ဟုမ်း(စ်) သည် ထိုသူကို လန်ဒန်မြို့တွင် လက်လွှတ်ခဲ့ဖူးလေပြီ။ ကျွန်ုပ်၏ဆရာ မအောင်မြင်သော ကိစ္စ၌ ကျွန်ုပ် အောင်မြင်၍ ထိုလူကို လက်ဆုပ်လက်ကိုင် မိခဲ့လျှင်၊ ကျွန်ုပ်အဖို့ ကြီးစွာသော အောင်မြင်ခြင်း ဖြစ်ပေလိမ့်မည်။

ဤအမှု၌ ကျွန်ုပ်တို့မှာ အဖန်တလဲလဲ ကံမကောင်းခဲ့ရာ နောက်ဆုံး၌ကား ကံကောင်းထောက်မ ခဲ့လေပြီ။ အတိတ်နိမိတ်ကောင်းကို ဆောင်ကြဉ်းသော သူမှာ အခြားမဟုတ်၊ မစ္စတာဖရန်ကလင်ပင် ဖြစ်လေရာ ထိုသူသည် ကျွန်ုပ် လာခဲ့သော လမ်းနံဘေးရှိ ဥယျာဉ်တံခါးဝတွင် ရပ်လျက်ရှိ၏။

ထိုသူသည် ထူးထူးခြားခြား ရွှင်ပျလျက် ကျွန်ုပ်အား နှုတ်ဆက်ပြီးလျှင် 'ခင်ဗျား မြင်းတွေကို အနားပေးပြီး ဝိုင်အရက်တစ်ခွက်လောက် သောက်ရအောင် အိမ်ထဲ ဝင်ပါဦးဗျာ' ဟု ပြောလေ၏။

ကျွန်ုပ်သည် သူ၏သမီးအပေါ်၌ ပြုမူပုံများကို မကျေနပ်သဖြင့်၊ ဖရန်ကလင်အား မိတ်ဆွေတစ်ယောက်ကဲ့သို့ အကျွမ်းတဝင် သဘောမထားခဲ့ချေ။ သို့ရာတွင် ရထားကို လွှတ်လိုက်လိုသည် ဖြစ်၍ အခွင့်ကောင်းတစ်ခုရသည်ဟု အောက်မေ့မိလေ၏။ ကျွန်ုပ်သည် ရထားပေါ်မှ ဆင်း၍ ညစာ ထမင်းစားချိန်မီ လမ်းလျှောက် ပြန်လာခဲ့မည်ဟု၊ ဆာဟင်နရီထံ မှာကြား၍ ရထားကို ပြန်လွှတ်လိုက်လေ၏။ ၎င်းနောက် ကျွန်ုပ်သည် ဖရန်ကလင်၏ ထမင်းစားခန်းသို့ အတူသွားလေ၏။

လင် ။ ။(လက်နှစ်ဖက်ကို ဝမ်းမြောက်ဝမ်းသာ ပွတ်လျက်) 'ရွာကလေးမှာ နေရပေမယ့် တစ်ခါတစ်ခါ အပျင်းပြေစရာ ကောင်းသားပဲ။ ရွာသားတွေ သေလုမတတ် သိချင်တဲ့ အကြောင်းအရာတစ်ခုကို ကျွန်တော် ပြောပြနိုင်ပါရဲ့၊ နို့ပေမယ့် ဘယ်နည်းနဲ့မှ ကျွန်တော် ပြောမပြဘူး'

ကျွန်ုပ်သည် ဤလူကြီး၏ ဆန့်ကျင်ဘက်ရှိသော သဘာဝကို ရိပ်မိသဖြင့်၊ ကျွန်ုပ်က သိလိုသော အမှုအရာကို ပြခဲ့လျှင် မပြောဘဲ နေလိမ့်မည်ဟု ကျွန်ုပ် သိရ၏။

ကျွန်ုပ် ။ ။(အရေးမကြီးဟန် အမူအရာနှင့်) 'သေနတ် ခိုးပစ်တဲ့ အမှုလားဗျ'

လင် ။ ။'ဘာဟုတ်မလဲဗျာ၊ ဒီထက် အရေးကြီးတဲ့ အမှုပေါ့။ ကွင်းပြင်ပေါ်က အကျဉ်းသမားကော ဘယ့်နှယ်လဲ'

နုပ် ။ ။'အကျဉ်းသမား ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျား သိလို့လား'

လင် ။ ။'ဘယ်မှာ ရှိတယ်လို့တော့ အတတ် မသိဘူးပေါ့၊ နို့ပေမဲ့ ပုလိပ်များက မိအောင် ဖမ်းဖို့တော့ ကျုပ်က လမ်းပြနိုင်တယ်။ ဤလူကို မိချင်ရင် စားစရာ ဘယ်ကရသလဲလို့ ခြေရာခံလိုက်ရင် အကောင်းဆုံးပဲ ဆိုတာ ခင်ဗျား မစဉ်းစားမိဘူးလား'

ဖရန်ကလင်မှာ ဟုတ်မှန်သည့် အနားသို့ ပွတ်ကာသပ်ကာ ရောက်နေခဲ့လေပြီ။

နုပ် ။ ။'မှန်တာပေါ့၊ ဒါပေမဲ့ ကွင်းပြင်ကြီးပေါ်မှာ သူ ရှိတယ်လို့ ခင်ဗျား ဘယ့်နှယ်သိသလဲ'

လင် ။ ။'သူ့ဆီကို စားစရာပို့တဲ့ လူကို ကျုပ်မျက်စိနဲ့ မြင်ရလို့ သိတာပေါ့'

ကျွန်ုပ်မှာ ဘဲရီမိုးအတွက် စိုးရိမ်မိ၏။ ဤရန်လိုသော လူစွာကြီးတစ်ယောက်၏ လက်သို့ ရောက်ခဲ့လျှင် ဒုက္ခပေတကားဟု စဉ်းစားမိ၏။ သို့ရာတွင် နောက်တစ်ခွန်း ပြောလိုက်သော စကားမှာ ဝန်ကျ၍ သွားပြန်တော့သည်။

လင် ။ ။'အကျဉ်းသမားဆီကို ကလေးတစ်ယောက်က စားစရာ သွားပို့တယ်ဆိုရင် ခင်ဗျား အံ့သြမှာပေါ့။ အိမ်မိုးပေါ်မှာ မှန်ပြောင်း





နှင့် နေ့တိုင်း ကျုပ်ကြည့်လို့မြင်ရတယ်၊ ဒီကလေးက ဒီအချိန်မှာ ဒီတစ်လမ်းတည်း နေ့တိုင်းသွားတယ်ဆိုရင် အကျဉ်းသမားဆီကို မသွားရင် ဘယ်သူ့ဆီကို သွားမှာလဲ'

ဤသည်ကား ကျွန်ုပ်အဖို့ ကံကောင်း ထောက်မသော အချက်ပေတည်း။ အကျဉ်းသမားထံသို့ ဘဲရီမိုးကိုယ်တိုင် ညဥ့်အချိန်တွင် စားစရာပို့မည်ဖြစ်သောကြောင့်၊ ဖရန်ကလင် ခြေရာခံမိသော သူမှာ ကျွန်ုပ် သိလိုသော ကျောက်ဆောင်ပေါ်မှ လူပင် ဖြစ်ရပေမည်။ ကျွန်ုပ်သည် အဘိုးကြီးထံမှ သတင်းရခဲ့လျှင် ပင်ပန်းကြာရှည်စွာ ကိုယ်တိုင်ရှာရမည့် အလုပ်တစ်ခု သက်သာပေတော့မည်။ သို့ရာတွင် ကျွန်ုပ်သည် မယုံကြည်ဟန်နှင့် ဂရုမစိုက်ဟန်ဆောင်မှသာလျှင် ဤလူကြီးထံမှ စကားရမည့် အကြောင်းကို ရိပ်မိ၏။

နုပ် ။ ။'သိုးကျောင်းသားတစ်ယောက်ရဲ့ သားကလေးက သူ့အဖေဆီ စားစရာ သွားပို့တာ ထင်ပါရဲ့ဗျာ'

ဤလူကြီးသည် အနည်းငယ်မျှ အတိုက်အခံ ပြောခြင်းကို တွေ့ရသည်နှင့် တစ်ပြိုင်နက် စိတ်ထွက်၍ လာ၏။

လင် ။ ။(ကျယ်ဝန်းသော ကွင်းပြင်ကြီးကို လက်ညှိုး ညွှန်လျက်) 'ဟောဟိုက ဘလက်တောဆိုတဲ့ ကျောက်ဆောင် အနက်ကြီးကို မြင်သလား။ ကောင်းပြီ၊ ဟိုဘက်က ထိပ်မှာ ဆူးချုံကလေးနဲ့ ကုန်းနိမ့်ကလေးကို မြင်သလား၊ ဒီနေရာဟာ ကျောက်တုံးကျောက်ခဲတွေ အပေါဆုံးနေရာပဲ။ ဒီလိုနေရာမျိုးမှာ သိုးကျောင်းသား စောင့်နေတယ်ဆိုလို့ ဟုတ်နိုင်ပါ့မလား၊ ခင်ဗျား ထင်မြင်ချက်ဟာ သိပ်လွဲတာပဲ'

ကျွန်ုပ်သည် အကြောင်းအရာ အလုံးစုံကို မသိဘဲ ပြောမိပါသည်ဟု ဝန်ခံလိုက်ရာ၊ လူကြီးသည် ကျွန်ုပ်၏ ဝန်ခံခြင်းကို သဘောကျ၍ သူ သိသမျှကို ဆက်လက်ပြောပြလေ၏။

လင် ။ ။'ကျုပ်က ထင်မြင်ချက်တစ်ခု မပေးခင် သေချာအောင် စုံစမ်းသေးတာဗျ၊ သူငယ်ကလေးကို အထုပ်ကလေးနဲ့ အကြိမ်ကြိမ် မြင်ရ

ဖူးတယ်။ နေ့တိုင်းနေ့တိုင်း တစ်ခါတလေ တစ်နေ့ နှစ်ခေါက်... ဒါထက် နေဦးဗျို့ ဝက်ဆင်၊ ဟောဟိုက ကမ်းပါးယံမှာ ရှုရှုနှင့် လှုပ်ရှားနေတာ မြင်သလား။ ကျုပ်ကပဲ မျက်စိမှားသလား၊ ကြည့်စမ်းဗျို့'

၎င်းနေရာမှာ မိုင်ပေါင်း အတန်ဝေးကွာသော်လည်း စိမ်းပြာပြာ အရောင်ရှိသော နောက်ယောင်ခံပေါ်တွင် အနက်စက်ကလေး တစ်ခုကို ထင်ရှားစွာ တွေ့မြင်ရ၏။

လင် ။ ။(အပေါ်ထပ်သို့ ပြေးတက်လျက်) 'လာဗျို့ လာ၊ ခင်ဗျား မျက်စိနဲ့ သေသေချာချာ ကြည့်ပြီး ကိုယ့်ဟာကိုယ် ဆုံးဖြတ်ပေတော့'

ထိုလူကြီး၏ မှန်ပြောင်းကြီးမှာ အိမ်ခေါင်မိုးပေါ်၌ သုံးချောင်းထောက် စင်ပေါ်တွင် တပ်ဆင်ထားသည်ဖြစ်၍ အတော်ပင် ကြီးမားပေရာ၊ ဖရန်ကလင်သည် မှန်ပြောင်းသို့ မျက်စိဖြင့် ကပ်ကြည့်၍ ကျေနပ်စွာ အသံပြုလေ၏။

လင် ။ ။'ဝက်ဆင် မြန်မြန်၊ တောင်ပေါ် ကျော်မသွားခင် မြန်မြန် ကြည့်စမ်းပါ'

သူငယ်ကလေးတစ်ယောက်သည် အထုပ်ကလေးတစ်ခုကို ပခုံးပေါ်တွင် ထမ်းလျက် တောင်ပူစာပေါ်သို့ တဖြည်းဖြည်း တက်လျက်ရှိသည်ကား အမှန်ပင် ဖြစ်လေ၏။ သူငယ်သည် ထိပ်သို့ ရောက်သောအခါ ၎င်း၏ စုတ်ပြတ်သော အဝတ်များနှင့် အချိုးမကျသော ကိုယ်လုံးမှာ အပြာရောင်ရှိသော မိုးကောင်းကင်ရှေ့တွင် တစ်ခဏမျှ ပီသစွာ ထင်လျက်ရှိ၏။ ၎င်းနောက် သူသည် တောင်ပူစာ၏ အခြားဘက်သို့ ပျောက်သွားလေ၏။

လင် ။ ။'ဘယ့်နှယ်လဲ၊ ကျုပ် မှန်တယ် ဟုတ်လား'

နုပ် ။ ။'မှန်ပါတယ်၊ တိတ်တဆိတ် အလုပ်တစ်ခုနှင့် သွားတဲ့ လူကလေးတစ်ယောက် အမှန်ပဲ'

လင် ။ ။'သူ့အလုပ်က တောအလုပ် ဆိုတာကိုတော့ ပုလိပ်





တောင် တွေးနိုင်တာပေါ့။ ဒါပေမဲ့ ကျုပ်ကတော့ တစ်ခွန်းမှ မပြောဘူး၊ ခင်ဗျားလည်း မပြောရဘူး။ ဝက်ဆင် တစ်ခွန်းမှ မပြောနဲ့၊ နားလည်လား'

နုပ် ။ ။'ခင်ဗျား သဘောအတိုင်းပေါ့'

အနည်းငယ် ကြာလတ်သော် ကျွန်ုပ်သည် လူကြီးထံမှ ထွက်လာခဲ့၍၊ ၎င်းမမြင်ရနိုင်သော နေရာသို့ ရောက်သောအခါ ကွင်းပြင်ကြီးကို ဖြတ်၍ လူကလေး ကွယ်ပျောက်သွားသော တောင်ပူစာဆီသို့ သွားလေ၏။

တောင်ပူစာထိပ်သို့ ကျွန်ုပ် ရောက်သောအခါ နေမင်းသည် ဝင်စပြုနေပြီဖြစ်ရာ၊ ဆင်ခြေလျှောရှိနေသော ကုန်းများနှင့် ချိုင့်များသည် တစ်ဖက်တွင် စိမ်းဝါရောင်ရှိ၍၊ အခြားတစ်ဖက်တွင် မှဲ့ပြာသော အရိပ်များ ဖြစ်နေလေ၏။ ကျယ်ဝန်းလှသော ကွင်းပြင်ကြီး တစ်လျှောက်လုံးတွင် မည်သည့် အသံမျှ မကြားရ၊ လှုပ်ရှားခြင်းလည်း မတွေ့ရချေ။ လူကလေးမှာလည်း မည်သည့်နေရာတွင်မှ မမြင်ရချေ။ သို့ရာတွင် ကျွန်ုပ်၏ အောက်တည့်တည့်၌ ရှိသော ချပ်ကြားတစ်ခုတွင် ကျောက်တဲကလေးများသည် စက်ဝိုင်းပုံသဏ္ဌာန် ရှိလေရာ၊ ၎င်းတို့ အလယ်၌ကား အကာအကွယ် ဖြစ်စေနိုင်သည့် အမိုးလုံလောက်စွာရှိသော တဲကလေးတစ်တဲ ရှိလေ၏။ ၎င်းကို မြင်ရသောအခါ ကျွန်ုပ်မှာ ရင်ခုန်လျက်ရှိရာ ဤတဲသည်ကား ထိုသူ ခိုအောင်းသော နေရာပင် ဖြစ်ရချေမည်။

ကျွန်ုပ်သည် သတိနှင့် လျှောက်သွား၍ တဲကို ချဉ်းကပ်လေ၏။ ထိုလူသည် တဲထဲ၌ ခိုအောင်းလျက်သော် လည်းကောင်း၊ ကွင်းပြင်ကြီးပေါ်၌ လျှောက်လျက်သော် လည်းကောင်း နေကောင်းနေပေလိမ့်မည်။ ကျွန်ုပ်မှာ စွန့်စားရတော့မည့် သဘောနှင့် ရင်ပိုလိုက်လျက်ရှိရာ စီးကရက်တိုကို ပစ်၍၊ ခြောက်လုံးပြူးသေနတ်ကို ဒင်မှ ကိုင်ပြီးလျှင် တံခါးပေါက်သို့ လျင်မြန်စွာ လျှောက်သွား၍ ချောင်းကြည့်လိုက်၏။ အတွင်း၌ ဘာမျှ မရှိချေ။

သို့ရာတွင် ကျွန်ုပ် ခြေရာကောက်ခဲ့ခြင်းသည် မမှားသည့် အထိမ်းအမှတ်များ တွေ့မြင်ရ၏။ ဤတဲမှာ ထိုသူနေသော တဲ ဧကန်ဖြစ်၍၊ မိုးကာ

အင်္ကျီဖြင့် ရစ်ပတ်ထားသော စောင်အချို့တို့သည် ရှေးလူရိုင်းများ အိပ်ခဲ့ဖူးသော ကျောက်ပြားပေါ်တွင် ခင်းကျင်းလျက် ရှိလေ၏။ မီးဖိုထဲ၌ကား မီးဖိုဖူးသည့် ပြာများရှိလေရာ ၎င်းအနီးတွင် အိုးအင်ခွက်ယောက်များနှင့် ရေတစ်ဝက်ပြည့်သော ပုံးတစ်ပုံး ရှိလေ၏။

ကျောက်ပြားတစ်ခုပေါ်တွင် စားစရာ သံဘူးများရှိရာ ၎င်းတို့အောက်တွင် စာရွက်တစ်ရွက်ကို တွေ့ရ၍၊ ကောက်ယူ ဖတ်ကြည့်ရာတွင် ခဲတံဖြင့် အောက်ပါအတိုင်း ရေးခြစ်ထားသည်ကို တွေ့ရလေ၏။

"ဒေါက်တာဝက်ဆင်သည် ကုန်းထရေစီသို့ သွားသည်။"

ကျွန်ုပ်သည် စာရွက်ကို လက်ထဲတွင် ကိုင်လျက် တစ်မိနစ်ခန့်မျှကြာအောင် ဤစာ၏ အဓိပ္ပာယ်ကို စဉ်းစားလျက်ရှိ၏။ ဤလူ လိုက်နေသောသူကား ဆာဟင်နရီ မဟုတ်၊ ကျွန်ုပ်ပင် ဖြစ်နေလေသည်။ သူသည် ကျွန်ုပ်နောက်သို့ သူကိုယ်တိုင် မလိုက်ဘဲ၊ ထိုလူကလေးကို ကိုယ်စားလှယ်အဖြစ်နှင့် လိုက်စေရာ ဤစာသည် သူ၏ အစီရင်ခံစာပေတည်း။ ကွင်းပြင်သို့ ကျွန်ုပ် ရောက်၍ ပြုလုပ်သမျှသော အရာတို့ကို စောင့်ကြည့်ပြီးလျှင် အစီရင်ခံခဲ့ဟန် တူလေသည်။

အစီရင်ခံစာတစ်ခု ရှိခဲ့လျှင် အခြားအစီရင်ခံစာများလည်း ရှိရဦးမည်ဟု ယူဆ၍ ကျွန်ုပ်သည် တဲထဲတွင် ရှာဖွေလေ၏။ သို့ရာတွင် အစအနကိုမျှ မတွေ့ရသည့်ပြင်၊ ဤနေရာ၌ နေထိုင်သော ထိုလူ၏ ကြံရွယ်ချက်နှင့် အခြေအနေတို့ကို အကဲခတ်နိုင်လောက်သည့် အရိပ်နိမိတ်များကိုလည်း ကျွန်ုပ် မတွေ့ရချေ။ သို့ရာတွင် ကျွန်ုပ်သည် ထိုသူအကြောင်းကို ထပ်လောင်း၍ မသိရသမျှ ကာလပတ်လုံး ဤတဲမှ မထွက်ခွာသေးဟူ၍ ဆုံးဖြတ်လိုက်၏။

အပြင်၌ကား နေမင်းသည် နိမ့်ဝင်လျက်ရှိသဖြင့် အနောက်ဘက်မျက်နှာသည် ကြက်သွေးရောင်၊ ရွှေရောင်တို့ဖြင့် ဝင်းဝင်းတောက်လျက်ရှိ၏။ ကျွန်ုပ်သည် ရင်ဖိုလှိုက်စွာဖြင့် တဲ၏ မှောင်ကျသော အပိုင်းတွင်





ထိုင်လျက်၊ ထိုလူပြန်လာမည်ကို မကြည်ရှင်သော သည်းခံခြင်းဖြင့် စောင့်ဆိုင်းလျက် ရှိလေ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် ထိုသူကို ဝေးလံသောအရပ်မှ ကျောက်တုံးတစ်တုံးကို ဘွတ်ဖိနပ်နှင့် တိုက်မိ၍ ဒက်ခနဲမြည်သံကြားရပြီးနောက် ခြေသံများသည် တဖြည်းဖြည်း နီး၍ လာလေ၏။ ကျွန်ုပ်သည် အမှောင်ဆုံးသော ထောင့်ထဲသို့ ကျုံ့ဝင်၍ အိတ်ထဲမှ သေနတ်ကို မောင်းတင်ပြီးလျှင်၊ ထိုသူကို ကျွန်ုပ် ကောင်းစွာ အကဲခတ်ခွင့် မရမချင်း ကျွန်ုပ်ကို မမြင်စေရဟု ဆုံးဖြတ်ထားလေ၏။ ဤတွင် အတန်ကြာ ဆိုင်းငံ့နေပြန်သဖြင့် ထိုလူ ရပ်လျက် နေပြန်ကြောင်း ကျွန်ုပ် သိရပြန်၏။ ၎င်းနောက် တစ်ဖန် ဆက်လက် လာပြန်၍ ခြေသံများသည် အနီးသို့ ချဉ်းကပ်လာပြီးလျှင်၊ အရိပ်တစ်ခုသည် တံခါးဝတွင် ကန့်လန့်ဖြတ်၍ ထိုးဝင်လာလေ၏။

'တယ်သာယာတဲ့ ညနေခင်းပဲ ဝက်ဆင်၊ အထဲမှာထက် အပြင်ထွက်ရင် သာပြီး ကောင်းလိမ့်မည် ထင်တယ်' ဟု ကျွန်ုပ် ကြားနေကျ အသံဖြင့် ပြောလိုက်သည်ကို ကြားရလေ၏။

## အခန်း ၁၂

## ကွင်းပြင်ပေါ်၌ သေဆုံးခြင်း

ကျွန်ုပ်မှာ ကိုယ့်နားကို ကိုယ်မယုံနိုင်သကဲ့သို့ အံ့ဩစွာနှင့် အသက်မရှူမိဘဲ တစ်ခဏမျှ ငေးနေမိ၏။ အေးစက်စူးရှပြောင်လှောင်သကဲ့သို့ ရှိသော ထိုအသံမှာကား၊ တစ်ကမ္ဘာလုံးတွင် တစ်သံတည်းမျှသာရှိသော အသံမျိုး ဖြစ်လေသည်။

ကျွန်ုပ်က 'ဟုမ်း(စ်)'ဟု အော်လိုက်၍၊ သူက 'ထွက်ခဲ့ပါ၊ သေနတ်ကိုလည်း တစ်ဆိတ် သတိထားပါ'ဟု ပြောလေ၏။

ကျွန်ုပ်သည် တံခါးထုတ်အောက်တွင် ငုံ့၍ ကြည့်လိုက်သောအခါ ဟုမ်း(စ်)သည် ပြင်ဘက်၌ရှိသော ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်လျက်၊ ၎င်း၏ အပြာရောင်ရှိသော မျက်လုံးများသည် ကျွန်ုပ်၏ အံ့ဩသောမျက်နှာကို ရွှင်ပျသော လက္ခဏာနှင့် ကြည့်လျက် ရှိလေ၏။

ကျွန်ုပ်သည် သူ၏လက်ကို ကိုင်ညှစ်ရင်း 'ကျွန်တော့် တစ်သက်လုံးမှာ လူတစ်ယောက်ယောက် တွေ့ရလို့ ဒီတစ်ခါလို ဝမ်းသာတာမျိုး တစ်ခါမှ မကြုံဖူးပါဘူးဗျာ' ဟု ပြောလေ၏။

ဟုမ်း ။ ။'အံ့လည်း အံ့ဩတယ် မဟုတ်လား'

နုပ် ။ ။'မှန်ပါတယ်၊ ဝန်ခံရပါပေမယ်'

ဟုမ်း ။ ။'အံ့ဩတာကတော့ ခင်ဗျားတစ်ယောက်တည်းသာ မဟုတ်ဘူး၊ ကျုပ်နေရာကလေးကို ခင်ဗျား တွေ့သွားတယ်လို့လည်း မထင်မိဘူး၊ အထဲမှာ ရောက်နေတယ်လို့ သာပြီး မထင်မိသေးတယ်။ တံခါးနဲ့ ခြေလှမ်းနှစ်ဆယ်လောက် ရောက်တော့မှ ကျုပ် ရိပ်မိတယ်၊ ကျုပ်ကို ခြေရာ ဖျောက်ချင်ရင် ခင်ဗျား သောက်တဲ့ဆေးလိပ်ကို ပြောင်းမှဖြစ်မယ်။ **အောဇ့်ဖို့ဒ်**





**လမ်း ဘရက်ဒလီ** ဆိုတဲ့ စာလုံးကို စီးကရက်တိုပေါ်မှာ တွေ့လိုက်တော့ မိတ်ဆွေကြီး ဝက်ဆင် ဒီနား ရောက်နေပကိုးလို့ ကျုပ် သိရတယ်၊ လမ်းနံဘေးမှာ စီးကရက်တိုကို ခင်ဗျား မြင်ပါလိမ့်မယ်။ ခင်ဗျားက ကျုပ်ကို အကျဉ်းသမား ထင်နေတယ် ဟုတ်စ'

နုပ် ။ ။'ဘယ်သူ ဘယ်ဝါရယ်လို့တော့ မထင်တတ်ပါဘူး၊ ဒါပေမဲ့ သိရအောင် စုံစမ်းဖို့ ဆုံးဖြတ်ထားတာပါပဲ'

ဟုမ်း ။ ။'နေရာကျတယ် ဝက်ဆင်၊ ဒါထက် ကျုပ် ဘယ်မှာ ရှိတယ်လို့ ဘယ့်နှယ်လုပ်ပြီး သိသလဲ၊ အကျဉ်းသမားကို လိုက်တဲ့ ညက ကျုပ်ကို မြင်သွားတယ် ထင်ပါရဲ့။ ကျုပ်က ဒီတုန်းက အတင့်ရဲပြီး လ ရဲ့ ရှေ့ကနေ လိုက်မိတယ်'

နုပ် ။ ။'ဟုတ်ကဲ့၊ ဒီညက ခင်ဗျားကို ကျွန်တော့် မြင်လိုက်ရတယ်၊ ခင်ဗျား လူကလေးကိုလည်း ကျွန်တော် တွေ့ရတယ်။ ဒါကြောင့် ခင်ဗျားကို ဘယ်နေရာမှာ ရှာရမယ်လို့ ကျွန်တော် သိနိုင်တာပေါ့'

ဟုမ်း ။ ။'မှန်ပြောင်းကြီးနဲ့ လူကြီးကြောင့် ဖြစ်မှာပါပဲ၊ သူ့မှန်ဝပေါ်ကို နေရောင်ရိုက်လို့ ပထမတစ်ကြိမ် လက်ခနဲ မြင်လိုက်ရတုန်းက ဘာလဲလို့ ကျုပ် မတွေးနိုင်သေးဘူး' ဟု ပြော၍ တဲထဲသို့ ချောင်းကြည့်ပြီးလျှင် 'ကြော် တတ္တရိုက်က စားစရာတွေ ပို့ထားပြီးပြီကိုး၊ လန်ဒန်က ကျုပ်ခေါ်လာခဲ့တဲ့ လူသွက်ကလေးပဲ၊ စားစရာတွေကို သူ လာလာပို့တယ်။ ဒီ စာရွက်က ဘာလဲဗျ၊ ကြော် ကြော် ခင်ဗျား ကုန်းထရေစီကို ရောက်ခဲ့ပြီကိုး၊ မစ္စစ်လောရာလိုင်းရင်းနဲ့ တွေ့ဖို့ မှတ်တယ်'

နုပ် ။ ။'အစစ်ပါပဲ'

ဟုမ်း ။ ။'တော်ပါပေဗျာ၊ ကျုပ်တို့ စုံထောက်တွေက တစ်ကြောင်းတည်း သွားနေဟန် တူတယ်ဗျို့။ တွေ့ရသမျှကို နှစ်ခု ပေါင်းလိုက်ရင် ဒီအမှုနှင့် ပတ်သက်လို့ တော်တော် ခေါက်မိလိမ့်မည်လို့ ကျုပ်ထင်တယ်'

နုပ် ။ ။'ခင်ဗျား ဒီရောက်နေတာ ကျွန်တော်တော့ဖြင့် သိပ်

ဝမ်းသာတာပဲဗျာ၊ အမှုက ရှုပ်ရတဲ့ အထဲမှာ တာဝန်က ကြီးလေတော့ ကျွန်တော်ဖြင့် မရဲအောင် ဖြစ်နေတော့တာပဲ။ ဒါထက် ဒီနေရာကို ခင်ဗျား ဘယ့်နှယ် ရောက်လာပြီး ဘာတွေ လုပ်နေပါသလဲဗျာ။ ကျွန်တော်ကတော့ ဘေကာလမ်းမှာ ခင်ဗျား အလုပ်လုပ်နေတယ်လို့ ထင်နေခဲ့မိတယ်'

ဟုမ်း ။ ။'ကျုပ်ကလည်း ခင်ဗျားကို ဒီလိုပဲ ထင်စေချင်တာပဲ'

နုပ် ။ ။(စိတ်နာသော အသံနှင့်) 'ဒါဖြင့် ခင်ဗျား ကျွန်တော့်ကို အသုံးချပြီး ယုံလည်း မယုံကြည်ဘူးပေါ့။ ကျွန်တော့်ကို ခင်ဗျား ဒီလို မလုပ်ထိုက်ဘူး ထင်တယ်ဗျာ'

ဟုမ်း ။ ။'စိတ်မရှိပါနှင့် မိတ်ဆွေ၊ ဒီအမှုမှာရော၊ ဒီပြင် အမှုတွေမှာရော ကျုပ်အဖို့ ခင်ဗျားဟာ အင်မတန် အသုံးဝင်ပါတယ်။ ကျုပ်က ခင်ဗျားကို တစ်ပတ်ရိုက်သလို ပြုလုပ်ရာ ကျနေရင်လည်း ကျုပ်က တောင်းပန်ပါတယ်ဗျာ။ အမှန် ပြောရရင် ကျုပ်က တစ်ပတ် ရိုက်ရခြင်းဟာ ခင်ဗျားအတွက်ပါပဲ၊ အခုလည်းပဲ ခင်ဗျားအပေါ်မှာ ကျရောက်မယ့် ဘေးအန္တရာယ်ကို မြင်တဲ့အတွက် ကျုပ်ကိုယ်တိုင် လာပြီး ဒီအမှုကို ထောက်လှမ်းရခြင်း ဖြစ်ပါတယ်။ အကယ်၍ ဆာဟင်နရီတို့၊ ခင်ဗျားတို့နှင့် အတူ ကျုပ်လိုက်ခဲ့မိလို့ရှိလျှင် ခင်ဗျားတို့ စဉ်းစားတဲ့ နည်းလမ်းအတိုင်း ကျုပ်လည်း စဉ်းစားမိမယ်၊ ပြီးတော့လည်း ကျုပ် ရှိနေတယ်ဆိုရင် ကျုပ်တို့ ရန်သူများကလည်း ပိုပြီးတော့ သတိထားနေကြပါလိမ့်မယ်။ အခုတော့ ကျုပ် စိတ်ထင်တိုင်း သွားလာနိုင်တဲ့အပြင် သူတို့ မသိစေဘဲ အဆင်သင့် စောင့်ကြည့်နေပြီး လိုသည်နှင့် တစ်ပြိုင်နက် ကျုပ်က အကူအညီ ပေးနိုင်ပါတယ်'

နုပ် ။ ။'ဒါဖြင့် ကျွန်တော့် အစီရင်ခံစာတွေ အားလုံးဟာ အလကား ဖြစ်ကုန်တာပေါ့လေ' ဟု ပြောလျှင် ကျွန်ုပ်သည် မည်မျှ အပင်ပန်းခံ၍ မည်မျှ စိတ်ကြီးဝင်လျက် ရေးသားခဲ့မိခြင်းများကို သတိရသဖြင့် အသံ တုန်လျက် ရှိလေ၏။





ဟုမ်း(စ်)သည် အိတ်ထဲမှ စာရွက်တစ်ထုပ်ကို ထုတ်ပြီးနောက်–

ဟုမ်း ။ ။'ဟောဒီမှာ ခင်ဗျား အစီရင်ခံစာတွေပါပဲ၊ တော်တော် ကြီးလည်း ဖတ်ထားပါတယ်။ ကျုပ်က နေရာတကျ စီစဉ်ထားခဲ့လေတော့ ကျုပ် လက်ထဲရောက်ဖို့ တစ်ရက်တည်း နှောင့်နှေးခဲ့ပါတယ်။ ဒီလောက် ခက်ခဲနက်နဲတဲ့ အမှုတစ်ခုမှာ ခင်ဗျားရဲ့ ဉာဏ်နဲ့ စိတ်အားထက်သန်ခြင်း တို့ကို ကျုပ်တွေ့ရတဲ့အတွက် ကျုပ် ချီးမွမ်းပါတယ်။ ကိုင်း မစ္စစ်လောရာ လိုင်းရင်းဆီကို ခင်ဗျား သွားခဲ့တာ ဘယ်လိုများ ထူးခဲ့သလဲလို့ ပြောပြစမ်း ပါဦးဗျာ၊ သူ့ကို တွေ့ရအောင် ခင်ဗျား သွားတယ်ဆိုတာကို တွေးဖို့ရာ ကျုပ်အဖို့ မခက်လှပါဘူး။ ဘာကြောင့်လဲဆိုတော့ ကုန်းထရေစီမှာ ဒီအမှု အတွက် အသုံးကျမယ့်လူဟာ သူတစ်ယောက်ပဲ ရှိတယ်ဆိုတာကို ကျုပ် သိပြီးကိုးဗျ'

၎င်းနောက် ကျွန်ုပ်တို့သည် နေဝင်ပြီးနောက် ကျန်ရစ်သော အလင်း ရောင်တွင် အတူတကွ ထိုင်ကြ၍၊ ကျွန်ုပ်သည် ထိုမိန်းမနှင့် စကားပြောခဲ့ သည့် အကြောင်းခြင်းရာတို့ကို ဟုမ်း(စ်)အား ပြောပြလေ၏။ ကျွန်ုပ်၏ စကားအဆုံး၌–

ဟုမ်း ။ ။'ဒီဟာ သိပ်အရေးကြီးတယ်ဗျို့၊ ဒီအမှုရှုပ်ကြီးမှာ ပြတ်နေတဲ့ အဆက်တစ်ခု ခင်ဗျားပြောမှ ကျုပ်တွေ့ရတယ်။ ဒီမိန်းမနဲ့ စတေပလ်တန်နဲ့ သိပ်ရင်းနှီးတယ်ဆိုတာ ခင်ဗျား သိပြီး မဟုတ်လား'

နုပ် ။ ။'ကျွန်တော် မသိရပါဘူး'

ဟုမ်း ။ ။ 'ဒီအကြောင်းဟာ ဘာမျှ ယုံနိုင်စရာ မရှိဘူးဗျ။ သူတို့ချင်း တွေ့ကြတယ်၊ စာရေးကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် ကောင်းကောင်း နားလည်နေကြတယ်။ အခုတိုင်းဆိုရင် ကျုပ်တို့ လက်ထဲကို အင်မတန် အရာရောက်တဲ့ လက်နက်တစ်ခု ရောက်တာပဲ၊ သူ့မယားကို လင်နဲ့ကွဲအောင် စီမံနိုင်ခဲ့လို့ရှိရင် ...'

နုပ် ။ ။'ဘာမယားလဲဗျ'

ဟုမ်း ။ ။'ခင်ဗျားက ကျုပ်အဖို့ သတင်းယူခဲ့တဲ့အတွက် ကျုပ်ကလည်း ခင်ဗျားကို အချေးဆပ်ဦးမှာပေါ့။ မစ္စတေပလ်တန် အဖြစ်နဲ့ နေထိုင်တဲ့ မိန်းမဟာ အမှန်တော့ သူ့မယားပဲဗျ'

နုပ် ။ ။'အလို ဘုရားရေ၊ ခင်ဗျားဟာ သေချာရဲ့လားဗျာ။ ဒါထက် ဘာ့ကြောင့် ယခုလို တပင်တပန်းနဲ့ တစ်ပတ်ရိုက်နေကြတာလဲဗျ'

ဟုမ်း ။ ။'လွတ်လွတ်လပ်လပ် မိန်းမတစ်ယောက်အဖြစ်နဲ့ နေထိုင်စေခဲ့လျှင် သူ့အဖို့ အသုံးဝင်တယ် ဆိုတာကို သူမြင်ထားလို့ပေါ့ဗျ'

ထိုအခါ သဘာဝဓမ္မဆရာနှင့် ပတ်သက်၍ ကျွန်ုပ်၏ ဖွင့်၍ မပြောရသေးသော တွေးလုံးများနှင့် မရေရာသော မသင်္ကာမှုများသည် ရုတ်တရက် အဓိပ္ပာယ် ပေါ်ထွက်လာလေ၏။

နုပ် ။ ။'ဒါဖြင့် ကျွန်တော်တို့ ရန်သူဟာ သူပေါ့၊ လန်ဒန်မှာ တုန်းက ကျွန်တော်တို့နောက်က လိုက်တာ သူပေါ့'

ဟုမ်း ။ ။'ကျုပ်တော့ ဒီလိုပဲ ယူဆထားတယ်'

နုပ် ။ ။'ဟို သတိပေးတဲ့ စကားဟာလည်း သူ့ဆီကပဲ ဖြစ်မှာပေါ့'

ဟုမ်း ။ ။'အစစ်ပဲ'

နုပ် ။ ။'သို့သော်လည်း ခင်ဗျား သေချာရဲ့လားဗျာ၊ ဟိုမိန်းမဟာ သူ့မယားဆိုတာကို ခင်ဗျား ဘယ့်နှယ်သိသလဲ'

ဟုမ်း ။ ။'ဘယ့်နှယ်ကြောင့်လဲဆိုတော့ သူနဲ့ခင်ဗျားနဲ့ ပထမအကြိမ် တွေ့စဉ်က သူ့ဟာသူ မေ့ပြီး သူ့အတ္ထုပ္ပတ္တိကို ခင်ဗျားအား အမှန်အတိုင်း ပြောမိတယ်ဗျ၊ အခုတော့ သူ့ဟာသူ မှားမှန်းသိနေပြီ ထင်တယ်။ တစ်ခါတုန်းက အင်္ဂလန်ပြည်မြောက်ပိုင်းမှာ သူဟာ ကျောင်းဆရာ လုပ်ခဲ့ဖူးတယ်၊ ကျောင်းဆရာလောက် ခြေရာကောက်ဖို့ လွယ်တာမရှိဘူး။ ကျောင်းဆရာ လုပ်ဖူးတဲ့ လူဆိုရင် ခြေရာကောက်နိုင်တဲ့ အသင်းအဖွဲ့တွေ အများကြီး ရှိတယ်ဗျ။ ကျုပ်က အနည်းငယ် ထောက်လှမ်းကြည့်ရာ အရက်တကွဲ အကျိုးနည်း အဖြစ်နဲ့ ပျက်သွားဖူးတဲ့ ကျောင်းတစ်ကျောင်း ရှိဖူးတယ်လို့ ကျုပ်တွေ့ရဖူးတယ်။ ဒီကျောင်းကို ထောင်တဲ့လူဟာလည်း (နာမည်ကတော့ တစ်မျိုးပေါ့လေ) သူ့မယားနဲ့အတူ ကွယ်ပျောက်သွားကြသတဲ့၊ အဖြစ်အပျက်ခြင်းကလည်း တိုက်ဆိုင်တယ်။ အဲဒီ ကွယ်ပျောက်သွားတဲ့ လူဟာ ပိုးမွှားတိရစ္ဆာန်ဘက်မှာ ဝါသနာပါတယ်ဆိုတဲ့ အကြောင်းကို ကျုပ်သိရတော့ အဲဒီလူပဲ ဆိုတာကို အတပ်ပြောနိုင်တာပေါ့ဗျ'





နုပ် ။ ။'ဟိုမိန်းမဟာ သူ့မယား ဖြစ်ရိုးမှန်ရင် မစ္စစ်လောရာ လိုင်းရင်းက ဘယ့်နှယ် သဘောလဲဗျ'

ဟုမ်း ။ ။'အဲဒီ အချက်ဟာက ခင်ဗျား စုံစမ်းခဲ့လို့ ရှင်းလင်းသွားတဲ့ အချက်တစ်ခုပေါ့ဗျ၊ ခင်ဗျားနဲ့ အဲဒီမိန်းမနဲ့ တွေ့ရလို့ ဒီအရှုပ်တစ်ခု ရှင်းသွားပေတယ်။ သူ့ယောက်ျားနဲ့ သူနဲ့ ကွာရှင်းကြမယ်လို့ အကြံပြုခဲ့ဖူးတာကို သူ မသိပေဘူး။ ဟိုမိန်းမက စတေပလ်တန် သားမယား မရှိဘူး မှတ်ပြီး အိမ်ထောင်ပြုမိတာကိုး'

နုပ် ။ ။'သိတဲ့ အခါကျတော့ကောဗျာ'

ဟုမ်း ။ ။'သိတဲ့အခါကျတော့ ဒီမိန်းမဟာ ကျုပ်တို့အဖို့ အသုံးဝင်တာပေါ့ဗျ၊ နက်ဖြန်ခါ ဒီမိန်းမကို ကျုပ်တို့နှစ်ယောက်စလုံး သွားတွေ့ဖို့ရာ ကျုပ်တို့ဝတ္တရားပဲ။ ခင်ဗျားလူနဲ့ ခင်ဗျားနဲ့ ခွဲခွာနေတာ ကြာလွန်းပြီလို့ မထင်ဘူးလား ဝက်ဆင်၊ ခင်ဗျားဟာ ဘတ်စကာဗီးလ်ဟောလ်မှာ ရှိထိုက်တာပဲ'

အနောက်မျက်နှာ၌ နီမြန်းသော နေရောင်ခြည်တို့သည် နောက်ဆုံး မှေးမှိန်သွားလေရာ ကွင်းပြင်အရပ်၌ ည ဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်သည် ထိုင်ရာမှ ထလျက်–

နုပ် ။ ။'နောက်ဆုံး မေးခွန်းတစ်ခု မေးစမ်းပါရစေ၊ ခင်ဗျားနဲ့ ကျွန်တော်မှာ ကွယ်ဝှက်နေစရာ မရှိသင့်ပါဘူး။ ဒီဟာတွေ အားလုံးဟာ ဘယ်လို အဓိပ္ပာယ်လဲဗျာ၊ ဒီလူ့အကြံဟာ ဘာလဲဗျ'

ဟုမ်း ။ ။(တီးတိုးအသံဖြင့်) 'လူသတ်ထားတယ် ဝက်ဆင်၊ အင်မတန် အကြံဉာဏ်ထုတ်ထားပြီး စဉ်းစဉ်းစားစားနှင့် ရက်ရက်စက်စက် သတ်ထားတာပဲ၊ အဖြစ်သနစ်ကိုတော့ စေ့စုံအောင် မေးမနေနဲ့တော့ဗျာ။ သူ ဆာဟင်နရီကို ပိုက်ထောင်ထားတဲ့နည်းတူ ကျုပ်တို့လည်း သူ့ကို ပိုက်ထောင်ထားလေတော့ ကျုပ်တို့ပိုက်ထဲကို သူ တိုးလှပါပြီ။ ကျုပ်တို့ စိုးရိမ်စရာ တစ်ချက်တည်း ရှိပါတယ်၊ စိုးရိမ်ရတာက ဘာလဲဆိုတော့ ကျုပ်တို့ အစီအစဉ် မပြီးသေးခင် သူက လက်ဦးသွားမှာကို စိုးရိမ်ရတယ်။ တစ်ရက်၊ အလွန်ဆုံး နှစ်ရက်အတွင်းမှာ ကျုပ်ရဲ့ အစီအစဉ် အားလုံး ပြီးပါပြီ။ ဒီအတောအတွင်းမှာ မကျန်းမာတဲ့ သားကလေးကို ချစ်လှစွာသော မိခင်က စောင့်ရှောက်တဲ့နည်းတူ ခင်ဗျားက ခင်ဗျားလူကို စောင့်ရှောက်ပါ။ ဒီကနေ့ ခင်ဗျား ထွက်လာခဲ့ခြင်းကတော့ လာထိုက်တယ် ထားပါတော့၊ ဒါပေမဲ့ သူ့ကို ခွဲထားခဲ့တာတော့ ကျုပ် သဘောမကျဘူးဗျာ။ ဟော နားထောင်စမ်း'

ထိုခဏ၌ လွန်မင်းစွာ ထိတ်လန့်တုန်လှုပ်သဖြင့် အသံရှည်ဆွဲ၍ ကြောက်မက်ဖွယ် ဟစ်အော်လိုက်သော အသံတစ်သံသည် ဆိတ်ငြိမ်သော ကွင်းပြင်အရပ်၌ ရုတ်တရက် ဖြစ်ပေါ်လာခဲ့ရာ၊ ကျွန်ုပ်၏ ကိုယ်တွင်း၌ရှိသော သွေးတို့မှာ ရေခဲကဲ့သို့ ရုတ်တရက် အေးစက်သွားလေတော့၏။

'အို… ဘုရား …ဘုရား… ဘာသံပါလိမ့်မဗျာ' ဟု ကျွန်ုပ်က ပြောလိုက်မိလေရာ၊ ထိုအသံသည် ကျွန်ုပ်တို့ဘက်သို့ သာ၍ နီးကပ်သဖြင့် သာ၍ ကျယ်လောင်ပြီးလျှင်၊ သာ၍ အရေးကြီးဟန် လက္ခဏာ ရှိပေ၏။

ဟုမ်း ။ ။'ဘယ်ကလဲဗျို့' ဟု တီးတိုး မေးလိုက်ရာ ကျွန်ုပ်သည် ၎င်း၏ တုန်ယင်သော သံနေသံထားကို ကြားရသဖြင့်၊ သံကဲ့သို့ တင်းမာသော ဤလူကြီးပင်လျှင် နှလုံးသို့တိုင်အောင် ထိခိုက်သွားသည့် အကြောင်း သိရှိရလေ၏။

'ဟိုမှာ ထင်တယ်' ဟု ပြော၍ ကျွန်ုပ်သည် မှောင်မိုက်ထဲသို့ ညွှန်ပြလေ၏။





ဟုမ်း ။ ။'မဟုတ်ဘူးဗျ၊ ဟိုမှာ'

အတိဒုက္ခ ရောက်ဟန်တူသော ထိုအသံသည် ယခင်ကထက် ကျယ်လောင်၍ ယခင်ကထက် နီးကပ်စွာ ဖြစ်ပေါ်လာလေ၏။ ထိုအသံနှင့် ရောပြွမ်းလျက် ဝေးသောအရပ်မှ ပင်လယ်လှိုင်း ပုတ်ခတ်သော အသံနှင့် တူသည့် နက်နဲညည်းညူသော ဟိန်းသံကြီးလည်း ပူးတွဲပါလာလေရာ၊ ၎င်းအသံမှာ နိမ့်ချည်မြင့်ချည်ရှိ၍ တစ်နည်းအားဖြင့် သာယာ၍၊ တစ်နည်း အားဖြင့်လည်း ကြောက်စရာ ကောင်းလှပေ၏။

ဟုမ်း ။ ။'ခွေးကြီးဗျို့ …ဝက်ဆင် လာဗျို့ လာ၊ နောက်ကျ ရင်တော့ ဒုက္ခပဲဗျို့'

ဟုမ်း(စ်)သည် ကွင်းပြင်ကြီးပေါ်သို့ လျင်မြန်စွာ ပြေးသွားလေရာ၊ ကျွန်ုပ်မှာ သူ၏နောက်မှ ပြေးလိုက်သွားရလေ၏။ ကျွန်ုပ်တို့ ရှေ့၌ရှိသည့် မညီညာသော မြေပြင်အရပ်ဆီမှ စိတ်ပျက် အားလျော့သော လက္ခဏာနှင့် နောက်ဆုံး အော်ဟစ်လိုက်သော အသံတစ်သံကို ကြားရပြီးနောက်၊ ဗိုင်းခနဲ လဲကျသံကို ကြားကြရလေ၏။ ကျွန်ုပ်တို့သည် ရပ်တန့်၍ နားထောင်ကြရာ လေငြိမ်၍ တိတ်ဆိတ်သော ညကြီးအတွင်း၌ မည်သည့် အသံကိုမျှ မကြား ရချေ။

ဟုမ်း(စ်)သည် စိတ်ရှုပ်သော လူတစ်ယောက်၏ အမူအရာဖြင့် နဖူးကို လက်ဖြင့် ပုတ်ခတ်သည်ကို ကျွန်ုပ် တွေ့ရလေ၏။

ဟုမ်း ။ ။'သူက ကျုပ်တို့ကို နိုင်သွားပြီ ဝက်ဆင်။ ကိုယ့်လက်ကို ချုပ်ထားမိတာ ကျုပ် မိုက်တာပဲ၊ ခင်ဗျားလည်း ကိုယ့်လူကို ပစ်ထားခဲ့တာ ဘယ်လို ဖြစ်ရသလဲလို့ ကြည့်ပေဦးတော့။ ဒါပေမဲ့ သေသည်အထိ လုပ်ရင်တော့ ကျုပ်တို့က သူ့ကို လက်စားချေရမယ်'

ကျွန်ုပ်တို့သည် ကြောက်မက်ဖွယ်ကောင်းသော အသံများ ဖြစ်ပေါ်သော အရပ်သို့ မှောင်မိုက်ထဲတွင် အရမ်း ပြေးသွားလေ၏။

တီးတိုး ညည်းတွားသော အသံကို ကျွန်ုပ်တို့ ကြားကြရ၍၊ ထိုနောက်

တစ်ဖန် လက်ဝဲဘက်မှ ကြားကြပြန်လေရာ၊ ၎င်းဘက်၌ ကျောက်ဆောင်တန်း တစ်ခုသည် ရုတ်တရက် ယတိပြတ်ဆုံးသွားပြီးနောက်၊ ၎င်းရှေ့တွင် ကျောက်တုံးကျောက်ခဲများ ပြန့်ကျဲလျက်ရှိသော ဆင်ခြေလျှော မြေပြင်တစ်ခုသာလျှင် ရှိနေလေ၏။ ၎င်းကျောက်ဆောင်အစွန်း၌ မည်းနက် ကြမ်းတမ်းသော ပုံသဏ္ဌာန်တစ်ခုသည် ကားရားကြီး ပေါ်ထွက်လျက် ရှိ၏။ ကျွန်ုပ်တို့သည် ထိုနေရာသို့ ပြေးသွားကြသောအခါ ၎င်းပုံသဏ္ဌာန်သည် မထင်ရှားသော အဖြစ်မှ ထင်ရှားပီသသော အဖြစ်သို့ ပြောင်းလဲ ဖြစ်ပေါ်လာလေ၏။ ၎င်းပုံသဏ္ဌာန်မှာ မြေပေါ်တွင် မှောက်လျက်လဲနေသော လူတစ်ယောက်၏ ပုံသဏ္ဌာန် ဖြစ်လေရာ၊ ၎င်း၏ ဦးခေါင်းမှာ ခေါက်ခွေလျက် ပခုံးများမှာလည်း ကုန်းလျက်ရှိနေသဖြင့် ကျွမ်းပစ်မည့် ပုံသဏ္ဌာန် ရှိလေ၏။ ကျွန်ုပ်သည် ထိုသူကို ငုံ့လျက်ကြည့်နေစဉ် ညည်းသံလည်း မကြား၊ လှုပ်ရှားခြင်းလည်း မပြုချေ။ ဟုမ်း(စ်)သည် ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် အသံထွက်လျက် မီးခြစ်ကို ခြစ်လိုက်ရာ၊ ၎င်းအလင်းရောင်ဖြင့် တစ်စုံတစ်ခုသော အရာတစ်ခုကို တွေ့မြင်ရလျှင် ဆာဟင်နရီ ဖြစ်နေကြောင်း တွေ့ရသဖြင့် အသည်းနာ မိကြလေ၏။

လန်ဒန်မြို့ ဘေကာလမ်း၌ ဆာဟင်နရီကို ပထမအကြိမ် တွေ့မြင်ရသော မနက်က ၎င်းဝတ်ဆင်ထားသည့် နီတီတီ အရောင်ရှိသော သက္ကလတ်ကြမ်း အဝတ်စုံကို ကျွန်ုပ်တို့နှစ်ယောက်လုံးပင် မမှားနိုင်ပေ။ မီးခြစ်ဆံ၏ အလင်းရောင် မကုန်မီပင် ကျွန်ုပ်တို့သည် ၎င်းအဝတ်စုံကို မြင်လိုက်ကြရပေရာ၊ ကျွန်ုပ်တို့၏ မျှော်လင့်ချက်များသည် မီးခြစ်ဆံနှင့်အတူ ငြိမ်းသွားလေတော့၏။

ကျွန်ုပ်သည် လက်သီးများကို ဆုပ်လျက် 'ခွေးမသား … ခွေးမသား၊ ဒီအကောင် လက်ချက်ပဲ။ သူ တစ်ယောက်တည်း ပစ်ထားခဲ့မိတာကို ကျွန်တော်ဖြင့် သိပ်ဝမ်းနည်းတာပဲဗျာ'

ဟုမ်း ။ ။'ခင်ဗျားထက် ကျုပ်ကိုသာပြီး အပြစ်တင်ထိုက်တယ်





ဝက်ဆင်၊ ကျုပ် အမှုကို သေချာသထက် သေချာအောင် ကြိုးစားနေမိတာနဲ့ ကျုပ်ကို အားကိုးနေတဲ့ အမှုသည်တစ်ယောက် အသက်ဆုံးသွားရပြီ၊ ကျုပ် တစ်သက်မှာ ဒီတစ်ချက်ဟာ အနာဆုံးပဲဗျာ။ ဒါပေမဲ့ ကျုပ်က တဖွဖွ သတိပေးလျက်နဲ့ ကွင်းပြင်ကြီးပေါ်ကို သူတစ်ယောက်တည်း စွန့်ပြီး ထွက်လာလိမ့်မယ်လို့ ကျုပ်က ဘယ့်နှယ်လုပ်ပြီး သိနိုင်ပါ့မလဲ'

နုပ် ။ ။'သူ့ခများမှာ အော်လည်း အော်ရှာတယ်၊ သူ့အော်သံကို ကျုပ်တို့ ကြားလျက်နဲ့ ဘယ့်နှယ်မှ မတတ်နိုင်လိုက်တာ နာကြည်းတာပဲဗျာ'

ကျွန်ုပ်တို့သည် အလောင်းတစ်ဖက်တစ်ချက်တွင် ရပ်လျက်၊ ရက်ပေါင်းများစွာ အပင်ပန်းခံ ဆောင်ရွက်ခဲ့သော အလုပ်ကိစ္စကြီး တစ်ခုသည်၊ ဤကဲ့သို့ ရုတ်တရက် မပြုပြင်နိုင်အောင် အဆုံးသတ်သွားခြင်းအတွက် ဝမ်းနည်းပက်လက် ဖြစ်နေရစ်ကြလေ၏။

နုပ် ။ ။'ကျွန်တော်တို့ ဘယ်လိုလုပ်ဖို့ ရှိသလဲ'

ဟုမ်း ။ ။'နက်ဖြန်တော့ လုပ်စရာ အလုပ်တွေ အပုံပေါ့၊ သည်ကနေ့ည အဖို့တော့ မိတ်ဆွေရဲ့ ရှာပနကိစ္စကို ဆောင်ရွက်ကြရုံ ရှိတာပေါ့'

နုပ် ။ ။'လူလွတ်ပြီး အကူအညီ တောင်းမှဖြစ်မယ်၊ အိမ်ရောက်အောင် တစ်လမ်းလုံး ကျွန်တော်တို့ထမ်းပြီး သယ်လို့ မဖြစ်နိုင်ပေဘူး။ အလိုလေးဗျာ၊ ခင်ဗျား ရူးတာလား ဟုမ်း(စ်)'

ဟုမ်း(စ်)သည် အလောင်းပေါ်သို့ ကုန်း၍ကြည့်ရာမှ ထလာပြီးလျှင်၊ ခုန်ပေါက်ကာ က၍ ရယ်မောရင်း ကျွန်ုပ်၏ လက်ကို လိမ်ညှစ်လေ၏။ ဤလူသည်ကား ဣန္ဒြေကြီး၍ ကိုယ့်စိတ်ကို နိုင်နင်းသော မိတ်ဆွေကြီး ဟုမ်း(စ်) ဖြစ်နိုင်ပါမည်လော။

ဟုမ်း ။ ။'မုတ်ဆိတ်ပါတယ် ဝက်ဆင်၊ ဒီလူဟာ မုတ်ဆိတ်ပါတယ်'

နုပ် ။ ။'ဘယ့်နှယ် မုတ်ဆိတ်လဲဗျာ'

ဟုမ်း ။ ။'ဒီအလောင်းဟာ ဆာဟင်နရီ မဟုတ်ဘူးဗျ၊ ကျုပ်ရဲ့ အိမ်နီးချင်း အကျဉ်းသမားရဲ့ အလောင်းပဲ'

ကျွန်ုပ်တို့သည် အလောင်းကို ကတိုက်ကရိုက်နှင့် ပက်လက်လှန်လိုက်လေရာ၊ ထိုသူ၏ မုတ်ဆိတ်ဖျားသည် လမင်းရှိရာသို့ တည့်တည့်ကြီး တန်းလျက် ထောင်တက်နေလေ၏။ ဤလူ၏ မောက်သောနဖူးနှင့် ချိုင့်ဝှမ်းသော မျက်လုံးများသည်ကား ဆာဟင်နရီ မဟုတ်နိုင်ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

၎င်းနောက် တစ်ခဏချင်းတွင် ကျွန်ုပ်သည် ဤအခြင်းအရာကို ရိပ်မိလေ၏။ ဆာဟင်နရီက ၎င်း၏ အဝတ်အစားဟောင်းများကို ဘဲရီမိုးအား ပေးစွန့်လိုက်သည့် အကြောင်းကို ကျွန်ုပ် သတိရမိလေရာ၊ ဘဲရီမိုးသည် သူ၏ယောက်ဖ အကျဉ်းသမားအား ထွက်ပြေးရာ၌ လွယ်ကူစေရန် တစ်ဆင့် ပေးလိုက်ဟန် တူပေ၏။ ထို့ပြင် ဖိနပ်၊ ရှပ်အင်္ကျီနှင့် ဦးထုပ်တို့မှာလည်း ဆာဟင်နရီ၏ ပစ္စည်းများပင် ဖြစ်ကြလေ၏။ အဖြစ်အပျက်မှာ နှလုံးမသာယာဖွယ် ရှိနေသော်လည်း ဤလူမှာ ဥပဒေ စည်းကမ်းအရ အသက်သေထိုက်သော လူတစ်ယောက် ဖြစ်ပေရာ၊ ကျွန်ုပ်သည် ဤအကြောင်းကို ဟုမ်း(စ်)အား ရှင်းလင်းပြောပြလေ၏။

ဟုမ်း ။ ။'ဒါဖြင့် ဒီအဝတ်တွေကြောင့် သေရရှာတာကိုး၊ ဆာဟင်နရီရဲ့ အဝတ်အစား တစ်ခုခုကို ခွေးကိုပြထားပြီး ခွေးက အဝတ်နံ့ခံပြီး လိုက်ဟန်တူတယ်။ ဟိုတယ်မှာတုန်းက ဆာဟင်နရီ ဖိနပ်ပျောက်ခြင်းဟာ ခွေးကိုပြဖို့ ခိုးယူတာနဲ့ တူတယ်။ ဒီအလောင်းကို ကျုပ်တို့ ယခု ဘယ့်နှယ်လုပ်မလဲ၊ ကျုပ်ရဲ့ လက်ငင်းအလုပ်ကတော့ ဆာချာလ်စ်ကို သေအောင်ခြောက်ပြီး ယခု ဆာဟင်နရီကို သေအောင် ကြိုးစားနေတဲ့ တရားခံကို မိအောင် ထောင်ဖမ်းဖို့ပဲ ရှိတယ်'

နုပ် ။ ။'အလောင်းကို တဲတစ်ခုခုထဲ ထားခဲ့ပြီး ပုလိပ်ကို သတင်းပေးကြလျှင် တော်လိမ့်မယ် ထင်တယ်'





ဟုမ်း ။ ။'ဟုတ်တယ်၊ ဒီလောက်အထိတော့ ခင်ဗျားနဲ့ ကျုပ်နဲ့ အလောင်းကို သယ်ယူနိုင်ကောင်းပါရဲ့။ အလို ဒါဘာလဲ ဝက်ဆင်၊ တယ်လာတဲ့ လူပါကလား၊ သူကိုယ်တိုင် ဟောဟိုက ပေါက်လာတယ်ဗျို့။ ကျုပ်တို့က မသင်္ကာတဲ့ အကြောင်းကို သူ ရိပ်မိအောင် တစ်ခွန်းမှ မပြောနဲ့ဗျို့နော်၊ နို့မဟုတ်ရင် ကျုပ်အကြံတွေအားလုံး ပျက်ကုန်လိမ့်မယ်'

လူတစ်ယောက်၏ ပုံသဏ္ဌာန်သည် ကျွန်ုပ်တို့အနီးသို့ ချဉ်းကပ်လာလေရာ၊ ၎င်း၏ဆေးပြင်းလိပ်မှ မှေးမှိန်သော အနီရောင်ကို ကျွန်ုပ် မြင်ရပေ၏။ ကျွန်ုပ်တို့ကို မြင်သောအခါ ထိုသူသည် ရပ်တန့်ပြီးမှ တစ်ဖန်ဆက်၍ လာလေ၏။

သူ ။ ။'ဘယ့်နှယ်လဲ ဒေါက်တာဝက်ဆင်၊ ခင်ဗျားမှ ဟုတ်ရဲ့လား၊ ဒီလိုညအချိန်ကြီးမှာ ကွင်းပြင်ကြီးဆီကို ခင်ဗျား ထွက်လာလိမ့်မယ်လို့ ကျွန်တော် မထင်မိဘူးဗျာ။ အလို ဒါ ဘာလဲဗျို့၊ တစ်ယောက်ယောက် ထိခိုက်သွားလို့လား၊ ကျွန်တော်တို့ မိတ်ဆွေ ဆာဟင်နရီရယ်လို့များ မပြောကြပါနဲ့ဗျာ'

သူသည် ကျွန်ုပ်ကို ကျော်သွား၍ အလောင်းကို ငုံ့ကြည့်ရာ၊ ရှိုက်၍ ရှူလိုက်သံကို ကျွန်ုပ် ကြားလိုက်ရ၍၊ ဆေးပြင်းလိပ်သည်လည်း သူ၏လက်မှ လွတ်ကျသွားလေ၏။

သူ ။ ။(ထစ်ထစ်ငေါ့ငေါ့နှင့်) 'သူ... သူ... ဘယ်သူလဲဗျ'

နုပ် ။ ။'အကျဉ်းထောင်က ထွက်ပြေးလာတဲ့ ဆဲလ်ဒင် ဆိုတဲ့ လူပေါ့'

စတေပလ်တန်သည် စိတ်ပျက်သော မျက်နှာထားနှင့် ကျွန်ုပ်တို့ဘက်သို့ လှည့်ကြည့်ပြီးနောက်၊ ၎င်း၏ အံ့သြခြင်းနှင့် စိတ်ပျက်ခြင်းတို့ကို ကြိုးစား၍ ဖျောက်ဖျက်လိုက်လေ၏။ ထိုနောက် သူသည် ဟုမ်း(စ်)ကို ကြည့်ရာမှ ကျွန်ုပ်အား ဖျတ်ခနဲ လှမ်းကြည့်၍ 'ဖြစ်ရလေဗျာ၊ သိပ်ဆိုးတဲ့ အဖြစ်အပျက်ပဲ၊ သူ ဘယ့်နှယ် သေတာလဲ'

နပ် ။ ။'ကျောက်ဆောင်အစွန်းက လိမ့်ကျပြီး ဇက်ကျိုးသေဟန်တူတယ်၊ ကျွန်တော့်မိတ်ဆွေနှင့် ကျွန်တော်က လမ်းလျှောက်နေတုန်း အော်သံ ကြားရပါတယ်'

တန် ။ ။'ကျွန်တော်လည်း ကြားတယ်၊ ဒါကြောင့် ကျွန်တော် ထွက်လာတာပဲ။ ကျွန်တော်က ဆာဟင်နရီအတွက် စိုးရိမ်နေတယ်'

နပ် ။ ။'ဆာဟင်နရီအတွက် အထူးတလည် ဘာ့ကြောင့် စိုးရိမ်ရသလဲဗျာ'

တန် ။ ။'ကျွန်တော်က သူ လာဖို့ အကြံပေးထားမိလို့ပါ၊ သူ မပေါ်လာတော့ ကျွန်တော် အံ့သြပြီး သူ့အတွက် စိုးရိမ်မိတာနဲ့ ထွက်လာရာမှာ ကွင်းပြင်ပေါ်က အော်သံကြားရတယ်။ ဒါထက် အော်သံအပြင် ဘာများ ခင်ဗျားတို့ ကြားရသေးသလဲ' ဟု မေးလျက် သူသည် ကျွန်ုပ်၏ မျက်နှာမှ ဟုမ်း(စ်)၏ မျက်နှာကို လှမ်းကြည့်လိုက်၏။

ဟုမ်း ။ ။'မကြားပါဘူး၊ ခင်ဗျားကော ကြားလို့လား'

တန် ။ ။'မကြားပါဘူး'

ဟုမ်း ။ ။'ဒါဖြင့် ဘယ့်နှယ်အဓိပ္ပာယ်နှင့် မေးတာလဲ'

တန် ။ ။'တောသူတောင်သားတွေက ခွေးတစ္ဆေကြီးလိုလို ဘာလိုလို ပြောကြလွန်းလို့ပါဗျာ။ ကွင်းပြင်ကြီးမှာ ညအချိန်ကျရင် ဒီအသံ ကြားရတယ်ဆိုလို့ ဒီကနေ့ညမှာ ဒီအသံမျိုး ကြားလေသလားလို့ အောက်မေ့မိလို့ပါ'

နပ် ။ ။'ကျုပ်တော့ ဘာသံမှ မကြားပါဘူး'

တန် ။ ။'ဒီလူ ဘာကြောင့်သေရတယ်လို့ ခင်ဗျား ထင်သလဲ'

နပ် ။ ။'စိုးရိမ်ပူပန်တာ တစ်ဖက်၊ အမိုးအကာ မရှိတာက တစ်ဖက် ဖြစ်လေတော့ ရူးသွားပြီး ဟိုဟိုဒီဒီ ပြေးရာမှ ကျောက်စွန်းက လိမ့်ကျပြီး ဇက်ကျိုးသေတယ် ထင်တာပဲ'

တန် ။ ။'ဒီအတိုင်းပဲ ဟုတ်ဟန် တူပါတယ်' ဟု ပြော၍





သက်ပြင်းချလိုက်ရာ၊ စိတ်သက်သာခြင်း ရသွားဟန်တူသည်ဟု ကျွန်ုပ် မှတ်ထင်မိ၏။ ၎င်းနောက်–

တန် ။ ။ 'ခင်ဗျားကော ဘယ့်နှယ် ထင်သလဲ မစ္စတာ ရှားလော့(က)ဟုမ်း(စ်)'

ဟုမ်း ။ ။(ဦးခေါင်းညွှတ်ပြီးနောက်) 'ဘယ်သူဘယ်ဝါလဲလို့ အကဲခတ်ပုံ တော်တော်မြန်ပါကလား'

တန် ။ ။'ဒေါက်တာဝက်ဆင် ရောက်လာကတည်းက ခင်ဗျားကို ကျွန်တော်တို့ မျှော်နေလို့ပါ။ သေတဲ့ပျောက်တဲ့အခန်း မီအောင် ခင်ဗျား ရောက်လာသကိုး'

ဟုမ်း ။ ။'ဟုတ်ကဲ့၊ နက်ဖြန် လန်ဒန်ပြန်တော့ နှလုံးမသာယာစရာ အဖြစ်အပျက်တစ်ခု ပါလာဦးတော့မှာပဲ'

တန် ။ ။'သြော် ခင်ဗျား နက်ဖြန် ပြန်တော့မလို့လား'

ဟုမ်း ။ ။'ဒီလိုပဲ စိတ်ကူးတယ်'

တန် ။ ။'ကျွန်တော်တို့အဖို့ ရှုပ်ထွေးနေတဲ့ဟာကလေးတွေကို ခင်ဗျားလာလို့ ရှင်းသွားနိုင်ကောင်းပါရဲ့'

ဟုမ်း ။ ။'အမှုတိုင်းမှာ နေရာကျဖို့လည်း မမျှော်လင့်နိုင်ပေဘူးပေါ့။ အမှုကို စုံစမ်းတဲ့ စုံထောက်ဆိုတာမျိုးဟာ ဒဏ္ဍာရီ ဝတ္ထုမျိုးတို့၊ ကောလာဟလ စကားတို့နှင့် မဖြစ်နိုင်ဘူး၊ လက်တွေ့ အဖြစ်အပျက်ရမှ ဖြစ်နိုင်ပါတယ်။ ဒီအမှုဟာကတော့ စိတ်ကျေနပ်စရာ မရှိပါဘူး'

ဟုမ်း(စ်)သည် အရေးမကြီးသော အမူအရာနှင့် ရှင်းရှင်းပွင့်ပွင့် ပြောနေလေရာ၊ စတေပလ်တန်သည် ၎င်းအား စူးစိုက်၍ ကြည့်ပြီးနောက် ကျွန်ုပ်ဘက်သို့ လှည့်၍–

တန် ။ ။'ဒီအလောင်းကို ကျွန်တော့်အိမ်ထဲ ရွှေ့ထားခဲ့ဖို့ အကြံပေးချင်တာပဲ၊ နို့ပေမဲ့ ကျွန်တော့်နှမ ကြောက်မှာစိုးလို့ အကြံပေးလို့ မတော်ပါဘူး။ သူ့မျက်နှာကို တစ်ခုခုနဲ့ ဖုံးထားခဲ့ရင် မနက်ဖြန်ကျအောင် လုံခြုံကောင်းပါရဲ့'

ၾငင်းအတိုင်း စီမံခဲ့ပြီးနောက် ကျွန်ုပ်တို့သည် စတေပလ်တန်၏ ဖိတ်ခေါ်ခြင်းကို ငြင်းပယ်၍ ၎င်းတစ်ယောက်တည်း ချန်ထားခဲ့ပြီးလျှင် ဘတ်စကာဗျိုလ်ဟောလ်သို့ ပြန်ခဲ့ကြလေသည်။

ကွင်းပြင်ကြီးသို့ ဖြတ်၍ လမ်းလျှောက်လာကြစဉ်–

ဟုမ်း ။ ။'နောက်ဆုံးကျတော့ ရှမ်းနှင့်ဆင် လယ်ပြင်တွေ့ဆိုတဲ့ စကားလို လူချင်းဆိုင်မိကြပကောဗျို့၊ အာဂသတ္တိကောင်းတဲ့ အကောင်မျိုးတွေပဲ။ ယုံထောင် ကြောင်မိဆိုသလို အလွဲ လူတစ်ယောက် သေနေတာတွေ့လို့ တော်တော်ကြီး တုန်လှုပ်သွားတာတောင် ဣန္ဒြေမပျက်ရအောင် ဟန်ဆောင်နိုင်သေတယ်ဗျ။ ကျုပ်တို့နဲ့ ဉာဏ်ရည်ချင်း ယှဉ်ပြိုင်တဲ့ဘက်က သူ့ထက်သာတဲ့ လူကို မတွေ့ဖူးဘူးလို့ လန်ဒန်မှာတုန်းက ပြောခဲ့တဲ့အတိုင်း ယခုလည်း ပြောရပေဦးမယ်'

နုပ် ။ ။'ခင်ဗျားကို သူ မြင်သွားတာကတော့ ကျွန်တော် ဝမ်းနည်း သဗျာ'

ဟုမ်း ။ ။'ကျုပ်လည်း ပထမတော့ ဒီလိုဖြစ်တာပဲ၊ ဒါပေမဲ့ မရှောင်နိုင်တဲ့ ကိစ္စမို့ မတတ်နိုင်ဘူးပေါ့ဗျာ'

နုပ် ။ ။'ခင်ဗျား ဒီရောက်နေမှန်းကို သူ သိသွားလေတော့ သူ့အကြံအစည်များ ဘယ်လို ပြောင်းလဲလိမ့်မယ် ထင်သလဲ'

ဟုမ်း ။ ။'ပိုပြီးတော့ သတိထားရင်လည်း ထားလိမ့်မယ်၊ သို့မဟုတ် ချက်ချင်း တစ်ခါတည်း စွန့်ပြီး လုပ်ရင်လည်း လုပ်လိမ့်မယ်'

နုပ် ။ ။'ဘာ့ကြောင့် သူ့ကို တစ်ခါတည်း မဖမ်းသလဲဗျ'

ဟုမ်း ။ ။'သြော် ကိုယ့်လူ၊ ခင်ဗျားဟာက အလုပ်လုပ်တဲ့ ဇာတာပါလာတဲ့ လူကိုး။ အကယ်၍ စကားပုံပမာ သူ့ကို ကျုပ်တို့က ဒီကနေ့ည ဖမ်းလိုက်တယ် ဆိုပါတော့၊ ကျုပ်တို့အဖို့ ဘာများထူးမလဲ၊ သူ့မှာ အပြစ်ရှိကြောင်းကို ကျုပ်တို့က ဘာတစ်ခုမှ အထင်အရှား မပြနိုင်ဘူးဗျ၊ အဲဒီအချက်ဟာ ဒီလူ တော်တာပဲ။ သူက သွေးရိုးသားရိုး လူသားတစ်ယောက်





ကို အသုံးပြုထားလို့ရှိရင် ကျုပ်တို့က သူ့အပြစ် ထင်ရှားအောင် တစ်နည်းနည်း ဖော်ပြနိုင်ဖို့ ရှိတယ်၊ ဒီလို မဟုတ်ဘဲနဲ့ ကျုပ်တို့က ဒီခွေးကြီး ဆွဲထည့်ထားရင် သူ့လည်ပင်းကို ကြိုးကွင်းစွပ်ဖို့ မဖြစ်နိုင်ဘဲ ရှိလိမ့်မယ်ဗျ'

နုပ် ။ ။'ကျွန်တော်တို့ လက်မှာ အမှုလုပ်နိုင်စရာ လက်ဆုပ်လက်ကိုင် ရှိတယ် မဟုတ်လားဗျာ'

ဟုမ်း ။ ။'ဘာတစ်ခုမှ မရှိဘူးဗျ၊ တွေးလုံးနဲ့ မှန်းလုံးကြီးပဲ။ ရုံးပေါ်ကျလို့ ခွေးဒဏ္ဍာရီနဲ့ ဆင်ပြီး စွဲရင် ကျုပ်တို့ကို ဝိုင်းရယ်ကြမှာပေါ့'

နုပ် ။ ။'ချီ ဆာချားလ်စ် သေတဲ့အမှု ရှိသေးသားပဲဗျာ'

ဟုမ်း ။ ။'ဆာချားလ်စ် သေတာက ဒဏ်ရာဒဏ်ချက် တစ်ခုမှ မတွေ့ဘူးဗျ၊ ဒီလူကြီးဟာ လန့်ပြီးသေတယ်။ ဘာကို လန့်တယ်ဆိုတဲ့ အကြောင်းကို ခင်ဗျားနဲ့ ကျုပ်နဲ့တော့ သိတာပေါ့၊ ဒါပေမဲ့ ထိုင်းမှိုင်းတဲ့ ဂျူရီလူကြီး ၁၂ ယောက်ကို ကျုပ်တို့ သိသလို သိအောင် ကျုပ်တို့ ဘာတတ်နိုင်သလဲ။ ခွေးကြီးလို့သာ ပြောရတယ်၊ ဘယ်မှာ အရိပ်နိမိတ် ရှိလို့လဲ၊ သူ့အစွယ်ရာ ဘယ်မှာလဲ၊ ခွေးကြီးဟာ လူသေကောင်ကို မကိုက်ဘူး၊ ဆာချားလ်စ်ကို ခွေးကြီးက မမီခင် သေသွားတယ် ဆိုတာတွေကို ကျုပ်တို့ သိတာတော့ မှန်တယ်၊ ဒါပေမဲ့ ကျုပ်တို့ သိရုံနှင့် မပြီးဘူးဗျ။ ဒါတွေကို အားလုံး ထင်ရှားအောင် ကျုပ်တို့က သက်သေပြရမယ်၊ ကျုပ်တို့ ပြလည်း မပြနိုင်ဘူး'

နုပ် ။ ။'ကောင်းပြီ၊ ဒါဖြင့် ဒီနေ့ညကော'

ဟုမ်း ။ ။ 'ဒီနေ့ညမလည်း ထူးလှပါဘူး၊ ခွေးကြီးနဲ့ ဒီလူသေတာနဲ့က တိုက်ရိုက် ဆက်သွယ်ခြင်း မရှိဘူးဗျ၊ ခွေးကြီးကို ကျုပ်တို့ မမြင်ရဘူး၊ ကြားရုံသာ ကြားရတယ်။ ပြီးတော့လည်း ခွေးကြီးဟာ မည်သူ့နောက်ကို လိုက်တယ်လို့ ထင်ရှားအောင် ကျုပ်တို့ မပြနိုင်ဘူး။ နောက်ပြီးတော့ ရည်ရွယ်တာလည်း လုံးလုံးမရှိဘူး၊ မဖြစ်နိုင်ဘူး ကိုယ့်လူ။ ယခုအဖို့မှာ

ကျုပ်တို့က အပြစ်ထင်ရှားအောင် ဘာတစ်ခုမှ မပြနိုင်ဘူးဆိုတာ လက်ခံပြီး ထင်ရှားအောင် ပြဖို့ အစွမ်းကုန် စွန့်စားပြီး အလုပ်လုပ်ကြဖို့ ရှိတော့တာပဲ'

နပ် ။ ။'ဘယ်လို လုပ်မလဲဗျာ'

ဟုမ်း ။ ။'မစ္စစ်လောရာလိုင်းရင်းကို အလုံးစုံ ရှင်းလင်း ပြောပြပြီးတဲ့နောက် ကျုပ်တို့အတွက် သူ ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်၊ ကျုပ်တို့ အကြံလည်း ရှိပါတယ်။ ဒီတော့ကာ ဒီကနေ့အဖို့ အသာထားပြီး နက်ဖြန် နေမကုန်မီ ကျုပ်တို့က အထက်စီးရလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

ကျွန်ုပ်သည် ဟုမ်း(စ်)ထံမှ နောက်ထပ် တစ်စုံတစ်ရာမျှ ညှစ်ထုတ်ရန် မထုတ်နိုင်ဘဲ ရှိခဲ့ရာ၊ ဟုမ်း(စ်)မှာ ဘတ်စကားဗျိုလ် အိမ်တံခါးသို့ ရောက်အောင် စဉ်းစား စိတ်ကူးရင်း လျှောက်လာခဲ့၏။

နပ် ။ ။'ခင်ဗျား အိမ်ထဲ ဝင်ဦးမလား'

ဟုမ်း ။ ။'ဟုတ်ကဲ့၊ ခုမှတော့ ဖုံးကွယ်နေစရာ အကြောင်းမရှိပါဘူး။ သို့သော် တစ်ခုပြောမယ် ဝက်ဆင်၊ ဆာဟင်နရီကို ခွေးအကြောင်း ဘာမှ မပြောနဲ့ဗျို့၊ အကျဉ်းသမား သေပုံဟာ စတေပလ်တန် လှည့်စားထားတဲ့ အတိုင်း ဆာဟင်နရီလည်း ထင်ပေစေတော့။ ဒီတော့မှ ခင်ဗျား အစီရင်ခံစာ ပါတဲ့အတိုင်း စတေပလ်တန်တို့ အိမ်မှာ ဆာဟင်နရီက နက်ဖြန်ညစာ ထမင်းစားတဲ့အခါမှာ မတုန်မလှုပ်ဘဲ ရဲရဲတင်းတင်း ရှိလိမ့်မယ်'

နပ် ။ ။'ကျွန်တော်လည်း သွားစားရမှာဗျ'

ဟုမ်း ။ ။'ဒါဖြင့် ခင်ဗျား မလိုက်နဲ့၊ အကြောင်းတစ်ခုခု ပြပြီး နေလိုက်၊ သူတစ်ယောက်တည်း သွားပေစေ၊ ဒီဟာကို စီစဉ်ဖို့ မခဲယဉ်းပါဘူး။ ကိုင်း ညစာစားဖို့ အချိန်နောက်ကျရင် ညလယ်စာ စားကြရုံ ရှိတာပေါ့ဗျာ'

အခန်း ၁၃

ကျော့ကွင်းထောင်ခြင်း

ဆာဟင်နရီသည် ဟုမ်း(စ်)ကို တွေ့ရသောအခါ အံ့သြခြင်းထက် ဝမ်းမြောက်ခြင်းက ပိုရာ၊ ကျွန်ုပ်တို့သည် အချိန် နောက်ကျနေသည့် ညလယ်စာကို စားကြရာတွင်၊ ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို သိတန်သလောက်မျှ ဆာဟင်နရီအား ပြောပြလေ၏။ ရှေးဦးစွာ ကျွန်ုပ်သည် ဘဲရီမိုးလင်မယားတို့အား အကျဉ်းသမား သေဆုံးသည့် နှလုံးမသာယာဖွယ် သတင်းကို ပြောပြရလေ၏။ လင်အဖို့မှာ ထိုသတင်းသည် စိတ်မသက်သာမှု သက်သက် ဖြစ်ဟန်တူသော်လည်း မယားဖြစ်သူသည် ဝမ်းနည်းစွာ ငိုကြွေးလေ၏။

ရီ ။ ။'ဒါထက် အမှုဟာတော့ ဘယ့်နှယ်လဲဗျ၊ ခင်ဗျားဘာများ ရှင်းနိုင်သလဲ။ ဝက်ဆင်နှင့် ကျွန်တော်တော့ဖြင့် ဒီရောက်လာမှတယ်ပြီး မထူးလှပါဘူးဗျာ'

ဟုမ်း ။ ။'မကြာမီအတွင်း ရှင်းလင်းအောင် လုပ်နိုင်တဲ့ အခြေအနေ ရောက်လိမ့်မယ်လို့ ထင်ပါတယ်၊ သိပ်ခက်ပြီး သိပ်ရှုပ်တဲ့ အမှုပဲဗျ။ ကျွန်ုပ်တို့ ပြုဖို့လိုတဲ့ အချက်ကလေးတွေ တော်တော် ကျန်သေးတယ်။ သို့သော်လည်း နေရာကျတော့မှာပါ၊ နီးပါပြီ'

ရီ ။ ။'ဝက်ဆင်က ခင်ဗျား ပြောပြီးတဲ့အတိုင်း ကျွန်တော်တို့ နှစ်ယောက် တစ်စုံတစ်ခု ကြုံတွေ့ရသေးတယ်ဗျ၊ ကွင်းပြင်ကြီးပေါ်မှာ ခွေးကြီးအူသံကို ကျွန်တော်တို့ ကြားရတယ်။ ဒါကြောင့် အယူသီးတဲ့ လူတွေ

ပြောတဲ့စကားသက်သက် မဟုတ်ကြောင်း ကျွန်တော် ကျိန်ဆိုတယ်။ ဒီခွေးကြီး ပါးစပ်ကိုချုပ်ပြီး သံကြိုးနဲ့ ချည်ပေးနိုင်လို့ ရှိရင် ခင်ဗျားလို စုံထောက်ဟာ တစ်ခါမှ မပေါ်သေးဘူးလို့ ကျွန်တော်က ကျိန်ပြောဖို့ အသင့်ပါပဲဗျာ'

ဟုမ်း ॥ ॥'ခင်ဗျားက ကူညီမယ်ဆိုရင် ဒီခွေးကြီးကို ပါးစပ်လည်း ချုပ်ပေးမယ်၊ သံကြိုးနဲ့လည်း ချည်ပေးမယ်၊ စိတ်ချပါ'

ရီ ॥ ॥'ကျွန်တော်ကတော့ ခင်ဗျားပြောတာ အကုန်လုပ်မှာပဲ'

ဟုမ်း ॥ ॥'ကောင်းလှပြီ၊ လုပ်တဲ့အခါမှာ ဘာကြောင့် ညာကြောင့်လို့ မေးမနေဘဲ မျက်စိမှိတ်ပြီး အလုပ်ခိုင်းရလိမ့်မယ်'

ရီ ॥ ॥'ခင်ဗျား သဘောအတိုင်းပါပဲဗျာ'

ဟုမ်း ॥ ॥'ခင်ဗျားက ဒီလိုလုပ်မယ်ဆိုရင် ကျုပ်တို့ရဲ့ ပြဿနာကလေးဟာ မကြာခင် ရှင်းသွားဖို့ လမ်း များပါတယ်။ ကျုပ်အထင်မှာတော့...'

ဟုမ်း(စ်)သည် ရုတ်တရက် ရပ်တန့်၍ ကျွန်ုပ်၏ ဦးခေါင်းပေါ်မှ ကျော်ပြီးလျှင် လေထဲသို့ စူးစိုက်လျက် ကြည့်နေလေ၏။

ထိုအခါ ကျွန်ုပ်တို့နှစ်ယောက်လုံးက 'ဘာလဲဗျ' ဟု မေးလိုက်ကြ၏။

ဟုမ်း(စ်)သည် ရိုးရိုးနည်းအတိုင်း တစ်ဖန် ကြည့်လာသောအခါတွင်၊ ၎င်း၏စိတ်ထဲ၌ ထိခိုက် တုန်လှုပ်ခြင်း တစ်စုံတစ်ခုကို ချုပ်တည်းထားကြောင်း ကျွန်ုပ် မြင်နိုင်ပေ၏။ ၎င်း၏ မျက်နှာထားသည် နဂိုအတိုင်း ရှိနေသော်လည်း မျက်လုံးများမှာ ကျေနပ်ရွှင်ပျခြင်းဖြင့် အရောင် တောက်လျက် ရှိနေလေ၏။

ဟုမ်း(စ်)သည် ၎င်းနှင့် မျက်နှာချင်းဆိုင်ရှိ နံရံ၌ရှိသော ရုပ်ပုံကားများကို လက်ဖြင့် ယမ်းပြရင်း–

ဟုမ်း ॥ ॥'ပန်းချီကားကောင်း နားလည်တဲ့ လူတစ်ယောက် အနေနဲ့ ချီးမွမ်းပါရစေဗျာ၊ ဟောဟိုက ရုပ်ပုံကားတွေဟာ တကယ်ကို





အလွန်အမင်း ကောင်းတဲ့ ကားတွေပါပေပဲ။ ဒီဟာတွေက အိမ်သူအိမ်သားတွေရဲ့ ကားချည်းပဲ မှတ်တယ်'

ရီ ॥ ॥'တစ်ခုမကျန် မှန်ပါတယ်'

ဟုမ်း ॥ ॥'နာမည်တွေကို ခင်ဗျား သိသလား'

ရီ ॥ ॥'ဟုတ်ကဲ့၊ ဟောဟိုဟာက ဝက်စ်အင်ဒီကျွန်းစုမှာ စစ်တိုက်ခဲ့ဖူးတဲ့ ရေကြောင်းဗိုလ်ချုပ်ကြီး ဘတ်စကားဗျီပါပဲ၊ အင်္ကျီပြာ ဝတ်ပြီး စက္ကူလိပ်ကြီး ကိုင်ထားတာက ဆာဝီလီရန်ဘတ်စကားဗျီတဲ့၊ နန်းရင်းဝန်ကြီး ပစ် လက်အောက်မှာ အောက်လွှတ်တော် ကော်မတီအဖွဲ့ရဲ့ ဥက္ကဋ္ဌပါပဲ'

ဟုမ်း ॥ ॥'ကျုပ်နဲ့ မျက်နှာချင်းဆိုင်ရှိတဲ့ ကတ္တီပါအနက်နဲ့ ဇာတွေနဲ့ ဟာကောဗျာ'

ရီ ॥ ॥'ဪ သူ့အကြောင်းတော့ ခင်ဗျား သိထိုက်တယ်။ ဘတ်စကားဗျီလ်ခွေးကြီးဆိုတဲ့ ဒဏ္ဍာရီကို အစပြုတဲ့ လူမိုက်ကြီး ဟူဂိုဆိုတာ သူ ပေါ့ဗျ၊ သူ့တော့ ကျွန်တော်တို့ မမေ့နိုင်ပါဘူး'

ဟုမ်း ॥ ॥'အလိုလေးဗျာ၊ သူ့ကြည့်ရတာက ခပ်ငြိမ်ငြိမ်နဲ့ သိမ်သိမ်မွေ့မွေ့လိုပါလား၊ နို့ပေမဲ့ သူ့မျက်လုံးက ဆိုးတဲ့မိုက်တဲ့ သဘောကလေး ပြတယ်ထင်တယ်'

ရီ ॥ ॥'လူမှားစရာတော့ မရှိပါဘူး။ လူနာမည်ရော၊ ရက်စွဲရော ၁၆၄၇ ခုနှစ်တဲ့၊ ကျောဘက်မှာ ပါ ပါတယ်'

ဟုမ်း(စ်)သည် နောက်ထပ် များစွာ စကားမပြောဘဲ ထိုလူသရမ်းကြီး၏ ပုံတွင် စိတ်ဝင်စားဟန် လက္ခဏာရှိ၍၊ ညလယ်စာ စားကြသည့်အခိုက်တွင် ၎င်းရုပ်ပုံကိုသာ အမြဲစိုက်လျက် ကြည့်နေ၏။ ၎င်းနောက် ဆာဟင်နရီသည် ၎င်း၏အခန်းသို့ ဝင်သွားရာတွင်မှ ကျွန်ုပ်သည် ဟုမ်း(စ်)၏ စိတ်ကူးပုံကို နားလည်နိုင်တော့၏။ ဟုမ်း(စ်)သည် ဖယောင်းတိုင်ကို ကိုင်လျက် ကျွန်ုပ်အား ထမင်းစားခန်းသို့ တစ်ဖန် ခေါ်သွားပြီးလျှင်၊ နံရံ၌ ဆွဲထားသော ရုပ်ပုံကားဟောင်းကြီးကို ဖယောင်းတိုင်ဖြင့် ကပ်လျက် ကိုင်ပြလေ၏။

ဟုမ်း ။ ။'ဘာများ ခင်ဗျား မြင်သလဲ'

ကျွန်ုပ်သည် ကျယ်ပြန့်သော ဦးထုပ်ကို လည်းကောင်း၊ လိမ်ကောက်သော ဆံပင်ကို လည်းကောင်း၊ ဆွတ်ဆွတ်ဖြူသော စာကော်လံကို လည်းကောင်း ကြည့်လိုက်ရာ ၎င်းမှာ ရက်စက်ကြမ်းကြုတ်သော မျက်နှာမျိုး မဟုတ်ဘဲ သပ်ရပ်ခြင်း၊ တင်းမာခြင်း၊ မာကျောခြင်း ရှိ၍ နှုတ်ခမ်းပါးနှင့် သည်းမခံတတ်သော မျက်လုံးမျိုးရှိသည့် အဖြစ်ကို တွေ့ရလေ၏။

ဟုမ်း ။ ။'ခင်ဗျား သိတဲ့ လူထဲက ဘယ်သူနဲ့ တူသလဲ'

နုပ် ။ ။'မေးရိုးကတော့ဖြင့် ဆာဟင်နရီနဲ့ ခပ်ဆင်ဆင်ပဲ'

ဟုမ်း ။ ။'ခပ်ဆင်ဆင်ကလေးလောက်ပေါ့လေ၊ သို့ပေမဲ့ ခဏနေဦးဗျ'

၎င်းနောက် ဟုမ်း(စ်)သည် ကုလားထိုင်ပေါ်တွင် ရပ်၍၊ ဖယောင်းတိုင်ကို လက်ဝဲလက်ဖြင့် ကိုင်လျက် လက်ယာလက်ဖြင့် ကျယ်ပြန့်သော ဦးထုပ်ကြီးနှင့် ဆံပင်များကို ဝှက်၍ အုပ်ထားလိုက်လေ၏။ ထိုအခါ ကျွန်ုပ်မှာ အံ့သြစွာနှင့် 'အလို … ဘုရားရေ' ဟု အော်လိုက်မိလေ၏။ ရုပ်ပုံကားမှ ကြည့်နေသော မျက်နှာမှာ စတေပလ်တန်၏မျက်နှာ ဖြစ်နေလေတော့၏။

ဟုမ်း ။ ။'ကိုင်း၊ ခုတော့ မြင်ပြီလား ခင်ဗျာ၊ ကျုပ်မျက်စိက ဆင်ထားတဲ့ တန်ဆာကို မကြည့်ဘဲ မျက်နှာသက်သက်ကို အသေအချာ ကြည့်တတ်ဖို့ အလေ့အကျင့် လုပ်ထားတယ်ဗျ။ ရာဇဝတ်မှုစုံထောက်ဆိုတာ ရုပ်ပြောင်းရုပ်လွဲ ပြုလုပ်ထားတာကို ထွင်းဖောက်ပြီး မြင်တတ်သိတတ်ဖို့ဟာ ပထမတန်း အရေးကြီးတဲ့ အချက်ပဲ'

နုပ် ။ ။'သိပ်အံ့စရာ ကောင်းတယ်ဗျာ၊ သူ့ရုပ်ပုံ ဖြစ်မယ်ဆိုဖြစ်နိုင်တယ်'

ဟုမ်း ။ ။'ဟုတ်တယ်၊ အနွယ်အဆက်ထဲမှာ တစ်ယောက်လာပြီး တူနေတယ်ဆိုတာ ဒီဟာမျိုးပဲ။ ရုပ်ရော စိတ်ရောတူဟန်ရှိတယ်ဗျ၊ ကျုပ်တို့ကောင်ဟာ ဘတ်စကာဗီုလ်တစ်ယောက်ပဲဗျ၊ ဒါတော့ ထင်ရှားတယ်'





နုပ် ။ ။'အမွေပစ္စည်းကို ဆက်ခံဖို့ အကြံအစည်ရှိတဲ့ လူပေါ့လေ'

ဟုမ်း ။ ။'အစစ်ပေါ့၊ ဒီရုပ်ပုံကို ကံအားလျော်စွာ တွေ့ရခြင်းဟာ ကျုပ်တို့ရှာနေတဲ့ အချက်တစ်ခုနဲ့ ပတ်သက်ပြီး ရှင်းလင်းသွားပေသဗျာ'

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်သည် စောစောထသော်လည်း၊ ဟုမ်း(စ်)မှာ ကျွန်ုပ်ထက်ပင် စောစောထနှင့်ပြီဖြစ်၍ အိမ်ရှေ့လမ်းမှ ဝင်လာသည်ကို ကျွန်ုပ် အဝတ် ဝတ်ရင်း မြင်လိုက်ရလေ၏။

ဟုမ်း(စ်)သည် အလုပ် လုပ်ရမည်ကို ဝမ်းမြောက်ဟန်ဖြင့် လက်ချင်းပွတ်လျက်–

ဟုမ်း ။ ။'ဒီကနေ့ တစ်နေ့လုံး ကျုပ်တို့ အလုပ်လုပ်ဖို့ ရှိတယ်ဗျို့၊ ကွန်ချက်တွေ အကုန်ချပြီးပြီ၊ ဆွဲရုံပဲ လိုတော့တယ်။ ကျုပ်တို့ ငါးကြီးကို မိပဲ မိမလား၊ အပေါက်ထဲက လွတ်ထွက်သွားမလား ဆိုတာကို နေ့မကူးခင် သိကြရမှာပဲ'

နုပ် ။ ။'ကွင်းပြင်ကြီးပေါ် ခင်ဗျား ရောက်ခဲ့ပလား'

ဟုမ်း ။ ။'ဂရင်ပင်ရွာက နေပြီး ပရင်းစ်တောင်း အကျဉ်းထောင်ကို အကျဉ်းသမား ဆဲလ်ဒင် သေတဲ့အကြောင်း တိုင်ချက်ပို့လိုက်ပြီ'

နုပ် ။ ။'ဒီနောက်ကော ဘာလုပ်မလဲ'

ဟုမ်း ။ ။'ဆာဟင်နရီကို တွေ့ဖို့ပေါ့၊ ဟော သူလည်း လာနေပြီ'

ရီ ။ ။'ဂွဒ်မော်နင်း ဟုမ်း(စ်)၊ ခင်ဗျား ကြည့်ရတာ စစ်ပွဲကြီး တစ်ခု တိုက်ဖို့အရေးမှာ ကိုယ်ရံတော် စစ်ဗိုလ်ကြီးနဲ့ တိုင်ပင်နေတာနဲ့ တူတယ်ဗျာ'

ဟုမ်း ။ ။'ဒီအတိုင်းပါပဲ၊ ဝက်ဆင်က ကျုပ်ဆီက အမိန့်တောင်းနေတယ်'

ရီ ။ ။'ကျွန်တော်လည်း တောင်းပါရစေ'

ဟုမ်း ။ ။'ကောင်းပြီ၊ ခင်ဗျားဟာ ဒီကနေ့ည စတေပလ်တန်တို့နဲ့ ညစာစားဖို့ ချိန်းထားတယ်လို့ ကျုပ် သိရတယ်'

ရီ ။ ။'ခင်ဗျားလည်း လိုက်ပါလားဗျာ၊ သူတို့က အင်မတန်ဖော်ရွေပါတယ်၊ ခင်ဗျားကို တွေ့ရရင် အင်မတန် ဝမ်းသာကြလိမ့်မယ်လို့ ကျွန်တော် အတတ်သိပါတယ်'

ဟုမ်း ။ ။'ဝက်ဆင်နဲ့ ကျုပ်နဲ့ လန်ဒန်ကို သွားနေမယ်'

ရီ ။ ။'လန်ဒန်ကိုလားဗျာ'

ဟုမ်း ။ ။'ဟုတ်ကဲ့၊ ခု အခြေအနေမှာ ကျုပ်တို့က ဟိုမှာ သာပြီးတော့ အသုံးဝင်လိမ့်မယ် ကျုပ် ထင်တယ်'

ဆာဟင်နရီ၏ မျက်နှာမှာ သာပြီး စိတ်ပျက်သွားကြောင်း သိသာလှပေ၏ ။

ရီ ။ ။'ခင်ဗျားတို့က ဒီကိစ္စမှာ အစအဆုံး ကူညီကြလိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်၊ ဒီအိမ်ကြီးနှင့် ဒီကွင်းပြင်ကြီးဟာ တစ်ယောက်တည်းအဖို့ သိပ်ပျင်းစရာ ကောင်းတယ်ဗျာ'

ဟုမ်း ။ ။'ဒီလိုပါ ကိုယ့်လူ၊ ခင်ဗျားက ကျုပ်ကို လုံးလုံး စိတ်ချယုံကြည်ပြီး ကျုပ် ပြောတဲ့အတိုင်း လုပ်ရမယ်။ ကျုပ်တို့က ခင်ဗျားနဲ့အတူ လိုက်လိုသော်လည်း ကိစ္စအရေးကြီးတဲ့အတွက် လန်ဒန်ကို သွားဖို့လိုတယ်လို့ ခင်ဗျားမိတ်ဆွေများကို ပြောလိုက်ပါတော့။ မကြာမီ ဒီဗွန်ရှိုင်ယာကို ကျုပ်တို့ ပြန်လာခဲ့ပါမယ်၊ သူတို့ကို ပြောဖို့ သတိမမေ့နဲ့နော်'

ရီ ။ ။'ခင်ဗျားက ပြောဆို ပြောပါ့မယ်ဗျာ'

ဟုမ်း ။ ။'တခြားနည်းလမ်း မရှိဘူးဗျ၊ ဒီနည်းလမ်းပဲ ရှိတယ်'

ရီ ။ ။'ခင်ဗျားတို့ ဘယ်တော့ သွားချင်ကြသလဲ'

ဟုမ်း ။ ။'မနက်စာ စားပြီး ချက်ချင်းသွားမယ်၊ ကုန်းထရေစီကို မြင်းရထားနဲ့ သွားမယ်။ ဒါပေမဲ့ ဝက်ဆင်က သူပြန်လာမယ့် အကြောင်းကို ယုံကြည်လောက်အောင် သူ့ပစ္စည်းတွေ ထားခဲ့ပါလိမ့်မယ်၊ ကိုင်း ဝက်ဆင်





ခင်ဗျားမလာနိုင်လို့ ဝမ်းနည်းတဲ့ အကြောင်းကို စတေပလ်တန်ထံ စာတစ်စောင် ရေးပေးလိုက်ဗျာ။ ပြီးတော့ တစ်ခု မှာချင်သေးတယ် ဆာဟင်နရီ၊ မဲရီးပစ်အိမ်ကို ခင်ဗျားသွားတော့ မြင်းရထားနဲ့ သွားစေချင်တယ်။ ဟိုရောက်တော့ ရထားကို ပြန်လွှတ်ပြီး ခင်ဗျား လမ်းလျှောက်ပြန်မဖို့ စိတ်ကူးတဲ့အကြောင်း သူတို့ သိပါစေ'

ရီ ။ ။'ကွင်းပြင်ကြီးဖြတ်ပြီး လမ်းလျှောက်ရမှာလားဗျာ'

ဟုမ်း ။ ။'ဟုတ်တယ်'

ရီ ။ ။'နို့ ဒီလို မလုပ်ရဘူးလို့ ခင်ဗျား ကျွန်တော့်ကို သတိပေးထားတယ် မဟုတ်လား'

ဟုမ်း ။ ။'ဒီတစ်ကြိမ်တော့ ဘေးရန်မရှိဘဲ ခင်ဗျား လုပ်နိုင်တယ်၊ ခင်ဗျားရဲ့ ရဲစွမ်းသတ္တိကို ကျုပ် စိတ်မချလို့ရှိရင် ဒီလို အလုပ်မခိုင်းပါဘူး။ ဒါပေမဲ့ ခင်ဗျား လုပ်မှဖြစ်မယ်'

ရီ ။ ။'ဒါဖြင့် လုပ်ပါ့မယ်ဗျာ'

ဟုမ်း ။ ။'ခင်ဗျားအသက်ကို ခင်ဗျား နှမြောရင် မဲရီးပစ်အိမ်က ဘတ်စကာဗီးလ်ဟောလ်ကို တည့်တည့်ကြီး တန်းနေတဲ့ လမ်းကြောင်းကလေးအတိုင်း ခင်ဗျား လျှောက်ရမယ်၊ ဒီပြင် ဘယ်လမ်းကမှ မသွားရဘူး'

ရီ ။ ။'ခင်ဗျား ပြောတဲ့အတိုင်း လုပ်ပါ့မယ်ဗျာ'

ဟုမ်း ။ ။'ကောင်းပြီ၊ လန်ဒန်ကို မွန်းလွဲအချိန်မှာ ရောက်နိုင်အောင် မနက်စာ စားပြီးပြီးချင်း ကျုပ် ထွက်ချင်တယ်'

ဟုမ်း(စ်)သည် စတေပလ်တန်အား ၎င်းပြန်တော့မည့်အကြောင်း ယမန်ညဉ့်က ပြောထားသည်ကို သတိရသော်လည်း၊ ကျွန်ုပ်သည် ဟုမ်း(စ်)၏ အစီအစဉ်ကို ကြားရသောအခါ များစွာ အံ့သြမိ၏။ သူ ပြန်မည်ဆိုသော်လည်း ကျွန်ုပ်ပါ လိုက်ရမည်ဟု မစဉ်းစားမိသည့်ပြင်၊ သူကိုယ်တိုင်က အထူးသဖြင့် အရေးကြီးပါသည်ဟု ပြောဆိုထားသည့် အချိန်အခါတွင်မှ၊ ကျွန်ုပ်တို့ နှစ်ယောက်လုံး သွားကြရမည် ဆိုခြင်းကို၊ ကျွန်ုပ် နားမလည်နိုင်

အောင် ရှိတော့၏။ သို့ရာတွင် ၎င်း၏ အမိန့်အတိုင်း အတိအကျ လိုက်နာရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် စိတ်ပျက် ဝမ်းနည်းဟန်ရှိသော မိတ်ဆွေအား နှုတ်ဆက်၍၊ နောက်နှစ်နာရီခန့်ကြာသောအခါတွင် ကုန်းထရေစီ ဘူတာသို့ ရောက်လာကြလေ၏။ သူငယ်ကလေး တစ်ယောက်သည် စကြံပေါ်တွင် စောင့်နေရာမှ 'အမိန့်ပေးစရာရှိပါသလား ခင်ဗျာ' ဟု မေးလေ၏။

ဟုမ်း ။ ။'ဒီ မီးရထားနဲ့ လန်ဒန်ကို မင်း လိုက်သွား၊ ရောက်ရောက်ချင်း ဆာဟင်နရီဆီကို ငါ့နာမည်နဲ့ ကြေးနန်းတစ်စောင် ရိုက်လိုက်။ အကြောင်းအရာကတော့ ငါ ကျကျန်ရစ်တဲ့ အိတ်ဆောင်စာအုပ်ကို တွေ့ရင် စာတိုက်မှာ ရေစစ္စရီ လုပ်ပြီး ဘေကာလမ်းကို ပို့လိုက်ပါလို့'

လူ ။ ။'ကောင်းပါပြီ ခင်ဗျား'

ဟုမ်း ။ ။'ပြီးတော့ ဘူတာရုံက ရုံးခန်းမှာ ငါ့အတွက် စာများ၊ ဘာများ ရှိသလားလို့ မေးကြည့်'

လူကလေးသည် ကြေးနန်းတစ်စောင်နှင့် ပြန်လာခဲ့ရာ၊ ဟုမ်း(စ်)သည် ကြေးနန်းကို ကျွန်ုပ်လက်သို့ ကမ်းလိုက်၍ အောက်ပါအတိုင်း ဖတ်ကြည့်ရလေ၏။

"ကြေးနန်း ရပါသည်၊ လက်မှတ်မထိုးသေးသော ဝရမ်းနှင့် လာခဲ့ပါမည်။ ငါးနာရီ မိနစ်လေးဆယ် ရောက်ပါလိမ့်မည်။"

**လက်စထရိတ်**

ဟုမ်း ။ ။'ဒီကြေးနန်းက မနက်က ကျုပ် ရိုက်လိုက်တဲ့ ကြေးနန်းကို ပြန်လိုက်တာပဲ။ အစိုးရစုံထောက်တွေထဲမှာတော့ သူ အတော်ဆုံးပဲ ကျုပ် ထင်တယ်၊ သူ့ရဲ့ အကူအညီကို ကျုပ်တို့ လိုကောင်းလိုလိမ့်မယ်။ ကိုင်း ဝက်ဆင်၊ ခင်ဗျားအသိ မစ္စစ်လောရာလိုင်းရင်းဆီကို သွားလည်တာထက် ကောင်းတဲ့ အချိန်ဖြုန်းနည်းတော့ မရှိဘူး ထင်တယ်'

ဟုမ်း(စ်)၏ လုပ်ပုံ အစီအစဉ်မှာ သိသာထင်ရှားစ ပြုလာလေသည်။





ကျွန်ုပ်တို့ အကယ် သွားကြပြီဟု စတေပလ်တန်တို့ ယုံကြည်စေခြင်းငှာ ဆာဟင်နရီကို အသုံးပြု၍၊ ကျွန်ုပ်တို့ကို လိုမည့်အချိန်တွင် ပြန်သွားကြရန် ဖြစ်လေသည်။ လန်ဒန်မြို့မှ ဟုမ်း(စ်)၏နာမည်နှင့် ရိုက်လိုက်သော ထိုကြေးနန်း အကြောင်းကို ဆာဟင်နရီသည် စတေပလ်တန်တို့အား ပြောပြခဲ့လျှင်၊ ၎င်းတို့၏ စိတ်ထဲ၌ မသင်္ကာခြင်း အကြွင်းအကျန် ရှိနေသေးသော်လည်း ပျောက်ပျက်သွားစေနိုင်လိမ့်မည်။

မစ္စစ်လောရာလိုင်းရင်းသည် အလုပ်ခန်းတွင် ရှိနေ၍၊ ဟုမ်း(စ်)သည် ဘွင်းဘွင်းနှင့် တိုက်ရိုက် စတင် စကားပြောသည့်အတွက်၊ ထိုမိန်းမမှာ အတော်ပင် အံ့သြသွားလေ၏။

ဟုမ်း ။ ။'ဆာချားလ်စ်ဘတ်စကာဗျီလ် သေဆုံးတဲ့ အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး ကျွန်တော် စုံစမ်းထောက်လှမ်း နေပါတယ်။ ဒီအမှုနှင့် ပတ်သက်ပြီး ခင်ဗျားက ဘယ်လောက် ဖွင့်ပြောတယ်၊ ဘယ်လောက်ခြွင်းချန်ထားတယ်ဆိုတဲ့ အကြောင်းကို ကျွန်တော့်မိတ်ဆွေ ဒေါက်တာဝက်ဆင်က ပြောပြပြီးပါပြီ'

ရင်း ။ ။(ခံတန်တန် အမူအရာနှင့်) 'ကျွန်မက ဘာများ ခြွင်းချန်ထားလို့လဲ'

ဟုမ်း ။ ။'ခင်ဗျားက ဆာချားလ်စ်အား ည ၁၀ နာရီမှာ တံခါးပေါက်ကို လာဖို့ ချိန်းထားတဲ့ အကြောင်းကို ခင်ဗျား ဝန်ခံပြီးပြီ။ ဆာချားလ်စ်ဟာ ဒီအချိန် ဒီနေရာမှာပဲ သေဆုံးတယ်လို့ ကျွန်တော်တို့ သိရတယ်။ ဒီအဖြစ်အပျက်နှစ်ခု ဘယ်လို ဆက်သွယ်ခြင်း ရှိတယ်ဆိုတာ ခင်ဗျား ခြွင်းချန်ထားတယ်'

ရင်း ။ ။'ဘာမှ ဆက်သွယ်ခြင်း မရှိပါဘူး'

ဟုမ်း ။ ။'ဒီလိုဆိုရင် တိုက်ဆိုင်ပုံဟာ လွန်လွန်းအားကြီးနေတယ်လို့ ဆိုရလိမ့်မယ်။ သို့သော်လည်း နောက်ဆုံးမှာတော့ ဆက်သွယ်ခြင်းကို ရှာနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ခင်ဗျားကို ကျွန်တော် ဘွင်းဘွင်း

ပြောမယ် မစ္စစ်လိုင်းရင်း၊ ကျွန်တော်တို့က ဒီအတိုင်းမှန်ရင် ခင်ဗျားမိတ်ဆွေ စတေပလ်တန် သာမက သူ့မယားကိုပါ အမှုပတ်ကောင်း ပတ်နေလိမ့်မယ်'

ထိုအခါ ၎င်းမိန်းမသည် ကုလားထိုင်မှ ခုန်ထ၍ 'သူ့မယားတဲ့လား' ဟု ပြောလိုက်လေ၏။

ဟုမ်း ။ ။'အဖြစ်အပျက်က လျှို့ဝှက်လို့ မရတော့ပါဘူး၊ သူ့နှမ ယောင်ဆောင်နေတဲ့ မိန်းမဟာ အမှန်မှာ သူ့မယားပါပဲ'

မစ္စစ်လိုင်းရင်းသည် နေရာတွင် ပြန်ထိုင်၍ ကုလားထိုင် လက်တင်ကို ဆုပ်ကိုင်ထားလေ၏။ ၎င်းနောက် ထပ်မံ၍–

ရင်း ။ ။'သူ့မယား... သူ့မယားတဲ့၊ သူ့မှာ လက်ထပ်မယား မရှိပါဘူး'

ဟုမ်း(စ်) ပခုံးကို လှုပ်ခါလေ၏။

ရင်း ။ ။'သက်သေပြစမ်းပါ၊ သက်သေပြနိုင်ရင်...'

ထိုမိန်းမ၏ တောက်ပြောင်သော မျက်လုံးများသည် ၎င်း၏ စကားများထက်ပင် အဓိပ္ပာယ် လေးနက်ချေသေး၏။

ဟုမ်း ။ ။(အိတ်ထဲမှ စာရွက်များကို ဆွဲထုတ်လျက်) 'ကျွန်တော် လာတာ ဒါကြောင့် လာတာပါပဲ။ ဟောဒီမှာ လွန်ခဲ့တဲ့ လေးနှစ်လောက်က ရောက်မြို့မှာ ရိုက်ကူးထားတဲ့ သူတို့လင်မယားရဲ့ ဓာတ်ပုံပဲ၊ ကျောဘက်မှာ မစ္စတာနှင့် မစ္စဗင်ဒီးလီးရားလို့ ရေးထားတယ်။ သူ့ကို ခင်ဗျား မှတ်မိမှာပဲ၊ သူ့မိန်းမကိုလည်း မြင်ဖူးရင် မှတ်မိမှာပဲ၊ ဟောဒါက ယုံကြည်လောက်တဲ့ သက်သေများက ရေးထားတဲ့ စာရွက်သုံးရွက်ပဲ ။ သူတို့လင်မယားဟာ ဒီအခါတုန်းက စိန်အော်လစ်ဗားဆိုတဲ့ စာသင်ကျောင်းကို ထောင်ထားတယ်၊ ဖတ်ကြည့်စမ်းပါ။ ဒီလင်မယား ဟုတ် မဟုတ်ကို ခင်ဗျား မှားနိုင်သလား၊ ကြည့်ပေါ့'

ထိုမိန်းမသည် စာရွက်များကို လှမ်းကြည့်ပြီးနောက်၊ အကြဲကုန်နေ





သော သူတစ်ယောက်၏ တင်းမာသည့် မျက်နှာသေမျိုးဖြင့် ကျွန်ုပ်တို့အား မော့ကြည့်လေ၏။

ရင်း ။ ။'ဒီလူဟာက ကျွန်မယောကျ်ားနှင့် ကွာရှင်းနိုင်လို့ ရှိရင် ကျွန်မကို လက်ထပ်ပါမယ်လို့ ပြောထားပါတယ်။ ကျွန်မကို စခန်းကုန် လမ်းကုန် လိမ်ထားတဲ့ လူယုတ်မာ တစ်ယောက်ပါပဲ၊ မှန်တဲ့စကားဆိုလို့ တစ်ခွန်းမှ ကျွန်မကို သူ မပြောပါဘူး။ ကျွန်မကသာ ကျွန်မအဖို့ချည်းပဲလို့ ထင်မိခဲ့ရတာ၊ အခုတော့ ကျွန်မဟာ သူပြုတိုင်း ခံရမယ့်အရုပ် ဖြစ်နေပကော။ ကျွန်မအပေါ်မှာ သစ္စာမရှိတဲ့ လူတစ်ယောက်ကို ကျွန်မ သစ္စာစောင့်ဖို့ ဘာလိုသေးသလဲ၊ သူ့မိုက်ပြစ်နဲ့ သူ ခံရရင် ကျွန်မက ကာကွယ်ပေးဖို့ ဘာလိုသေးသလဲ။ ရှင် မေးချင်တာ မေးတော့၊ ဘာမှ မချန်ဘဲ ကျွန်မ အကုန် ဖြေမယ်။ တစ်ခုတော့ ကျွန်မ ကျိန်ပြောပါရစေ၊ ဘာလဲဆိုတော့ ဟိုစာကို ကျွန်မ ရေးစဉ်အခါက ကျွန်မအပေါ်မှာ အကြင်နာဆုံး မိတ်ဆွေ တစ်ယောက်ဖြစ်တဲ့ သွားလေသူ အဘိုးကြီး အပေါ်မှာ ဘေးအန္တရာယ် တစ်စုံတစ်ခု ဆိုက်ရောက်လိမ့်မယ်လို့ ကျွန်မက အိပ်မက်မှ မမက်မိတာ အမှန်ပါ'

ဟုမ်း ။ ။'ခင်ဗျား ပြောတာအားလုံး ကျွန်တော် ယုံပါတယ်။ ဒီအဖြစ်အပျက်တွေ ပြန်ပြောရခြင်းဟာ ခင်ဗျားအဖို့ အလွန် စိတ်မချမ်းသာစရာ ဖြစ်ရပေမှာပဲ၊ ဒါကြောင့် ခင်ဗျားကို မပြောစေဘဲ ဖြစ်ပျက်သမျှကို ကျွန်တော်က ပြောပြရရင် သာပြီး လွယ်လိမ့်မယ် ထင်တယ်။ အမှားပါလို့ ရှိရင် ခင်ဗျားက ပြင်တာပေါ့။ ဟိုစာကို ရေးစဉ်က စတေပလ်တန်က အကြံပေးလို့ ရေးရတယ် မဟုတ်လား'

ရင်း ။ ။'သူက နှုတ်တိုက်ချပေးပါတယ်'

ဟုမ်း ။ ။'ကွာရှင်းဖို့ တရားစရိတ်အတွက် ဆာချားလ်စ်ထံမှ အကူအညီတောင်းရင် ရနိုင်လိမ့်မယ်လို့ စတေပလ်တန်က ပြောပြတယ် ကျွန်တော် ထင်တယ်'

ရင်း ။ ။ 'မှန်ပါတယ်'

ဟုမ်း ။ ။ 'စာကို ပို့ပြီးတဲ့နောက် ချိန်းထားတဲ့အတိုင်း မသွားဖို့ သူက ခင်ဗျားကို သွေးဆောင်တယ် မဟုတ်လား'

ရင်း ။ ။ 'ဒီလို ကိစ္စမျိုးအတွက် အခြားလူ တစ်ဦးတစ်ယောက်က ငွေစိုက်ထုတ်ပြီး အကုန်ခံမယ်ဆိုရင် သူ့အဖို့ ရှက်စရာ ကောင်းပါတယ်တဲ့၊ သူဟာ လူမွဲတစ်ယောက် ဖြစ်သော်လည်း ဒီအခက်အခဲက လွန်မြောက်ရန်အတွက် ရှိသမျှ ငွေကို တစ်ပြားမကျန် အကုန်ခံပါမယ်တဲ့၊ သူက ပြောပါတယ်'

ဟုမ်း ။ ။ 'ဒီနောက် ခင်ဗျား ဘာမှ မကြားရဘဲ သတင်းစာထဲမှာ သေတဲ့အကြောင်းကို ဖတ်ရတော့တယ် မဟုတ်လား'

ရင်း ။ ။ 'မှန်ပါတယ်'

ဟုမ်း ။ ။ 'ဆာချာလ်စ်နဲ့ ချိန်းတဲ့အကြောင်းကို ဘယ်သူမှ မပြောဖို့ ခင်ဗျားကို ကျိန်ဆိုခိုင်းတယ် မဟုတ်လား'

ရင်း ။ ။ 'ခိုင်းပါတယ်၊ သေပုံက အင်မတန် ရှုပ်ထွေးတဲ့အတွက် ကျွန်မနဲ့ ချိန်းကြောင်းပြောခဲ့ရင် ကျွန်မကို သင်္ကာမကင်း ဖြစ်လိမ့်မယ်လို့ သူက ပြောပါတယ်။ ကျွန်မ တိတ်တိတ်နေအောင် သူက ခြောက်ထားပါတယ်'

ဟုမ်း ။ ။ 'ဟုတ်ပြီ၊ ဒို့ပေမဲ့ ခင်ဗျား စိတ်ထဲမှာတော့ မသင်္ကာဖြစ်တယ် မဟုတ်လား'

ထိုမိန်းမသည် ဆိုင်းလင့်နေပြီးနောက် မျက်နှာကို အောက်ချလိုက်လေ၏။

ရင်း ။ ။ 'ကျွန်မ သူ့အကြောင်းကို သိပါတယ်။ ဒါပေမဲ့ ကျွန်မအပေါ်မှာ သူက သစ္စာရှိရင် ကျွန်မကလည်း သူ့အပေါ်မှာ သစ္စာစောင့်မှာပါပဲ'

ဟုမ်း ။ ။ 'အလုံးစုံ ခြုံကြည့်လိုက်တော့ ခင်ဗျား လွတ်သွားတာ





ကံကောင်းတယ်၊ ကျုပ် ထင်တယ်။ သူဟာ ခင်ဗျား လက်ခုပ်တွင်းမှာ ရောက်နေတယ်ဆိုတာ သူသိလျက်နှင့် ခင်ဗျား အသက်ရှင်နေသေးတယ်။ လွန်ခဲ့တဲ့ လအနည်းငယ်အတွင်းမှာ ခင်ဗျားဟာ ချောက်ကြီးနှုတ်ခမ်းမှာ လျှောက်နေတဲ့ လူနဲ့ တူတယ်။ ကိုင်း… ကျွန်တော်တို့ သွားဦးမယ်၊ မကြာမီ ကျွန်တော်တို့ ထံမှ ခင်ဗျား သတင်းကြားရကောင်းပါရဲ့'

ထိုနေ့ညနေ၌ ကျွန်ုပ်တို့သည် လန်ဒန်မှ လာမည့် စာပို့ရထားကို ရပ်လျက်စောင့်နေစဉ်–

ဟုမ်း ။ ။ 'ကျုပ်တို့အမှုက အခက်အခဲကလေးတွေ တစ်ခုပြီး တစ်ခု ရှင်းသွားပြီး အဆုံးသတ်လုနီးနေပြီ။ မကြာမီအတွင်း ဒီခေတ်အခါမှာ အထူးဆန်းဆုံး၊ စိတ်နှလုံးတုန်လှုပ်ဖွယ်ရာ အကောင်းဆုံးဖြစ်တဲ့ အမှုတစ်မှု အကြောင်းကို စေ့စေ့စုံစုံ ဆက်စပ် ဖော်ပြနိုင်တဲ့ အခြေအနေကို ရောက်တော့မှာပါပဲဗျာ'

လန်ဒန်မှ စာပို့ရထားသည် ဘူတာရုံထဲသို့ ခုတ်ဝင်လာလေရာ၊ ကိုယ်လုံးသေး၍ ဘိုခွေးကဲ့သို့ ကျစ်လျစ်သော လူတစ်ယောက်သည် ပထမတွဲ တစ်တွဲမှ ခုန်ဆင်း၍၊ ကျွန်ုပ်တို့သုံးဦးသည် လက်ဆွဲနှုတ်ဆက်ကြစဉ် 'သတင်းကောင်းများ ရှိပါသလားဗျို့' ဟု သူက မေးလေ၏။

ဟုမ်း ။ ။ 'နှစ်ပေါင်းများစွာ အတွင်းမှာ အကြီးကျယ်ဆုံး အမှုကစ်ခုပဲ။ ကျုပ်တို့ ဒီကထွက်ခွာဖို့ စိတ်မကူးခင် နှစ်နာရီလောက် အချိန်ရပါသဖြင့် ဒီအတောအတွင်းမှာ ကျုပ်တို့ ညစာစားပြီး၊ လန်ဒန်မြို့က လေညစ်တွေကို လည်ချောင်းက ထုတ်ပြီး ဒီအရပ်က လေသန့်ကို ရှူသွင်းကြရဦးမယ်။ ခင်ဗျားက ဒီအရပ် မရောက်ဖူးပဲကိုး၊ ဒါဖြင့် ပထမအကြိမ် ဒီတစ်ခါ ရောက်ခဲ့ပုံကို ခင်ဗျား ဘယ်တော့မှ မေ့နိုင်မယ် ကျုပ် မထင်ဘူး'

## အခန်း ၁၄

# ဘတ်စကာဗျီလ်ခွေးကြီး

ရှားလော့(က)ဟုမ်း(စ်)၏ အပြစ်ကြီးတစ်ခုမှာ ၎င်း၏အမှုများနှင့် ပတ်သက်၍ အလုံးစုံ ပြည့်စုံသော အချိန်သို့ မရောက်မချင်း၊ သူ၏ အကြံအစည်များကို အခြားသူတစ်ဦးအား ပြောပြရန် အလိုမရှိခြင်းပင် ဖြစ်လေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပတ်ဝန်းကျင်၌ရှိသော လူများကို လွှမ်းမိုး၍ အံ့သြစေလိုသည့် သဘာဝရှိခြင်းကြောင့် တစ်ကြောင်း၊ ဖြစ်လိုဖြစ်ငြား စွန့်စားလုပ်ကိုင်ရန် အလိုမရှိသည့် သတိထားတတ်သော သဘာဝရှိခြင်းကြောင့် တစ်ကြောင်း ဖြစ်လေသည်။ ထို့အတွက်ကြောင့် သူ၏ ကိုယ်စားလှယ်ဖြစ်စေ၊ လက်ထောက် အဖြစ်ဖြင့် ဖြစ်စေ ဆောင်ရွက်ရသော သူတို့အတွက် စိတ်ထဲ၌ ရိုးတိုးရွတ ဖြစ်စေတော့၏။ ကျွန်ုပ်မှာ ထိုကဲ့သို့ ခံခဲ့ရပေါင်း များလှပြီဖြစ်ရာ၊ ထိုညက မှောင်မိုက်ထဲတွင် မြင်းရထားဖြင့် မောင်းနှင်သွားကြစဉ်ကလည်း ထိုနည်းတူ ရိုးတိုးရွတ ဖြစ်ခဲ့ရ၏။ ကျွန်ုပ်မှာ မည်သို့ ဖြစ်ချေမည်နည်းဟု စိတ်ထဲ၌ မဆို့မရဲ ဖြစ်နေခဲ့ရာ၊ နောက်ဆုံး၌ မျက်နှာကို လေအေး တိုက်ခတ်၍ ကျဉ်းမြောင်းသော လမ်း၏နံဘေး တစ်ဖက်တစ်ချက်တွင်၊ မှောင်မည်း၍ ကျယ်ဝန်းလှသော ကွက်လပ်ကြီးများကို တွေ့မြင်ရသည်တွင်မှ၊ ကျွန်ုပ်တို့မှာ ကွင်းပြင်ကြီးပေါ်သို့ ရောက်လာကြသည့် အကြောင်းကို သိရှိရလေ၏။





ထိုကဲ့သို့ စိတ်ကို ချုပ်တည်းခဲ့ရ၍ နောက်ဆုံး၌ ဖရန်ကလင်၏ အိမ်ကို ကျော်လွန်၍၊ အလုပ်လုပ်ကြရမည့် အိမ်ကြီးသို့ ချဉ်းကပ်လာကြောင်း သိရှိရသောအခါတွင်မှ စိတ်သက်သာခြင်း ဖြစ်ခဲ့လေ၏။ မြင်းရထားခပေး၍ ကုန်းထရေစီသို့ ချက်ချင်း ပြန်သွားရန် ရထားသမားအား အမိန့်ပေးပြီးနောက်၊ ကျွန်ုပ်တို့သည် မဲရီးပစ်အိမ်မှ ဘတ်စကာဗျီလ်ဟောလ်သို့ သွားသော လမ်းကြောင်းကလေးသို့ ရောက်သည့်တိုင်အောင်၊ ကွင်းပြင်ကြီးကို ဖြတ်လျက် လရောင်ကလေးဖြင့် လျှောက်လာခဲ့ကြလေ၏။

ဟုမ်း ။ ။'လက်နက်ပါရဲ့လား၊ လက်စထရိတ်'

ရိတ် ။ ။(ပြုံးလျက်) 'ဘောင်းဘီဝတ်သမျှ ကာလပတ်လုံး အိတ်ထောင်ပါ ပါတယ်၊ အိတ်ထောင်ပါသမျှ ကာလပတ်လုံး အထဲမှာ တစ်ခုခု ပါတာပေါ့'

ဟုမ်း ။ ။'ကောင်းပါတယ်၊ ကျုပ်မိတ်ဆွေနဲ့ ကျုပ်မှာလည်း အရေးရှိရင် သုံးဖို့ အသင့်ပြင်ပြီးသားပဲ'

ရိတ် ။ ။'ဒီအမှုနဲ့ ပတ်သက်ပြီး စကားနည်းလှချည့်လား မစ္စတာဟုမ်း(စ်)၊ အလုပ်က ဘယ်လိုလဲ'

ဟုမ်း ။ ။'စောင့်ရမယ့် အလုပ်မျိုးပဲ'

ရိတ် ။ ။(ထိုင်းမှိုင်းသော တောင်စောင်းနှင့် ရွှံ့ညွန်ကြီးပေါ်၌ ဖုံးအုပ်လျက်ရှိသော ဆီးနှင်းတိုက်ကြီးကို ကြည့်ကာ တုန်လှုပ်လျက်) 'နေရာကတော့ဖြင့် တယ်ပြီး ပျော်စရာကောင်းတဲ့ နေရာမျိုး မဟုတ်ပါကလားဗျာ။ ဟိုရှေ့မှာ အိမ်တစ်အိမ်က မီးရောင်တွေ မြင်ရပါကလား'

ဟုမ်း ။ ။'အဲဒါက ကျုပ်တို့ ခရီးအဆုံးက မဲရီးပစ်အိမ်ပါပဲ၊ စကားတိုးတိုးပြောပြီး ခြေဖျားထောက် လျှောက်ပါလို့ တောင်းပန်ချင်တယ်ဗျာ'

ကျွန်ုပ်တို့သည် ထိုအိမ်ကို သွားသည့်အနေဖြင့် သတိနှင့် တည့်တည့် လျှောက်လာခဲ့ကြရာ၊ အိမ်မှ ကိုက် ၂၀၀ ခန့် ကွာလှမ်းသော နေရာသို့

ရောက်လာကြသောအခါတွင်၊ ဟုမ်း(စ်)သည် ကျွန်ုပ်တို့အား ရပ်တန့်စေ၏။

ဟုမ်း ။ ။'ကိုင်း ဆော်လောက်ပြီ၊ လက်ယာဘက်က ကျောက်ဆောင်တွေဟာ ကျုပ်တို့ကို ကောင်းကောင်း ကွယ်နိုင်ပါတယ်'

ရိတ် ။ ။'ကျွန်တော်တို့ ဒီနေရာက စောင့်ရမှာလား'

ဟုမ်း ။ ။'ဟုတ်တယ်၊ ဒီနေရာက ချောင်းကြရမယ်။ ဟိုချိုင့်ထဲဆင်းဗျို့၊ လက်စထရိတ်၊ ဝက်ဆင်ကတော့ အိမ်ထဲကို ရောက်ဖူးလို့ အခြေအနေကို သိလိမ့်မယ်။ တိတ်တိတ်ကလေး တွားသွားပြီး သူတို့ ဘာလုပ်နေသလဲ ကြည့်စမ်းဗျာ၊ သို့သော်လည်း သူတို့ကို ချောင်းကြည့်နေတဲ့ အကြောင်း မသိစေနဲ့ဗျနော်'

ကျွန်ုပ်သည် လမ်းကလေးတစ်လျှောက် ခြေဖျားထောက်သွား၍၊ သစ်သီးခြံကို ဝိုင်းရံလျက်ရှိသည့် အုတ်ထရံနောက်မှ ကုန်း၍သွားလေ၏။ အုတ်ထရံရိပ် အတွင်းမှ တွားသွား၍ ခန်းဆီး မပါသော ပြတင်းပေါက်မှ အိမ်အတွင်းသို့ တည့်တည့်ချောင်းကြည့်နိုင်သော နေရာသို့ ဆိုက်ရောက်လေ၏။

ဆာဟင်နရီနှင့် စတေပလ်တန်တို့သည် စားပွဲဝိုင်းတစ်ခုတွင် မျက်နှာချင်းဆိုင် ထိုင်ကြ၍ ကျွန်ုပ်ဘက်သို့ နံဘေးတိုက် လှည့်ကာ ရှိနေကြ၏။ နှစ်ယောက်လုံးသည် ဆေးပြင်းလိပ် ကိုယ်စီသောက်လျက် ရှိကြရာ၊ ၎င်းတို့၏ ရှေ့တွင် ကော်ဖီနှင့် အရက်ချိုများ တည်ထားလေ၏။ စတေပလ်တန်သည် စိတ်ပါလက်ပါ စကားပြောလျက်ရှိရာ၊ ဆာဟင်နရီသည် ဖျော့တော့သော မျက်နှာနှင့် တွေဝေနေ၏။ ထိုသူမှာ နိမိတ် မကောင်းသော ကွင်းပြင်ကြီး တစ်လျှောက် တစ်ယောက်တည်း ဖြတ်၍ ပြန်ရဦးမည့် အရေးကို တွေးတောမိသဖြင့် စိတ်လေးနေသည့် လက္ခဏာ ရှိလေ၏။

ကျွန်ုပ် စောင့်ကြည့်နေစဉ် စတေပလ်တန်သည် ထိုင်ရာမှ ထ၍ ခန်းပြင်သို့ ထွက်သွားလေရာ၊ ဆာဟင်နရီမှာ ၎င်းဖန်ခွက်ထဲသို့ အရက်ငှဲ့





ထည့်၍ ကုလားထိုင်တွင် မှီထိုင်ပြီးလျှင် ဆေးပြင်းလိပ်ကို ဖွာလျက်ရှိ၏။ ထိုခဏ၌ ကျိုတ်ကျိုတ်မြည်သော တံခါးသံနှင့် ကျောက်စရစ်လမ်းပေါ်တွင် ဘွတ်ဖိနပ် နင်းသံများကို ကြားရလေ၏။ ခြေသံများမှာ ကျွန်ုပ် ဝပ်လျက် ချောင်းနေသော အုတ်ထရံ၏ အခြားတစ်ဖက်၌ရှိသော လမ်းကလေး တစ်လျှောက် ဖြတ်သန်းသွားလေ၏။ အုတ်ထရံပေါ်မှ ကျော်ကြည့်လိုက်ရာတွင် စတေပလ်တန်သည် သစ်သီးခြံထောင့်၌ရှိသော တဲကလေးတစ်တဲ၏ တံခါးဝ၌ ရပ်နေသည်ကို တွေ့ရလေ၏။ သော့ခလောက်တွင် သော့ခလောက်ကို သော့နှင့်ဖွင့်၍ စတေပလ်တန်သည် တဲတွင်းသို့ ဝင်သွားစဉ် ရုတ်ရုတ်ရက်ရက် မြည်သည့် ထူးဆန်းသော အသံတစ်ခုကို တဲတွင်းမှ ကြားရလေ၏။ သူသည် တဲထဲ၌ တစ်မိနစ်ခန့်သာ နေပြီးနောက်၊ သော့ခတ်သံ တစ်ဖန် ကြားရ၍ လာသောလမ်းအတိုင်း အိမ်တွင်းသို့ တစ်ဖန်ပြန်၍ ဝင်သွားလေ၏။ စတေပလ်တန်သည် ၎င်း၏ ဧည့်သည်နှင့်အတူ ပြန်၍ ထိုင်သည်ကို မြင်ရပြီးနောက်၊ ကျွန်ုပ်သည် ကျွန်ုပ်၏ အဖော်များ ရှိရာသို့ ဖြည်းညင်းစွာ တွားသွားပြီးလျှင် မြင်ခဲ့သမျှကို ပြောပြလေ၏။ ကျွန်ုပ် တိုင်ချက်ဆုံးသည့်နောက်–

ဟုမ်း ။ ။'မိန်းမဟာက သူတို့နဲ့ အတူ မရှိဘူးဆို'

နုပ် ။ ။'မရှိပါ'

ဟုမ်း ။ ။'ဒါဖြင့် သူ ဘယ်မှာ နေပါလိမ့်မယ်'

နုပ် ။ ။'ဒီပြင် အခန်းတွေမှာ မီးရောင် မရှိလေတော့ ဘယ်ဆီမှာ နေတယ်လို့ ကျွန်တော် မပြောတတ်ဘူး'

နွံဗွက်ကြီးပေါ်၌ ဖွေးဖွေးဖြူသော ဆီးနှင်းများ ထူထပ်စွာ ရှိနေသည့် အကြောင်းကို ကျွန်ုပ် ဖော်ပြခဲ့ဖူးလေပြီ။ ဆီးနှင်းတိုက်သည် ကျွန်ုပ်တို့ဘက်သို့ တဖြည်းဖြည်း ရွေ့လာ၍၊ ကျွန်ုပ်တို့ တစ်ဖက်တွင် ထူထပ်သော နံရံကြီး သဖွယ် တည်လျက် ရှိလေ၏။ လမင်းသည် ဆီးနှင်းတိုက်ပေါ်တွင် ထွန်းလင်းလျက် ရှိရကား၊ ဆီးနှင်းတိုက်ကြီးမှာ အရောင်ထွက်သော ရေခဲပြင်

ကြီး တစ်ခုသဖွယ် ရှိနေလေ၏။ ဟုမ်း(စ်)၏ မျက်နှာမှာ ၎င်းဘက်သို့ လှည့်လျက်ရှိ၍ ၎င်း၏ နှေးကန်စွာ တအိအိ ရွေ့လျားခြင်းကို စောင့်ကြည့်ရင်း၊ စိတ်တိုသော အမူအရာနှင့် တတွတ်တွတ် ပြောနေလေ၏။

ဟုမ်း ॥ ॥'ဆီးနှင်းတိုက်ကြီးက ကျုပ်တို့ဘက်ကို ရွေ့လာတယ် ဝက်ဆင်'

နုပ် ॥ ॥'ဒီဟာ အရေးကြီးလို့လားဗျာ'

ဟုမ်း ॥ ॥'သိပ်အရေးကြီးတယ်ဗျ၊ ကျုပ် အစီအစဉ်တွေကို ဖျက်နိုင်တာ သူတစ်ခုပဲ ရှိတယ်။ သူ သိပ်ပြီး ကြာတော့မယ် မထင်ဘူး၊ ၁၀ နာရီ ထိုးပြီးနေပြီ။ လမ်းကလေးပေါ်ကို ဆီးနှင်းတိုက်ကြီး မရောက်ခင် သူ ထွက်လာ မလာ အပေါ်မှာ သူ့အသက် တည်နေတယ်'

ထိုညမှာ ကြည်လင် သာယာလှပေရာ မိုးကောင်းကင်၌ ကြယ်များသည် ထွန်းလင်း တောက်ပြောင်လျက်၊ လတစ်ခြမ်းပဲ့ကလေးသည် ပတ်ဝန်းကျင် အရိပ်တို့ကို သိမ်မွေ့နူးညံ့သော အရောင်ဖြင့် ဝိုးဝါးသာ ထွန်းလျက်ရှိလေ၏။ ကျွန်ုပ်တို့ ရှေ့၌ကား အိမ်ကြီး၏ မည်းမှောင်သော ကိုယ်လုံးသည်လည်းကောင်း၊ ခွေးသွားစိပ်ကဲ့သို့ ချိတ်တွန့်လျက်ရှိသော အိမ်ခေါင်မိုးသည်လည်းကောင်း၊ မတ်ထောင်လျက် ခေါင်းတိုင်ကြီးသည် လည်းကောင်း ငွေရောင်ပြာရှိသော မိုးကောင်းကင်တွင် ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာ တွေ့မြင်ရလေ၏။

ကွင်းပြင်တစ်ခြမ်း၌ သိုးမွေးသဖွယ် ဖွေးဖွေးဖြူသော ဆီးနှင်းတိုက်ကြီးသည်၊ တစ်မိနစ် နောက် တစ်မိနစ် အိမ်ကြီးဆီသို့ တဖြည်းဖြည်း ကပ်၍ ကပ်၍ လင်းလာလေ၏။ ကျွန်ုပ်တို့သည် ထိုအခြင်းအရာကို စောင့်ကြည့်နေကြစဉ် ဆီးနှင်းတိုက်၏ တွန့်လိပ်လျက်ရှိသော အစွန်းအဖျားသည် အိမ်ကြီး၏ အစွန်းနှစ်ဖက်သို့ ဝိုက်လာ၍၊ တစ်ခုတည်း တစ်စပ်တည်း ပေါင်းစည်းသွားရာတွင် အိမ်ကြီး၏ အထက်ထပ်နှင့် အိမ်ခေါင်မိုးတို့မှာ ပင်လယ်ပြင်ပေါ်၌ရှိသော သင်္ဘောတစ်စင်းကဲ့သို့ ပေါလော ပေါ်လျက်ရှိ၏။





ဟုမ်း(စ်)သည် မြေပေါ်တွင် ဒူးထောက်လျက် နားကို မြေသို့ ကပ်ပြီးလျှင် 'တော်လေသေးရဲ့ဗျာ၊ သူ လာနေတဲ့ အသံကို ကျုပ် ကြားပြီထင်တယ်' ဟု ပြော့လေ၏။

ဆိတ်ငြိမ်သော ကွင်းပြင်ကြီးပေါ်တွင် လျင်မြန်စွာ လှမ်းလာသည့် ခြေသံများ ပေါ်ထွက်လာလေရာ၊ ကျွန်ုပ်တို့သည် ကျောက်တုံးကြီးများ အကြားတွင် ဝပ်လျက်၊ ကျွန်ုပ်၏ ရှေ့၌ရှိသော ငွေရောင်အစွန်းရှိသည့် တိမ်တိုက်ကို စူးစိုက်၍ ကြည့်နေကြလေ၏။ ခြေသံများသည် ကျယ်သည်ထက် ကျယ်လာ၍ ကျွန်ုပ်တို့ စောင့်မျှော်နေသော လူသည် ကန့်လန့်ကာ အပြင်မှ ပေါ်ထွက်လာသကဲ့သို့ ဆီးနှင်းတိုက်အတွင်းမှ ပေါ်ထွက်လာလေ၏။ သူသည် ကြယ်ရောင်တို့ဖြင့် ကြည်လင်စွာ ရှိနေသော နေရာသို့ ထွက်လာသောအခါ၊ သူ၏ ပတ်ဝန်းကျင်သို့ အံ့သြစွာ လှမ်းကြည့်နေလေ၏။ ၎င်းနောက် သူသည် လမ်းကလေးတစ်လျှောက် လျင်မြန်စွာ လျှောက်လာ၍ ကျွန်ုပ်၏ အနီးမှ ကပ်လျက် ဖြတ်သွားပြီးလျှင်၊ ကျွန်ုပ်တို့ နောက်၌ရှိသော ရှည်လျားသည့် ဆင်ခြေလျှောကြီး တစ်လျှောက် တက်လျှောက်သွား၏။ ထိုကဲ့သို့ လမ်းလျှောက်စဉ် သူသည် စိတ်မချသော လက္ခဏာနှင့် လက်ဝဲ တစ်ခါ၊ လက်ယာ တစ်လှည့်ဖြင့် နောက်သို့ လှည့်၍ ကြည့်လေ၏။

ထိုအခါ ဟုမ်း(စ်)က 'သတိထားကြဗျို့နော်၊ လာပြီဗျို့' ဟု ပြောလိုက်၍၊ သေနတ်ကို ချောက်ခနဲ မောင်းတင်သည့် အသံကို ကျွန်ုပ် ကြားလိုက်ရ၏။

တဖြည်းဖြည်း ရွေ့လျက်ရှိသော ဆီးနှင်းတိုက်ကြီးအတွင်း တစ်ခုသော နေရာမှ တဖုတ်ဖုတ် တဖတ်ဖတ် ဆက်လက်၍ မြည်သောအသံများကို ကြားကြလေရာ၊ ဆီးနှင်းတိုက်မှာ ကျွန်ုပ်တို့နှင့် ကိုက် ၅၀ဝ အတွင်းသို့ ရောက်လာ၍၊ ကျွန်ုပ်တို့သုံးယောက်သည် ဆီးနှင်းတိုက် အတွင်းမှ ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းသော မည်သည့်အရာမျိုး ပေါ်ထွက်၍ လာချေမည်နည်းဟု စိတ်လေးကာ ကြည့်နေကြလေ၏။ ကျွန်ုပ်မှာ ဟုမ်း(စ်)၏ တံတောင်

အနီး ကပ်လျက် ရှိသဖြင့် ၎င်း၏မျက်နှာ တစ်ချက်မျှ လှမ်းကြည့်လိုက်ရာ၊ မျက်နှာမှာ ဖျော့တော့၍ ရှင်မြူးဟန်ရှိလျက် မျက်လုံးများမှာလည်း လရောင်တွင် တဖိတ်ဖိတ် တောက်လျက်ရှိလေ၏။ နောက်တစ်ခဏ၌ ဟုမ်း(စ်)သည် တောင့်တင်းသော အမူအရာနှင့် ရှေ့သို့ စူးစိုက်ကာ ကြည့်လိုက်လေရာ၊ ၎င်း၏နှုတ်ခမ်းများမှာ အံ့သြသော အမူအရာနှင့် ခပ်ဟဟ ရှိနေလေ၏။ ထိုခဏ၌ လက်စထရိတ်သည် လန့်အော် အော်ပြီးလျှင် မြေပေါ်သို့ မှောက်၍ အိပ်လိုက်ရာ၊ ကျွန်ုပ်သည် ရုတ်တရက် ခုန်ထ၍ သေနတ်ကို ဆုပ်ကိုင်လိုက်ရာ၊ ကျွန်ုပ်၏ စိတ်မှာ ဆီးနှင်းတိုက်ကြီး၏ မှောင်ရိပ်များအတွင်းမှ ပေါ်ထွက်လာသည့်၊ ကြောက်မက်ဖွယ် ကောင်းလှသော ပုံသဏ္ဌာန်ကြီးကို မြင်လိုက်ရသဖြင့်၊ ကြက်သေ သေလျက် ရှိလေ၏။ ၎င်းမှာ အလွန်ကြီး၍ ကျောက်မီးသွေးကဲ့သို့ နက်မှောင်သော အမဲလိုက်ခွေးကြီးတစ်ကောင် ဖြစ်ချေ၏။ သို့ရာတွင် လူတို့ မြင်တွေ့ဖူးသော မည်သည့် အမဲလိုက်ခွေးမျိုးနှင့်မျှ မတူချေ။ ၎င်းခံတွင်းမှ မီးတောက်မီးလျှံများ အန်ထွက်၍၊ မျက်လုံးများသည် တငွေ့ငွေ့ လောင်သော မီးကြီးခဲကဲ့သို့ ဝင်းဝင်းပြောင်လျက်ရှိရာ၊ နှုတ်သီးနှင့် ပါးစောင်တို့မှ မီးဝင်းဝင်း တောက်လျက်ရှိ၏။ ဦးနှောက်ပျက်နေသော လူတစ်ယောက်၏ ကတောက်ကတက် မြင်မက်သော အိပ်မက်ထဲ၌ပင်၊ ဆီးနှင်းတိုက်အတွင်းမှ ထွက်လာသည့် ၎င်းခွေးကြီးထက် ကြမ်းကြုတ်၍ ကြောက်မက်ဖွယ် ကောင်းပြီးလျှင်၊ မကောင်းဆိုးဝါးနှင့် သဏ္ဌာန်တူသော သတ္တဝါမျိုးကို မြင်မက်ရန် ဖြစ်နိုင်မည် မဟုတ်ချေ။

နက်မှောင်သော သတ္တဝါကြီးသည် ကျွန်ုပ်တို့၏ မိတ်ဆွေ၏ နောက်သို့ လွှားခနဲ လွှားခနဲ ခုန်၍လိုက်သွားရာ၊ ကျွန်ုပ်တို့မှာ ထိုအခြင်းအရာကို မြင်ရသဖြင့် ကြက်သေ သေလျက် ရှိသဖြင့်၊ ကျွန်ုပ်တို့အနီးမှ ဖြတ်ကျော်သွားသည့်တိုင်အောင် မည်သို့မျှ မလုပ်နိုင်ဘဲ လွှတ်လိုက်ကြ၏။ ၎င်းနောက် ဟုမ်း(စ်)နှင့် ကျွန်ုပ်သည် သေနတ်နှင့် တစ်ပြိုင်နက်တည်း ပစ်လိုက်ကြလေရာ၊ ထိုသတ္တဝါသည် ကြောက်မက်ဖွယ် တစ်ချက် ဟိန်းလိုက်သည်ကို





ထောက်သဖြင့်၊ အနည်းဆုံး သေနတ်တစ်ချက် ထိမှန်သွားကြောင်း ထင်ရှားပေ၏။ သို့ရာတွင် ခွေးနက်ကြီးသည် ရပ်ဆိုင်းခြင်း မရှိဘဲ၊ ရှေ့သို့ တစ်လွှားပြီး တစ်လွှား ခုန်လိုက်သွားလေရာ လမ်းကလေးပေါ်၌ အတော်ကွာလှမ်းသော နေရာတွင် ဆာဟင်နရီသည် နောက်သို့ လှည့်ကြည့်၍၊ ၎င်း၏မျက်နှာမှာ လရောင်တွင် ဖွေးဖွေးဖြူလျက် ရှိ၏။ ထိတ်လန့် တုန်လှုပ်သော အမူအရာနှင့် လက်များကို အထက်သို့ မြှောက်ပြီးလျှင်၊ ၎င်းအား သဲသဲမဲမဲ လိုက်လျက်ရှိသော သတ္တဝါကြီးကို၊ ဘာမျှ မတတ်နိုင်သော အမူအရာနှင့် ပြူးကြည့်နေသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရလေ၏။

ခွေးနက်ကြီး၏ ကိန်ခနဲ မြည်လိုက်သော အသံကို ကြားလိုက်ကြရသည်ဖြစ်၍၊ ကျွန်ုပ်တို့၏ ကြောက်လန့်ခြင်းများမှာ ပြေပျောက်၍ သွားခဲ့လေ၏။ ထိုသတ္တဝါသည် သေနတ်နှင့်ပစ်၍ ထိမှန်နိုင်ခဲ့လျှင် သေတတ်သော သတ္တဝါ ဖြစ်ရမည်ဖြစ်ရာ၊ ဒဏ်ရာရအောင် လုပ်နိုင်ခဲ့လျှင် သေအောင်လည်း သတ်နိုင်ရမည်။ ထိုညက ဟုမ်း(စ်)ပြေးသကဲ့သို့ လူတစ်ယောက်ပြေးခြင်းကို ကျွန်ုပ်သည် တစ်ခါမျှ မမြင်ဖူးချေ။ ကျွန်ုပ်တို့သည် လမ်းကလေး တစ်လျှောက် လိုက်ပြေးကြစဉ်၊ ကျွန်ုပ်တို့ရှေ့မှ ဆာဟင်နရီ၏ တစ်ချက်ပြီး တစ်ချက် အော်သံများနှင့်၊ ခွေးနက်ကြီး၏ ဟိန်းသံများကို ကြားကြရလေ၏။ ကျွန်ုပ် ရောက်သွားသောအခါ ခွေးနက်ကြီးသည် ဆာဟင်နရီကို ခုန်အုပ်၍ မြေပေါ်သို့ ပစ်လှဲပြီးလျှင် လည်မျိုကို ခဲလျက် ရှိလေ၏။ သို့ရာတွင် နောက်တစ်ခဏ၌ ဟုမ်း(စ်)သည် ၎င်း၏ ခြောက်လုံးပြူးသေနတ်မှ ကျည်ဆန် ငါးတောင့်ဖြင့် ခွေးနက်ကြီး၏ နံဘေးသို့ ပစ်သွင်းလိုက်ရာ၊ ခွေးနက်ကြီးမှာ နာကျင်သဖြင့် နောက်ဆုံးအကြိမ် အော်မြည်၍ လေထဲသို့ ဖမ်းဟပ်ပြီးလျှင် ပက်လက်လှန်၍ လိမ့်ကျသွားသဖြင့်၊ ခြေထောက်လေးချောင်းသည် အထက်သို့ ထောင်ကာ အခါခါ လှုပ်ရှားပြီးမှ နံဘေးသို့ စောင်း၍ ငြိမ်သွားလေ၏။

ဆာဟင်နရီမှာ လဲကျသော နေရာတွင် သတိမရဘဲ ရှိနေလေ၏။

ကျွန်ုပ်တို့သည် ၎င်း၏ အင်္ကျီကော်လံကို ဆုတ်ဖွင့်၍ မည်သည့်ဒဏ်ရာကိုမျှ မတွေ့ရသည့်အခါ၊ လက်မတင်ကလေး ဆိုက်ရောက်လာသည့် အဖြစ်ကို သိရှိရသဖြင့်၊ ဟုမ်း(စ်)သည် ကျေးဇူးတင်သော အထိမ်းအမှတ်ဖြင့် ဘုရားသခင်အား ဆုတောင်းလေ၏။ ဆာဟင်နရီ၏ မျက်ခွံများသည် လှုပ်ခါလာ၍ ဆာဟင်နရီသည် လှုပ်ရှားရန် ကြိုးစားလေရာ၊ လက်စထရိတ်သည် ဘရန်ဒီဘူးကို ၎င်း၏ပါးစပ်ထဲသို့ ထိုးသွင်းလိုက်ရာတွင်၊ မျက်လုံးများ ပွင့်လာ၍ ထိတ်လန့်သော မျက်နှာနှင့် ကျွန်ုပ်တို့အား မော့ကြည့်လေ၏။

ရီ ။ ။'အို ဘုရား ...ဘုရား၊ ဘာကောင်ကြီးလဲ'

ဟုမ်း ။ ။'ဘာကောင်ကြီးပဲဖြစ်ဖြစ် သေပါပြီဗျာ၊ ခင်ဗျားတို့ အိမ်သူအိမ်သားတွေကို လှန့်လာတဲ့ မကောင်းဆိုးဝါးကြီးဟာ တစ်ခါတည်း ကိစ္စချောသွားပါပြီ'

အရွယ်အားဖြင့်လည်းကောင်း၊ ခွန်အား အားဖြင့်လည်းကောင်း ကျွန်ုပ်တို့ရှေ့၌ စန့်လျက်ရှိသော သတ္တဝါကြီးမှာ အမှန်ပင် ကြောက်မက်ဖွယ်ကောင်းလှလေရာ၊ ၎င်းမှာ အမဲလိုက်ခွေးအစစ်လည်း မဟုတ်၊ မတ်စထစ်ခွေးမျိုး အစစ်လည်း မဟုတ်၊ ၎င်းနှစ်မျိုးစပ် ဖြစ်၍ အလွန် ကြီးမားကြမ်းကြုတ်လှသဖြင့် ခြင်္သေ့မကလေး ပမာဏကဲ့သို့ ရှိချေ၏။ သေ၍ ငြိမ်လျက်ရှိသော ယခုအချိန်၌ပင်လျှင် ၎င်း၏ ကြီးမားသော ပါးစောင်တို့မှ အပြာရောင်ရှိသော မီးတောက်တစ်ခု ထွက်နေဟန် တူပေရာ၊ နက်ချိုင့်၍ ရက်စက်ဟန်ရှိသော မျက်လုံးကလေးများမှာလည်း မီးတောက်ဖြင့် ဝိုင်းရံလျက် ရှိလေ၏။ ကျွန်ုပ်သည် ၎င်း၏နှုတ်သီးပေါ်သို့ လက်တင်ပြီးနောက် လက်ကို မြှောက်၍ ကြည့်လိုက်ရာ၊ ကျွန်ုပ်၏ လက်ချောင်းများမှာ မှောင်မိုက်ထဲတွင် ဝင်းဝင်းပြောင်လျက် ရှိလေ၏။

ကျွန်ုပ်က 'မီးစုန်းပဲ'ဟု ပြောလိုက်ရာ၊ ဟုမ်း(စ်)သည် ခွေးသေကောင်ကို နမ်းကြည့်ပြီးနောက် 'တော်တော် နေရာကျအောင် စီမံထားတာပဲ၊ အနံ့ခံ မပျက်စေရအောင် သိပ်အနံ့ပြင်းပြင်းကြီး လုပ်မထားဘူး။ ခင်ဗျာ့ကို





လန့်စရာ ထိတ်စရာဖြစ်အောင် လုပ်ခဲ့ရတဲ့အတွက် ကျုပ်တို့က တောင်းပန်ပါတယ် ဗျာ။ အမဲလိုက်ခွေး တွေ့ရလိမ့်မယ်လို့တော့ ကျုပ် တွက်ပြီးပါပဲ၊ သို့ပေမဲ့ ဒီလောက် သတ္တဝါမျိုးတော့ ထည့်မတွက်ပေဘူး။ ဆီးနှင်းတိုက်ကလည်း ဝင်နှောင့်ယှက်လို့ ကျုပ်တို့မှာ အချိန်များများ မရဘူးဗျ'

ရီ ။ ။'ခင်ဗျားတို့က ကျွန်တော့်အသက်ကို ကယ်ဆယ်ပေတာပဲ'

ဟုမ်း ။ ။'ကယ်ဆယ်တာတော့ ဟုတ်ပါရဲ့၊ အသက်အန္တရာယ်ဖြစ်စေဖို့ ကျုပ်ကပဲ စီစဉ်ပေးရာ ရောက်နေတယ်။ ဒါထက် ခင်ဗျား လမ်းလျှောက်နိုင်ပါ့မလား'

ရီ ။ ။'ခုနင်က ဘရန်ဒီလေး နည်းနည်း ပေးပါဦးဗျာ၊ ပြီးတော့ ဘာမဆို လုပ်တာပေါ့။ အဲ ဟုတ်ပြီ၊ ကိုင်း ကျုပ်ကို ထူပေးကြစမ်းပါဦး၊ ဒီနောက် ဘာလုပ်ကြမလဲ'

ဟုမ်း ။ ။'ခင်ဗျားကို ဒီမှာ ထားခဲ့ရမယ်၊ ခင်ဗျားအဖို့ ဒီကနေ့ညမှာ တော်လောက်ပြီ။ ခင်ဗျား စောင့်နေ၊ ကျုပ်တို့ထဲက တစ်ယောက်ယောက်က ခင်ဗျားကို အိမ်လိုက်ပို့မယ်'

ဆာဟင်နရီသည် မြေပေါ်မှထရန် ကြိုးစားသော်လည်း၊ ၎င်း၏ မျက်နှာမှာ အလွန်အမင်း ဖြူဖပ်ဖြူရော်ရှိ၍၊ ခြေထောက်များမှာလည်း ဆတ်ဆတ်တုန်လျက် ရှိလေ၏။ ကျွန်ုပ်တို့သည် ၎င်းအား ကျောက်ဆောင်တစ်ခုသို့ တွဲခေါ်ပြီးနောက်၊ ဆာဟင်နရီသည် မျက်နှာကို လက်များဖြင့် ဖုံးအုပ်လျက် တုန်တုန်ယင်ယင် ထိုင်နေလေ၏။

ဟုမ်း ။ ။'ကိုင်း ခင်ဗျားကို ဒီမှာ ထားခဲ့ရမယ်၊ အလုပ်ကျန်သေးတာကို ပြီးအောင် လုပ်ရမှာမို့ အချိန်က သိပ်အရေးကြီးနေတယ်။ အမှုကတော့ ပြီးပြီ၊ လူကို ဖမ်းဖို့ပဲ လိုတယ်'

ကျွန်ုပ်တို့သည် လမ်းကြောင်းကလေးတစ်လျှောက် လျင်မြန်စွာ လျှောက်သွားကြစဉ်–

ဟုမ်း ။ ။'သူ့ကို အိမ်မှာတွေ့ဖို့ဘက်က တစ်ထောင်မှ တစ်ခု လောက် နည်းလမ်းရှိတယ်။ ခုနင်က သေနတ်သံတွေ ကြားကတည်းက သူ့အဖို့ ကိစ္စချောပြီဆိုတာ သူ ရိပ်မိမှာပဲ'

နုပ် ။ ။'ခရီးကလည်း တော်တော်လှမ်းတယ်၊ ဆီးနှင်းတိုက် ကလည်း ရှိနေတော့ အသံအောင့်ပြီး ကြားကောင်းမှ ကြားမယ် ထင်ပါ့ဗျာ'

ဟုမ်း ။ ။'ခွေးကြီးကို ပြန်ခေါ်ရအောင် သူက နောက်က လိုက်လာလိမ့်မယ်ဗျ၊ ဒါကတော့ သေချာတယ်။ ဟုတ်ပါဘူးဗျာ၊ ခုလောက် ရှိရင် ငနဲတော့ ပြေးပါပြီ။ နို့ပေမဲ့ သေချာအောင်ဟာ အိမ်ကို ရှာကြည့်ကြ ဦးစို့'

အိမ်ရှေ့တံခါး ပွင့်လျက်ရှိသဖြင့် ကျွန်ုပ်တို့သည် အိမ်ထဲသို့ ဝင်ပြီး လျှင် တစ်ခန်းမှ တစ်ခန်းသို့ လျင်မြန်စွာ ရှာဖွေကြရာ၊ စတေပလ်တန်ကို အစအနမျှ မတွေ့ရချေ။ သို့ရာတွင် အပေါ်ထပ်၌ကား အိပ်ခန်းတစ်ခန်းမှာ သော့ခတ်လျက် ရှိလေ၏။

ထရိတ် ။ ။'ဒီထဲမှာ တစ်ယောက်ယောက် ရှိတယ်၊ လှုပ်ရှားတဲ့ အသံ ကျုပ် ကြားရတယ်၊ ဟော့ တံခါးဖွင့်လိုက်'

အခန်းတွင်းမှ သဲ့သဲ့ညည်းညူသံနှင့် လှုပ်ရှားသံ ကြားလေရာ၊ ဟုမ်း(စ်)သည် တံခါးကို သော့ခလောက်အထက်မှ ခြေထောက်ဖြင့် အပြား လိုက် ကန်ကျောက်ရာတွင် တံခါးလည်း ပွင့်သွားလေ၏။ ၎င်းနောက် သေနတ်ကိုယ်စီနှင့် ကျွန်ုပ်တို့အားလုံးသည် အခန်းတွင်းသို့ ဝင်သွား လေ၏။

သို့ရာတွင် ကျွန်ုပ်တို့ တွေ့မည်ဟု မျှော်လင့်ခဲ့ကြသော လူဆိုးကို အရိပ်နိမိတ်မျှ မတွေ့ရချေ၊ ထိုလူကို တွေ့မည့်အစား ကျွန်ုပ်တို့သည် အလွန် ထူးဆန်း၍ မမျှော်လင့်သော အခြင်းအရာ တစ်ခုနှင့် ရင်ဆိုင်တွေ့ကြသည် ဖြစ်၍၊ ကျွန်ုပ်တို့မှာ အံ့သြစွာနှင့် တစ်ခဏမျှ ရပ်လျက် ငေးကြည့်နေကြ လေ၏။





အခန်းမှာ ပြတိုက်ကလေး တစ်ခုသဖွယ် ပြင်ဆင်ထား၍ နံရံများ တွင်လည်း မှန်သေတ္တာကလေးများဖြင့် စီကပ်လျက်ရှိရာ၊ ၎င်းတို့အထဲတွင် အပျင်းပြေ သဘောနှင့် စုဆောင်းထားသော လိပ်ပြာများနှင့် ပိုးဖလံများ ကို တွေ့ရလေ၏။ အခန်း၏ အလယ်၌ အိမ်ခေါင်မိုးကို ကျားကန်သည့် သဘောဖြင့် စိုက်ထောင်ထားသော တိုင်ကြီးတစ်ခု ရှိလေရာ၊ ၎င်းတိုင်ကြီး တွင် ကပ်လျက် ချည်ထားသော ပုံသဏ္ဌာန်မှာ ၎င်းကို ချည်တုပ်ထားသည့် အဝတ်များဖြင့် ဖုံးအုပ် နစ်မြုပ်နေသည် ဖြစ်သောကြောင့်၊ ယောကျ်ားမှန်း မိန်းမမှန်း မသိနိုင်အောင်ပင် ရှိလေတော့၏။ ကျွန်ုပ်တို့သည် ပါးစပ်၌ ပိတ်ဆို့ထားသော အဝတ်ကို ဆွဲဆုတ်၍ အနှောင်အဖွဲ့များကို ဖြေလိုက်ရာ တွင်၊ မစ္စစ်စတေပလ်တန်သည် ကျွန်ုပ်တို့ရှေ့တွင် ထိုးကျသွားလေ၏။ ၎င်း၏ လှပသော ဦးခေါင်းသည် ရင်ဘတ်ပေါ်သို့ ငိုက်စိုက်ကျသွားစဉ်၊ လည်ပင်းပေါ်တွင် ရဲရဲနီသော ကျာပွတ်ရာကြီး တစ်ခုကို ထင်ရှားစွာ တွေ့မြင် ရလေ၏။

ဟုမ်း ။ ။'ခွေးမသားပဲဗျို့၊ လက်စထရိတ် ... ခင်ဗျား ဘရန်ဒီ ပုလင်းကော။ ကုလားထိုင်ပေါ် မွေ့တင်ပါဗျာ၊ နှိပ်စက်တာနဲ့ အားကုန်ပြီး သတိလစ်သွားရှာပြီ'

မိန်းမသည် မျက်စိကို ဖွင့်ကြည့်၍ 'သူ လွတ်သွားရဲ့လား' ဟု မေးလိုက်ရာ 'ကျွန်တော်တို့လက်က သူ လွတ်နိုင်ဖို့ လမ်းမရှိပါဘူး' ဟု ပြောလိုက်လေ၏။

မိန်း ။ ။ 'ဒါ မဟုတ်ပါဘူး၊ ကျွန်မယောကျ်ား ပြောတာ မဟုတ်ပါဘူး၊ ဆာဟင်နရီ ပြောတာပါ။ သူ လွတ်ရဲ့လား'

ဟုမ်း ။ ။'လွတ်ပါတယ်'

မိန်း ။ ။'ခွေးကြီးကော'

ဟုမ်း ။ ။'သေသွားပြီ'

မိန်း ။ ။(ကျေနပ်ဟန် လက္ခဏာနှင့် သက်ပြင်းချ၍) 'ကောင်း

ပါပြီရှင်၊ ကောင်းပါလေ့။ သိပ်ယုတ်မာတဲ့ လူပဲ၊ ကျွန်မကို သူဘယ်လို နှိပ်စက်ထားသလဲ ကြည့်စမ်း' ဟု ပြောပြီးနောက် မိန်းမသည် လက်မောင်းများကို ဆန့်ပြလိုက်ရာ၊ ညိုမည်းပွန်းပဲ့သော ဒဏ်ရာများဖြင့် ပြည့်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။ ၎င်းနောက် မိန်းမသည် ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

ဟုမ်း ။ ။'ခင်ဗျားက သူ့အပေါ်မှာ စိတ်ကောင်းမထားဘူးပေါ့၊ ဒါဖြင့် သူ့ကို ကျွန်တော်တို့ ဘယ်မှာ တွေ့နိုင်သလဲ ပြောစမ်းပါ။ မကောင်းလုပ်ရာမှာ သူ့ကို ကူညီခဲ့တဲ့အတွက် ယခု ကျွန်တော်တို့ကို ကူညီပြီး အပြစ်ပြေအောင် လုပ်စမ်းပါဦး'

မိန်း ။ ။'သူ ပြေးမယ့်နေရာ တစ်နေရာတည်း ရှိတယ်၊ နွံဗွက်ကြီး အလယ်က ကျွန်းကလေးအပေါ်မှာ သံဖြူတွင်းကလေး တစ်ခုရှိတယ်။ သူ့ခွေးကြီးကို အဲဒီမှာ သူထားတယ်၊ အရေးရှိလျှင် ပုန်းအောင်းဖို့လည်း အဲဒီမှာ သူပြင်ထားတယ်။ သူ ပြေး... အဲဒီ ပြေးမှာပဲ'

ဆီးနှင်းတိုက်ကြီးသည် ပြတင်းပေါက်အနီးတွင် ကပ်လျက် သိုးမွှေးဖြူကဲ့သို့ ရှိနေလေရာ၊ နှင်းမကွဲမချင်း ထိုသူ့နောက်သို့ လိုက်ရန် မဖြစ်နိုင်ကြောင်းမှာ ထင်ရှားပေ၏။ ထိုအတောအတွင်း၌ ကျွန်ုပ်တို့သည် လက်စထရိတ်ကို ထိုအိမ်တွင် ထားခဲ့၍၊ ဟုမ်း(စ်)နှင့် ကျွန်ုပ်သည် ဆာဟင်နရီကို ခေါ်၍ ဘတ်စကာဗိုလ်ဟောလ်သို့ သွားကြလေ၏။ ကျွန်ုပ်တို့သည် စတေပလ်တန် လင်မယားအကြောင်းကို ဆာဟင်နရီအား ဖုံးကွယ်ထားရန် မဖြစ်နိုင်သဖြင့် ဖွင့်ဟ ပြောပြရသော်လည်း၊ ဆာဟင်နရီသည် မိမိ ချစ်ကြိုက်ခဲ့သော မိန်းမအကြောင်းနှင့် ပတ်သက်၍ အမှန်ကို သိရှိရသောအခါ စိတ်တင်း၍ ခံနိုင်ပေ၏။ သို့ရာတွင် ထိုညအတွင်း ကြုံတွေ့ရသော အဖြစ်အပျက်များကြောင့် ၎င်း၏စိတ်ကို ထိခိုက်သည်ဖြစ်၍၊ နံနက်မလင်းမီ ဆာဟင်နရီမှာ အဖျားကြီးဖျားလျက် ကယောင်ကတမ်း ရှိနေပါသဖြင့် ဒေါက်တာမော်တီမာက ကုသရလေ၏။ ထိုသူ နှစ်ယောက်တို့သည် ကမ္ဘာကို အတူတကွ





လှည့်လည်ကြပြီးသောအခါမှ၊ ဆာဟင်နရီမှာ နိမိတ်မကောင်းသော ဤအမွေပစ္စည်းကို မဆက်ခံရမီက ရှိနေခဲ့သည့် ကျန်းမာသန်စွမ်းသော လူတစ်ယောက် အဖြစ်သို့ ပြန်လည်ရောက်ရှိ နိုင်ပေတော့၏။

ခွေးကြီး သေပြီးသည့် နောက်တစ်နေ့ မနက်၌ ဆီးနှင်းကွဲသွားသည်ဖြစ်၍၊ မစ္စစ်စတေပလ်တန်၏ လမ်းညွှန်ချက်အရ ကျွန်ုပ်တို့သည် နွံဗွက်ကြီးအတွင်း ဖြတ်သန်းသွားနိုင်သော လမ်းကြောင်းကလေး တွေ့ရသော နေရာသို့ ဆိုက်ရောက်ကြလေ၏။ ထိုမိန်းမသည် လင်ယောကျ်ား ပုန်းအောင်းရာ နေရာသို့ ဝမ်းမြောက်စွာနှင့် စိတ်အား ထက်သန်စွာ ညွှန်ပြခြင်းကို ထောက်ခြင်းအားဖြင့်၊ တစ်သက်ပတ်လုံး ဘယ်မျှလောက် စိတ်မချမ်းမသာ ထိတ်လန့်တုန်လှုပ်စွာ နေထိုင်ခဲ့ရရှာသည့် အကြောင်းကို သိရပေ၏။ ရွှံ့နွံဗွက်ကြီးထဲသို့ ချွန်းလျက် ထိုးဝင်သွားသည့် လမ်းကြောင်းကလေး အစတွင် မစ္စစ်စတေပလ်တန်သည် ရပ်လျက် ကျန်ရစ်နေလေရာ၊ ထိုလမ်းကြောင်း၏ အစွန်းမှ တုတ်ချောင်းကလေးများကို ကျူပင်ကြို ကျူပင်ကြားတို့၌ ဤတစ်ခု ဟိုတစ်ခု ကွေ့ကွေ့ကောက်ကောက် စိုက်ထူထားခြင်းအားဖြင့်၊ ၎င်းနွံဗွက်ကြီးကို ဖြတ်သန်းသွားနိုင်သည့် လမ်းကြောင်း အထိမ်းအမှတ် ဖြစ်သည်ကို သိရှိရလေ၏။ ခြေတစ်လှမ်း မှားခဲ့လျှင် ညစ်ပုပ်သော နွံဗွက်ကြီးထဲသို့ ပေါင်လယ်သို့တိုင်အောင် နစ်မြုပ်သွားလေ၏။ ထိုကဲ့သို့ တစ်ကြိမ်မက နစ်မြုပ်ခြင်း ခံရပြီးနောက် ကျွန်ုပ်တို့ ရှေ့မှ တစ်စုံတစ်ယောက်သော သူသည် ဘေးအန္တရာယ်များသော ဤလမ်းအတိုင်း လျှောက်သွားခဲ့သော အထိမ်းအမှတ် တစ်ကြိမ်မျှသာ တွေ့ရလေ၏။ ကျူပင်ဖုတ်စု တစ်ခု၏ အလယ်မှ မည်းနက်သော အရာတစ်ခုသည် ထိုးထွက်လျက်ရှိရာ၊ ဟုမ်း(စ်)သည် ထိုအရာဝတ္ထုကို လမ်းကြောင်းမှ ဖဲ့ဆင်း၍ ကောက်ယူလိုက်သည့် အခါတွင် ခါးသို့ တိုင်အောင် နစ်မြုပ်သွားလေ၏။ လက်စထရိတ်နှင့် ကျွန်ုပ်တို့သည် ၎င်းအား မကူညီခဲ့လျှင် ဟုမ်း(စ်)မှာ အလိုအလျောက်အားဖြင့် မြေမာပေါ်သို့ တစ်ဖန် ရောက်နိုင်ဖို့ မရှိချေ။ ဟုမ်း(စ်)သည် ဘွတ်ဖိနပ်ဟောင်း အနက်

တစ်ဖက်ကို မြှောက်၍ ပြလိုက်ရာ အတွင်းဘက် သားရေ၌ "တိုရင်တိုမြို့၊ မေရာကုမ္ပဏီ" ဟူသော စာလုံးများ ပါရှိလေ၏။

ဟုမ်း ။ ။'ရှဲ့ထဲ အနှစ်နာခံရကျိုး နပ်ပါတယ်ဗျာ၊ ဒီဖိနပ်ဟာ ကျုပ်တို့မိတ်ဆွေ ဆာဟင်နရီ ပျောက်နေတဲ့ ဖိနပ်ပဲဗျ'

နပ် ။ ။'စတေပလ်တန်က ထွက်ပြေးသွားရင်း ဒီထဲ ပစ်ချသွားသလား'

ဟုမ်း ။ ။'အစစ်ပေါ့၊ ခွေးကြီးကို အနံ့ခံစေဖို့ ဖိနပ်ကို ပြပြီးတဲ့နောက် သူ့လက်ထဲမှာ ကိုင်ထားတယ်။ သူ့အကြံ မအောင်မှန်းသိလို့ ထွက်ပြေးတော့ ဒီဖိနပ်ကို ကိုင်လျက် ပါသွားတယ်။ ဒါကြောင့် ဘယ်နည်းနှင့်မဆို ဒီနေရာအထိ ကောင်းကောင်းမွန်မွန် သူ ရောက်လာခဲ့တယ်လို့ ကျုပ်တို့ သိရတယ်'

သို့ရာတွင် ထိုမျှထက်ပို၍ မှုကား ကျွန်ုပ်တို့ သိနိုင်ခွင့်မရသဲ ခန့်မှန်း ခြေဖြင့်သာလျှင် တွေးဆ ယူကြရပေတော့၏။ နွံဗွက်ထဲ၌ ကျွန်ုပ်တို့သည် ခြေရာကောက်ရန် မဖြစ်နိုင်ဘဲ ရှိသော်လည်း နွံဗွက်၏ အခြားဘက်၌ မြေမာသို့ ရောက်လာကြသောအခါ၊ ကျွန်ုပ်တို့သည် စတေပလ်တန်၏ ခြေရာအစအနကို စိတ်အားကြီးစွာ ရှာဖွေကြလေ၏။ သို့ရာတွင် မည်သည့်ခြေရာအစအနကိုမျှ ကျွန်ုပ်တို့ မတွေ့ကြရချေ။ မြေကြီး အခြေအနေကို ကြည့်ရှုအကဲခတ်ရာတွင် စတေပလ်တန်သည် ထိုနောက်ဆုံးည၌ ဆီးနှင်းတိုက်ကြီးအတွင်း ထိုကျွန်းကလေးသို့ ရောက်အောင် ကြိုးပမ်းအားထုတ်သော်လည်း ရောက်ဟန် လက္ခဏာ မရှိချေ။ ဂရင်ပင်မှ နွံဗွက်ကြီးအတွင်း ညစ်ပုပ်သော နွံ့နွံများအတွင်း၌ ရက်စက်လှသော လူသည် တစ်ခါတည်း နစ်မြုပ်၍ အဆုံးသတ်ခဲ့လေပြီ။

အခန်း ၁၅

## ပြန်လှန် စစ်ဆေးခြင်း

နိုဝင်ဘာလ ကုန်ခါနီး ဆီးနှင်းကျသော ညဉ့်တစ်ညဉ့်၌၊ ဟုမ်း(စ်)နှင့် ကျွန်ုပ်တို့သည် ဗေကာလမ်း အိမ်အတွင်း ဧည့်ခန်းထဲ၌ မီးဖို၏ တစ်ဖက်တစ်ချက်တွင် ထိုင်ကာ၊ ဘတ်စကာဗီးလ် အရှုပ်အထွေး အကြောင်းကို ဆွေးနွေးလျက် ရှိကြ၏။ ဆာဟင်နရီနှင့် ဒေါက်တာမော်တီမာတို့သည် လန်ဒန်မြို့သို့ ဆိုက်ရောက်လာကြ၍၊ ဆာဟင်နရီ စိတ်ကောင်းစေရန်အတွက် ကမ္ဘာကို လှည့်ပတ်ကြမည့် ခရီးရှည်ကြီး ထွက်ကြရန် ပြင်ဆင်လျက် ရှိကြလေ၏။ ၎င်းတို့သည် ထိုနေ့ညနေက ကျွန်ုပ်တို့ အိမ်သို့ ဝင်လာခဲ့ကြသည်ဖြစ်၍၊ ထိုအမှုအကြောင်းကို ဆွေးနွေးမိကြခြင်း ဖြစ်လေသည်။

ဟုမ်း ။ ။'သူ့ကိုယ်သူ စတေပလ်တန် ခေါ်တဲ့ လူရဲ့ မျက်စိနဲ့ နေကြည့်ရင်တော့ ဒီအဖြစ်အပျက်တွေဟာ ရိုးရိုးရှင်းရှင်းပါပဲ။ သို့သော်လည်း ကျုပ်တို့ အဖို့မှာတော့ သူ့ရည်ရွယ်ချက်ကိုလည်း မသိရပြန်၊ အဖြစ်အပျက်များကိုလည်း တစ်ပိုင်းတစ်စလောက် သိရပြန်တော့ အင်မတန် ရှုပ်ထွေးနက်နဲ နေတာပဲ။ ကျုပ်က မစ္စစ်စတေပလ်တန်နဲ့ နှစ်ကြိမ်တိုင်တိုင် စကားပြောခဲ့ပြီးလေတော့ ဒီအမှုဟာ ယခုတော့ ကောင်းကောင်း ရှင်းသွားပါပြီ'

နုပ် ။ ။'ဒါပြင့် ခင်ဗျား မှတ်မိသလောက် အဖြစ်အပျက်ကို အစဉ်အတိုင်း တစ်ဆိတ်လောက် ကျွန်တော့် ပြောစမ်းပါဦး'

ဟုမ်း ။ ။'ပြောတာပေါ့၊ နို့ပေမဲ့ အားလုံး ကျုပ် မှတ်မိတယ်လို့တော့ တာဝန်မခံနိုင်ဘူး။ ကျုပ် ထောက်လှမ်း စုံစမ်းကြည့်ခြင်းအားဖြင့် ဟိုရုပ်ပုံဟာ ကျုပ် တွေးတဲ့အတိုင်းပဲ၊ စတေပလ်တန်ဆိုတာ ဘတ်စကာဗီုလ် တစ်ယောက်ပါပဲ။ သူက တောင်အမေရိကတိုက်ကို နာမည်ပျက်ပြီး ထွက်ပြေးတဲ့ ဆာချာလ်စ်ရဲ့ ညီ ရော့ဂျားရဲ့ သားတစ်ယောက်ပါပဲ၊ ကျုပ်သိရတော့ ရော့ဂျားဟာ အိမ်ထောင်မပြုဘဲ သေသွားတယ် ဆိုတယ်။ အမှန်ကတော့ ရော့ဂျားဟာ အိမ်ထောင်ပြုလို့ သားတစ်ယောက် ရတယ်။ သူ့ကိုလည်း သူ့အဖေ နာမည်အတိုင်း ရော့ဂျားလို့ မှည့်ထားသတဲ့၊ အဲဒီ ရော့ဂျားဟာ ကျုပ်တို့လူ စတေပလ်တန်ပေါ့။ သား ရော့ဂျားက ဂေါ့စတာရစ်ကားမြို့က ဂါဆီရာဆိုတဲ့ မိန်းမချောတစ်ယောက်နဲ့ လက်ထပ်ပြီး၊ တိုင်းပြည်ရဲ့ ငွေတွေ တော်တော်များများ ခိုးယူ ထွက်လာခဲ့ပြီး၊ ဝင်နီလုဝါ နာမည်နှင့် အင်္ဂလန်ရောက်လာပြီး၊ ရောက်ရှိုင်ယာနယ်ဘက်မှာ ကျောင်းတစ်ကျောင်း ဖွင့်သတဲ့။ သူ့ကျောင်းက အစကလေးတော့ နာမည်ကောင်းပြီး တဖြည်းဖြည်း နာမည်ပျက်လာသတဲ့။ ဒီအခါမှာ သူတို့ လင်မယားက စတေပလ်တန်လို့ တစ်ဖန် နာမည်ပြောင်းပြီး၊ ကျန်တဲ့ငွေကလေးနဲ့ အင်္ဂလန်တောင်ပိုင်း လာပြီး ဒီအမွေကို ရဖို့ အကြံအစည် ထုတ်တာကိုးဗျ။ ဒီက စပြီး ရှေ့လျှောက်ရင် ကျုပ်တို့ စိတ်ဝင်စားလာခဲ့ကြတဲ့ အပိုင်းကို ရောက်လာခဲ့ကြပြီ၊ ဒီငနဲက ထောက်လှမ်း စုံစမ်းကြည့်ရာမှာ ဒီအမွေကို သူရဖို့ရာ လူနှစ်ယောက် ခံနေကြောင်း တွေ့ရတယ်။ ဒီဗွန်ရှိုင်ယာနယ် ရောက်စကတော့ သေသေချာချာကြီး စီစဉ်ရသေးတဲ့ လက္ခဏာ မရှိဘူး၊ သို့သော် သူ့မယားကို နှမယောင် ဆောင်ပြီး ခေါ်လာပုံထောက်တော့ ညစ်ပတ်တဲ့ အလုပ်တစ်ခုခု လုပ်ဖို့ စိတ်ကူးတော့ သူ့မှာ ရှိတယ်။ သို့သော်လည်း ဘယ်ပုံဘယ်နည်း အသုံးပြုမယ်လို့ ကွက်စိပ်ရိုက်ပြီး သေသေချာချာကြီး စိတ်ကူးရသေးဟန် မတူဘူး။ သူ့ရည်ရွယ်ချက်





ကတော့ ဒီအမွေကို သူ ရအောင် ဘယ်သူ့ကိုမဆို စားစာခံ အဖြစ်နဲ့ အသုံးပြုပြီး ဘယ်အလုပ်ကိုမဆို စွန့်လုပ်ဖို့ ဆုံးဖြတ်ပြီးသားပဲ။ သူ့ပထမအလုပ်က ဘိုးဘေးအစဉ်အဆက် နေလာခဲ့တဲ့ အိမ်ကြီးနဲ့ တတ်နိုင်သမျှ နီးကပ်အောင် နေဖို့၊ ဒုတိယအလုပ်ကတော့ ဆာချာလ်စ်ရယ်၊ အိမ်နီးချင်းတွေရယ် အကျွမ်းတဝင် ဖြစ်အောင် မိတ်ဖွဲ့ထားဖို့ ဖြစ်တယ်။

'ဆာချာလ်စ်ကိုယ်တိုင်က သူတို့အိမ်သားများနှင့် ပတ်သက်တဲ့ ခွေးကြီးရဲ့ ဒဏ္ဍာရီကို သူ့ကို ပြောပြမိလေတော့ သူ့သချိုင်း သူ တူးသလို ဖြစ်သွားတာပဲ။ ဆာချာလ်စ်ဟာ နှလုံးမခိုင်တဲ့အကြောင်း၊ ပြင်းပြင်းထန်ထန် တုန်လှုပ်လို့ ရှိရင် သေမယ်ဆိုတဲ့ အကြောင်းကို စတေပလ်တန်က သိတယ်။ ဒီလောက်အထိကို ဒေါက်တာမော်တီမာ့ထံမှ သူ သိရမယ်၊ ဒီပြင်လည်း ဆာချာလ်စ်ဟာ မကောင်းဆိုးဝါး ဆိုတာမျိုးကို ယုံတတ်တယ်၊ ခွေးကြီးရဲ့ ဒဏ္ဍာရီအကြောင်းကိုလည်း တကယ်ပဲ ယုံကြည်တယ်ဆိုတာကို စတေပလ်တန် ကြားရမယ်။ စတေပလ်တန်က အတော် စိတ်ကူးကောင်းတဲ့ လူတစ်ယောက် ဖြစ်လေတော့ ဒီအကြောင်း ကြားကြားချင်း ဆာချာလ်စ်ကို လက်သည် မပေါ်အောင် သတ်ဖို့နည်းကို ဖြုန်းခနဲ အကြံရတယ်။

'အကြံရပြီးတဲ့နောက် အတော်ပဲ နေရာကျအောင် သူ စီစဉ်တယ်။ သာမန် လူတစ်ယောက်ဆိုရင် ခွေးဆိုးကြီးတစ်ကောင် အသုံးပြုတာနဲ့ ကျေနပ်မှာပဲ၊ သူ့မှာတော့ စိတ်ကူးဉာဏ်ရှိတဲ့ လူတစ်ယောက် ဖြစ်နေတော့ ခွေးရိုးရိုးကို မကောင်းဆိုးဝါးနဲ့တူအောင် စီရင်ပေးဖို့ ဖြုန်းဆို စိတ်ကူးရတယ်။ ဒီခွေးကို လန်ဒန်မြို့ ရော့ဒ်နဲ့ မင်ကယ်လ်တို့ဆီက ဝယ်တယ်။ သူတို့ရှိတဲ့ အထဲမှာ အသန်ဆုံး၊ အဆိုးဆုံး ခွေးကြီးပဲ။ သူက အိမ်ကိုယူမတော့ ဒီဗွန်ရှိုင်ယာ မြောက်ပိုင်းဘက်က လှည့်ပြီး လူသူမမြင်အောင် အဝေးကြီး လမ်းလျှောက်ပြီး ယူလာခဲ့တယ်။ သူက ပိုးမွှားတီရစ္ဆာန် ဝါသနာပါလို့ ဂရင်ပင်နွံဗွက်ကြီးထဲ လျှောက်ရှာရာမှ လမ်းကောင်းကောင်း သိပြီး ခွေးကြီးဝှက်ထားဖို့ နေရာကို တွေ့ခဲ့တယ်။ အဲဒီမှာ သူ လှောင်ထားပြီး ချက်ကောင်းကို စောင့်လာခဲ့တယ်။

'အချက်က တော်တော်နဲ့ မပေါ်လာသေးဘူး၊ အဘိုးကြီးဟာက ညအချိန်မှာ သူ့အိမ်ဝင်းကြီး အပြင်ဘက်ထွက်အောင် သွေးဆောင်လို့ မရဘူး။ စတေပလ်တန်က သူ့ခွေးကြီးနဲ့ သွားသွားပြီး ချောင်းတယ်၊ နို့ပေမဲ့ အချက်မရဘူး။ အဲဒီလို သွားသွားပြီး ချောင်းရာမှာ သူ့ခွေးကြီးကို တောသူ တောင်သားတွေက ရိပ်ခနဲ ရိပ်ခနဲ မြင်လိုက်ရလေတော့ ခွေးတစ္ဆေကြီးရဲ့ ဒဏ္ဍာရီဟာ အသစ်ပြန်ပြီး တကယ် ဖြစ်လာပြန်တယ်။ သူ့မျှော်လင့်ချက်က ဆာချာလ်စ်ကို သူ့မယားက မြှူစေချင်တယ်၊ သို့သော်လည်း မိန်းမက သူ့အလိုကို မလိုက်ဘူး၊ ချစ်ကြိုက်အောင်လုပ်ပြီး သေကြောင်းကြံဖို့ အလုပ်ကို မယားက သဘောမတူဘူး။ ပါးစပ်နဲ့ခြောက်၊ လက်ထိလက်ရောက် နှိပ်စက် သော်လည်း လုံးလုံးမရဘူး။ ဒါကြောင့် စတေပလ်တန်မှာ တော်တော်ကြာ အောင် အခက်အခဲ တွေ့နေရတယ်။

'ဆာချာလ်စ်နဲ့ စတေပလ်တန်နှင့် မိတ်ဆွေဖြစ်လာပြီး မစ္စစ် လောရာလိုင်းရင်းကို ကူညီထောက်ပံ့သည့် အလုပ်မှာ ၎င်းအား ကိုယ်စား လှယ် လွှဲခြင်းခံရသည့်အတွက် စတေပလ်တန်ဟာ အခက်အခဲမှ လွတ် မြောက်တဲ့ နည်းလမ်းတစ်ခု တွေ့လာတယ်။ သူ့ကိုယ်သူ လူပျိုလို့ ပြောပြီး ဒီမိန်းမကို လူပျိုလှည့်၊ သူ့ယောက်ျားနဲ့ ပြတ်စဲရင် သူက လက်ထပ်ယူမယ်လို့ ပြောထားတာကိုးဗျ။ ဒီအတောအတွင်းမှာ ဒေါက်တာမော်တီမာ အကြံပေး လို့ ဆာချာလ်စ်က ဒီအိမ်ကြီးမှ သူ ထွက်သွားတော့မယ် ဆိုတာ သူ သိရ လေတော့ သူ့အကြံကို အချိန်မဆွဲနိုင်အောင် အချက်ပေါ်လာတာကိုး။ မြန်မြန် အလုပ်လုပ်ရင် လုပ်မှ၊ မလုပ်ရင် သူ့လက်တွင်းက လွတ်သွားရမှာကိုးဗျ။ ဒီတော့က မစ္စစ်လိုင်းရင်းကို အဘိုးကြီးမသွားမီ သူနဲ့တွေ့ဖို့ ချိန်းတဲ့ စာ တစ်စောင် အရေးခိုင်းတာကိုးဗျ။ နောက်တော့ သူက ဥပါယ်တံမျဉ်နဲ့ မိန်းမ ကို မသွားအောင် တားထားပြီး သူ မျှော်နေတဲ့ အခွင့်ကောင်းကို ရသွားတော့ တာကိုး။

'ဒါနဲ့ ညနေခင်းမှာ ကုန်းထရေစီက ပြန်လာခဲ့ပြီး ခွေးကြီးကိုထုတ်၊





မီးစုန်းနဲ့ ဆေးခြယ်၊ နောက်ပြီးတော့ အဘိုးကြီး စောင့်နေမယ့် တံခါးပေါက် ဆီကို သူ့ခွေး ယူလာခဲ့တာကိုး။ သခင်က ရှုးတိုက်ပေးနေတော့ ခွေးကြီးက ဝင်းတံခါးပေါက ခုန်ပြီး ဆာချာလ်စ်နောက်ကို လိုက်ရာမှ ဆာချာလ်စ်က သစ်ပင်တန်းကြား တစ်လျှောက် အော်ပြီး လျှောက်ပြေးတာကိုး။ အင်မတန် အုပ်ပြီး မှိုက်နေတဲ့ သစ်ပင်တန်းကြားမှာ ပါးစောင်ကြီးက ဝင်းဝင်း၊ မျက်လုံး ကြီးက ပြောင်ပြောင်နဲ့ ခွေးနက်ကြီး လိုက်တယ်ဆိုရင် တကယ် ကြောက်စရာ ကြီး ဖြစ်နေတာကိုး။ ဒါနဲ့ လမ်းကလေးအဆုံးမှာ ကြောက်အားလန့်အားနဲ့ နှလုံးကွဲပြီး အဘိုးကြီးလည်း သေပါရောဗျာ။ အဘိုးကြီးက လမ်းပေါ် လျှောက်ပြေးတုန်း ခွေးကြီးက လမ်းဘေးက မြက်ခင်းပေါ်မှာ လျှောက်ပြေး လေတော့ ခြေရာ မတွေ့ရဘူးပေါ့။ အဘိုးကြီး လဲနေတာ မြင်လေတော့ ခွေးကြီးက အနားကပ်ပြီး အနံ့ခံရာမှာ သေနေတာ တွေ့နေတော့ လှည့်ပြန် သွားတော့တာကိုး။ အဲဒီခါမှာ ဒေါက်တာမော်တီမာ တွေ့တယ်ဆိုတဲ့ ခြေရာ ထင်ရစ်ဟန် တူတယ်။ စတေပလ်တန်က ခွေးကြီးခေါ်ပြီး နွံဗွက်အလယ်မှာ သွားဝှက်ထားရာမှာ ပဟေဠိတစ်ပုဒ် အင်မတန် ထိတ်လန့်ပြီး ဆိုင်ရာ အရာရှိများ မရှင်းလင်းနိုင်တဲ့ အရှုပ်အထွေးတစ်ခု ဖြစ်ပေါ်လာလို့မို့ ခင်ဗျား တို့ ကျုပ်တို့ဆီကို ဒီအမှု ရောက်လာတာကိုး။

'ဆာချာလ်စ်သေတဲ့အကြောင်း ဒီတွင် ထားကြပါစို့၊ ဘယ်လောက် ပါးနပ်တယ်ဆိုတာ ခင်ဗျား မြင်တဲ့အတိုင်းပဲ။ သတ်တဲ့လူကို တရားစွဲဖို့ မဖြစ်နိုင်အောင် ခဲယဉ်းနေတယ် မဟုတ်လား၊ သူနဲ့ ကြံရာပါကလည်း တိရစ္ဆာန်ဖြစ်လေတော့ သူ့ကို မဖော်နိုင်ဘူး၊ သူ ဆင်ထားပုံက အင်မတန် ဆန်းကြယ်လေတော့ သိပ်ပြီး အရာရောက်တာပဲ။ ဒီအမှုနှင့် ပတ်သက်နေတဲ့ မစ္စစ်စတေပလ်တန်ကရော၊ မစ္စစ်လိုင်းရင်းကရော စတေပလ်တန်ကို မသင်္ကာကြဘူးပေါ့။ မစ္စစ်စတေပလ်တန်က အဘိုးကြီးကို သူ ကြံစည်နေ တယ် ဆိုတာကိုလည်း သိတယ်၊ ခွေးကြီး ရှိတယ်ဆိုတာကိုလည်း သိတယ်။ မစ္စစ်လိုင်းရင်းက ဒီဟာတွေကို မသိသော်လည်း ဒီအချိန် ဒီနေရာမှာ အဘိုး

ကြီးနဲ့ သူနဲ့ ချိန်းထားတယ် ဆိုတာကို စတေပလ်တန်တစ်ယောက်သာ သိလေတော့ သူ့ကို မသင်္ကာဘူး။ နို့ပေမဲ့ မိန်းမနှစ်ယောက်စလုံးဟာ သူ့ဩဇာခံချည်း ဖြစ်နေတော့ သူက ဘာမှ စိုးရိမ်စရာ မရှိဘူး။ ပထမပိုင်း အလုပ်ကတော့ အောင်မြင်သွားပြီ၊ ဒါပေမဲ့ ဒီထက်ခက်တဲ့ အလုပ်က ကျန်သေးတာကိုးဗျ။

'စတေပလ်တန်ရဲ့ ပထမစိတ်ကူးကတော့ ဆာဟင်နရီကို ဒီဗွန်ရှိုင်ယာ ရောက်အောင် မလာစေဘဲ လန်ဒန်မြို့မှာပင် သေအောင် သတ်နိုင်လိမ့်မယ်လို့ ထင်တယ်။ ဆာချာလ်စ်ကို မြှူပြီးဖမ်းဖို့ အလုပ်တုန်းက သူ့မိန်းမက မကူညီချင်ဘူးလို့ ငြင်းတာနဲ့ သူ့မယားကို သူ မယုံမကြည်ဖြစ်ပြီး သူ့ဩဇာလျော့သွားမှာစိုးလို့ ကြာကြာကြီး ခွဲမထားခဲ့ဝံ့ဘူး။ ဒါကြောင့် သူ့မယားကို လန်ဒန် ခေါ်လာခဲ့ပြီး ဂရင်ပင်လမ်းက ဟိုတယ်တစ်ခုမှာ တည်းကြတယ်လို့ ကျုပ် တွေ့ရတယ်။ သူ့မယားကို အခန်းထဲမှာ လှောင်ထားပြီး သူကတော့ မုတ်ဆိတ်ကြီးနဲ့ ရုပ်ဖျက်၊ ဘေကာလမ်းရောက်အောင် ဒေါက်တာမော်တီမာရဲ့ နောက်က လိုက်၊ ဒီနောက် ဘူတာရုံနှင့် နော့သံဘာလင်ဟိုတယ်ကို လိုက်တယ်။ သူ့မယားက သူ့အကြံအစည်ကို အနည်းငယ် ရိပ်မိပေမယ့် ရက်ရက်စက်စက် နှိပ်စက်ထားလို့မို့ သူ့ကို ကြောက်ပြီးနေတာနဲ့ ဆာဟင်နရီမှာ ဘေးအန္တရာယ်များရှိကြောင်း သိလျက်နဲ့ စာရေးပြီး သတိမပေးဝံ့ဘူးဗျ။ မတော်တဆ စတေပလ်တန် လက်ထဲကို သူ့စာ ရောက်သွားလို့ရှိရင် သူ့အသက်ကိုတောင် စိတ်မချရဘူး။ နောက်ဆုံးကျတော့ ကျုပ်တို့သိတဲ့အတိုင်း သူ ပေးချင်တဲ့သတင်းကို သတင်းစာထဲကရအောင် စာလုံးတွေ ရွေးကပ်ပြီး လိပ်တပ်တော့ လက်ရေးဖျက်ပြီး တပ်လိုက်တယ်။ အဲဒီစာဟာ ဆာဟင်နရီ လက် ရောက်လို့ သူ့မှာ ဘေးအန္တရာယ်ရှိတဲ့ အကြောင်းကို ပထမအကြိမ် သတိပေးချက် ရရှိတယ်။

'စတေပလ်တန်က သူ့ခွေးနဲ့ အနံ့ခံလိုက်ဖို့ လိုခဲ့လျှင် သူ့ခွေးကို ပြရအောင် ဆာဟင်နရီရဲ့ အဝတ်အစား တစ်ခုခုကို ရထားဖို့ အရေးကြီး





တယ်။ ဒါနဲ့ သွက်သွက်နဲ့ ရဲရဲလုပ်တတ်တဲ့ ဝါသနာအတိုင်း ဖိနပ်တိုက်တဲ့ လူကိုဖြစ်စေ၊ ဟိုတယ်က အိပ်ခန်းကို ကြည့်ရတဲ့ မိန်းမကိုဖြစ်စေ လာဘ်ထိုးပြီး သူ လိုချင်တဲ့ ပစ္စည်းကို ရအောင်လုပ်တယ်။ သို့ပေမဲ့ ပထမဦးဆုံး ခိုးယူထားတဲ့ ဖိနပ်ဟာက ကံအားလျော်စွာ အသစ်ကျပ်ချွတ် ဖြစ်နေလေတော့ သူ့ကိစ္စအတွက် အသုံးချလို့ မရအောင် ဖြစ်နေတယ်။ ဒီတော့ အသစ်ကို ပြန်ထားပြီး အဟောင်းတစ်ဖက်ရအောင် ခိုးပြန်တယ်။ ဒီအချက်ဟာ ကျုပ်အဖို့ အင်မတန် သဘောပေါက်စေဖို့ အချက်တစ်ခု ဖြစ်နေတယ်။ ဘာကြောင့်ဆိုတော့ အသစ်ကို မလိုချင်ဘဲ အဟောင်းကို လိုချင်တယ် ဆိုကတည်းက တကယ့်ခွေး အစစ်နဲ့ ကျုပ်တို့ အလုပ်လုပ်ရမယ်ဆိုတဲ့ အကြောင်းကို ကျုပ်က တစ်ခါတည်း စဉ်းစားမိတယ်။

'ထို့နောက် နောက်တစ်နေ့မနက်မှာ ကျုပ်တို့ မိတ်ဆွေများ လာလည်တော့ စတေပလ်တန်က မြင်းရထားနဲ့ လိုက်တယ်။ ဒီနောက်တော့ သူက ဒီဗွန်ရှိုင်ယာ ပြန်သွားပြီး ဆာဟင်နရီ ရောက်ဖို့ကို မျှော်နေတာပေါ့။

'အဲဒီအချိန်မှာ ကျုပ်အဖို့ ဘယ်လိုအခြေအနေ ဖြစ်နေတယ်ဆိုတာကို နည်းနည်း ပြောပြဦးမယ်။ ပုံနှိပ်စာလုံးတွေ ကပ်ထားတဲ့ စာရွက်ကို သေသေချာချာ ကြည့်တော့ စံပယ်ပန်းနံ့ သင်းသင်းကလေး ရတယ်ဆိုတာ ကျုပ်သိရတယ်။ ရေမွှေးနံ့ပေါင်း ၁၇ မျိုး ရှိတယ်ဗျ၊ ဒီဟာကို စုံထောက်များ တစ်ခုနှင့်တစ်ခု ခွဲခြားပြီး သိနိုင်တဲ့အတွက် ပေါ်ပေါက်ရတဲ့ အမှုလေးတွေ တော်တော်များပြီ။ ရေမွှေးနံ့ ရကတည်းက မိန်းမ ပါရမယ်လို့ ကျုပ် တွက်မိပြီး ကျုပ်စိတ်ကူးက စတေပလ်တန်တို့ဆီ ရောက်သွားတယ်။ ဒါကြောင့်မို့ ကျုပ်အဖို့တော့ ဟိုနယ်ကို မသွားမီကတည်းက အမဲလိုက်ခွေးကြီး ပါတဲ့ အကြောင်း အသေအချာ သိရတဲ့အပြင် လက်သည်ဟာလည်း ဘယ်သူဆိုတာ ကျုပ် နည်းနည်းမှန်းဆနိုင်မိပြီ။

'ကျုပ်အလုပ်ကတော့ စတေပလ်တန်ကို စောင့်ကြည့်ဖို့ပါပဲ၊ သို့ပေမဲ့ ကျုပ်က ခင်ဗျားနဲ့အတူ ပါသွားရင် စတေပလ်တန်က သိပ်ပြီး သတိထား

နေမှာဖြစ်တော့ စောင့်ကြည့်ဖို့ ခဲယဉ်းလိမ့်မယ်။ ဒါကြောင့် ကျုပ်က ခင်ဗျား ရော၊ ဘာရော လူတိုင်းကို လိမ်ပြောပြီး လန်ဒန်မှာ ကျုပ် ရှိတယ်လို့ ထင်နေ ကြတုန်းမှာ ကျုပ်က တိတ်တိတ်ကလေး ဆင်းလာခဲ့တယ်။ များသော အားဖြင့် ကုန်းထရေစီမှာ ကျုပ်နေပြီး အမှုဖြစ်တဲ့ နေရာအနီးမှာ ကျုပ် ရှိဖို့ လိုတဲ့အခါမှသာ ကွင်းပြင်ကြီးထဲက တဲကလေးကို အသုံးပြုခဲ့တယ်။ ဟို သူငယ်ကလေးကလည်း ကျုပ်နဲ့အတူ လိုက်လာပြီး တောသားကလေး ယောင် ဆောင်ပြီး ကျုပ်ကို အများကြီး ကူညီနိုင်တယ်၊ စားစရာနဲ့ အဝတ် လဲစရာအတွက် သူ့ကို ကျုပ် အားကိုးပြီး စတေပလ်တန်ကို ကျုပ် စောင့် ကြည့်တဲ့အခါမှာ သူက ခင်ဗျားကို စောင့်ကြည့်တယ်။ ဒါကြောင့် ကျုပ်က ခလုတ်တွေ အကုန်လုံးကို ကျုပ် လက်ထဲမှာ ထားသလို အလုပ်လုပ် နိုင်တယ်။

'ခင်ဗျား ပို့လိုက်တဲ့ မှတ်ချက်တွေကို ဘေကာလမ်းကနေပြီး ကုန်း ထရေစီကို ချက်ချင်း ပို့လိုက်လေတော့ ကျုပ် လက်ထဲ မြန်မြန်ရောက်တဲ့ အကြောင်းကို ကျုပ် ပြောခဲ့ပြီ။ ခင်ဗျား မှတ်ချက်တွေဟာ ကျုပ်အဖို့ အများ ကြီး အသုံးဝင်ပါပေတယ်၊ အထူးသဖြင့် စတေပလ်တန်ရဲ့ အတ္ထုပ္ပတ္တိကလေး ဟာ မှန်လည်းမှန်လို့ သိပ်နေရာကျတယ်။ သူတို့လင်မယားဟာ ဘယ်သူ ဘယ်ဝါဆိုတာ သိရအောင် စုံစမ်းထားလို့ ကျုပ်အခြေအနေကို ကျုပ် သိရ တယ်။ ဒီအထဲမှာ ထောင်က ထွက်သွားတဲ့ အကျဉ်းသမား အဖြစ်အပျက်နဲ့ သူနဲ့ ဘဲရီမိုးလင်မယား ဆက်သွယ်ကြပုံ အကြောင်းတွေက ဝင်ရှုပ်နေလို့ အမှုဟာ ရှုပ်သထက် ရှုပ်သွားတယ်။ ဒီဟာကလေးက ခင်ဗျား ရှင်းလင်း လိုက်ပုံဟာလည်း အပုံကြီး နေရာကျပေတယ်။

'ကွင်းပြင်ကြီးထဲက တဲကလေးမှာ ခင်ဗျား ကျုပ်ကို တွေ့တဲ့အခါမှာ ဒီအမှုအကြောင်းကို ကောင်းကောင်းကြီး သိရပြီးပြီ၊ နို့ပေမဲ့ ရုံးတင်ပြီး တရားစွဲလောက်အောင် မခိုင်လုံသေးဘူး။ ထိုညက စတေပလ်တန်က ဆာဟင်နရီကို သတ်ဖို့ ကြိုးစားလို့ ကံဆိုးတဲ့ အကျဉ်းသမား သေသွား





တော့တောင် ဒီလူကို လူသတ်မှုနဲ့စွဲဖို့ မလုံလောက်သေးဘူး။ ဒီတော့ သူ့ကို လက်ပူးလက်ကြပ် ဖမ်းမိရုံမှတစ်ပါး အခြားနည်း မရှိလေတော့ ဆာဟင်နရီ ကို ငါးစာလုပ် ထောင်ပြီး စောင့်ရှောက်မယ့်လူ မရှိလေဟန် သူတစ်ယောက် တည်း လွှတ်ပြီး ဆင်လိုက်ရတယ်။ ကျုပ်တို့ ဆင်တဲ့အတိုင်း အထမြောက်ပြီး၊ ဆာဟင်နရီမှာ လန့်ရုံထိတ်ရုံ ခံလိုက်ရပြီး ကျုပ်တို့အမှု ပြည့်စုံလို့ စတေပလ် တန်လည်း သူ့သင်္ချိုင်းလမ်း သူ ပြေးလေရော့ပဲ။ ဆာဟင်နရီကို ဒီလောက် ဒုက္ခဖြစ်အောင် လုပ်မိသည့်အတွက်တော့ ကျုပ်ကိုယ်ကျုပ် အပြစ်တင်မိ ပါတယ်။ သို့ပေမဲ့ ဟိုသတ္တဝါကြီးဟာက ကျုပ်တို့ ကြက်သေသေပြီး ငိုင်သွား လောက်အောင် ဖြစ်သွားလိမ့်မယ် ဆိုတာကို ကျုပ်တို့ကြိုတင်ပြီး မသိနိုင် ဘူးဗျ။ ပြီးတော့ ဆီးနှင်းတိုက်ကြီးကလည်း သူ့ကို ဝှက်ထားသလို ဖြစ်နေပြီး ကျုပ်တို့ရှေ့ကို ဖြုန်းခနဲ ရောက်လာလိမ့်မယ် ဆိုတာလည်း ကြိုတင်ပြီး ကျုပ်တို့ မသိနိုင်ပေဘူး။ ဆာဟင်နရီ ဒုက္ခရောက်ရခြင်းဟာလည်း မကြာမီ အတွင်း ပျောက်ပါလိမ့်မယ်လို့ ဒေါက်တာမော်တီမာက ပြောပြီးပါပြီ။ ဒီဒုက္ခ ကလေးတစ်ခု ခံရပြီး ကျုပ်တို့ရည်ရွယ်ချက် ထမြောက်ခဲ့တယ် မဟုတ်လား။ ခရီးခပ်ရှည်ရှည်သွားပြီး လည်ပတ်လိုက်ရရင် ကျုပ်တို့မိတ်ဆွေဟာ ဟိုည က တုန်လှုပ်တာရော၊ အချစ်နှင့် ပတ်သက်လို့ သူ့စိတ် ထိခိုက်သွားတာရော ပျောက်လောက်စရာ ရှိပါတယ်။ ဟိုမိန်းမကို သူချစ်ခြင်းဟာလည်း တကယ့် သဘောရိုးနဲ့ တကယ်ပဲ စွဲမြဲပေတယ်။ သူ့အဖို့မှာတော့ ဝမ်းနည်းဖို့ အကောင်း ဆုံး အချက်ဟာကတော့ မိန်းမတစ်ယောက်က သူ့ကို အလိမ်ခံရတယ်ဆိုတဲ့ အချက်ပါပဲ။

'ဒီအမှုမှာ မစ္စစ်စတေပလ်တန်ဟာ ဘယ်လောက်အထိ အလုပ်လုပ် တယ် ဆိုတာကို ဖော်ပြဖို့ပဲ ကျန်ပါတော့တယ်။ စတေပလ်တန်က သူ့မယား အပေါ်မှာ ဩဇာလွှမ်းခဲ့ခြင်းဟာ ချစ်လို့ပဲလား၊ ကြောက်လို့ပဲလား သို့မဟုတ် နှစ်ခုလုံး တွဲလို့ပဲလား မပြောနိုင်ဘူး။ ဒီနှစ်ခုဟာ မတွဲနိုင်တဲ့ ဟာမျိုးလည်း မဟုတ်ဘူး၊ အရာရောက်တာကဖြင့် လွန်ပေရော။ သူ့အမိန့်အတိုင်း နှမ

ယောင်ဆောင်ပြီး နေဖို့ကို မိန်းမက သဘောတူတယ်။ သို့သော်လည်း လူသတ်မှုမှာ တွဲပြီးပါဖို့ ကြိုးစားတဲ့ နေရာကျတော့ သူ့ဩဇာ မညောင်းတော့ဘူး။ သူ့လင်ကို အမှုမပတ်စေဘဲ ဆာဟင်နရီကို သူတတ်နိုင်သလောက် သတိပေးခဲ့တယ်၊ အကြိမ်ကြိမ်ပဲ သတိပေးပါပေတယ်။ စတေပလ်တန်ကိုယ်တိုင်ကလည်း မနာလိုတဲ့ စိတ်သဘော မကင်းလှဘူးဗျ။ ဆာဟင်နရီက သူ့မယား လူပျိုလှည့်တာကို သူတွေ့ရတဲ့အခါမှာ သူ စီစဉ်ထားတဲ့အတိုင်း ဖြစ်ရတာတောင် ဒေါနဲ့မောနဲ့ သူ ဝင်မစွက်ဘဲ မနေနိုင်ဘူး။ ဒီလူဟာက အပေါ်ယံမှာ အေးအေးဆေးဆေး မြင်ပေမယ့် အထဲက စိတ်ဓာတ်က အတော်ခက်ထန်တဲ့လူပဲ။ သူ့မယားနဲ့ ဆာဟင်နရီနဲ့ ရင်းနှီးအောင် သူကိုယ်တိုင်က အားပေးပြီး၊ မဲရီးပစ်အိမ်ကို ဆာဟင်နရီ မကြာမကြာလာအောင် လုပ်ပြီး သူလိုချင်တဲ့ အခွင့်မျိုးကို တစ်နေ့နေ့မှာရအောင် စီစဉ်ထားတာကိုးဗျ၊ သို့ပေမဲ့ နောက်ဆုံး အရေးကြီးတဲ့ နေ့ကျတော့ သူ့မယားက ရုတ်တရက် သူ့ဩဇာကို တော်လှန်လိုက်တာကိုး။ အကျဉ်းသမားသေတဲ့ အကြောင်းကို မိန်းမက ရိပ်မိတဲ့ပြင် ဆာဟင်နရီ ညစာစားလာတဲ့ ညမှာ ခွေးကြီးကို တဲကလေးထဲမှာ ချည်ထားတယ် ဆိုတာလည်း သူ သိတယ်။ သူ ကြံစည်ထားတဲ့ ပြစ်မှုအကြောင်းကို သူ့လင် ပြောပြလေတော့ လင်မယားနှစ်ယောက် ရန်ဖြစ်ကြရော။ ဒီအချိန်မှာ စတေပလ်တန်မှာ သူ့အပြင် ချစ်ကြိုက်တဲ့ မိန်းမတစ်ယောက် ရှိသေးတဲ့အဖြစ်ကို ပထမအကြိမ် ထုတ်ပြောလိုက်ရော။ ဒီတော့ သစ္စာရှိရာက ချက်ချင်း သဲသဲမဲမဲ မုန်းသွားတာကို သူ ရိပ်မိပြီး သူ့မယားဟာ သူ့အဖြစ်အပျက်ကို တခြားလူများကို ပြောတော့မယ်လို့ သူ ရိပ်မိသွားတယ်။ ဒါကြောင့် ဆာဟင်နရီကို သတိမပေးနိုင်အောင် သူ့မယားကို သူ ကြိုးနဲ့ တုပ်ပြီးထားတယ်။ သူ့မျှော်လင့်ချက်ကတော့ ဆာဟင်နရီဟာ သူတို့ဘိုးဘေး အစဉ်အဆက် ကျိန်စာသင့်ထားတဲ့အတိုင်း ခွေးကြီးကြောင့် သေရတယ်လို့ ကျေးသူတောင်သားတွေက အယူရှိလိမ့်မယ်။ ဒီအခါမှာ ဖြစ်ပြီးတဲ့ဟာကို မတတ်နိုင်တော့ပါဘူးလို့ သူ့မယားကို သူ ချော့ပြောမယ်၊ အဲဒီလို





ကိုးဗျ။ ကိုင်း ဝက်ဆင်၊ ကျုပ်မှတ်စုတွေကို ပြန်မကြည့်ဘဲနဲ့တော့ ဒီအမှုအကြောင်းကို ဒီထက်စုံအောင် ကျုပ် မပြောတတ်တော့ဘူး။ အရေးကြီးတဲ့ အချက်ထဲက မရှင်းလင်းဘဲ ချန်ထားခဲ့တာများ ရှိ မထင်ပါဘူးဗျာ’

နှိပ် ။ ။‘ဟိုအဘိုးကြီးကို လုပ်သလို ဆာဟင်နရီကိုတော့ သေလောက်အောင် ခွေးနဲ့ ခြောက်လှန့်နိုင်လိမ့်မယ်လို့ သူ မမျှော်လင့်ပါဘူး ထင်ပါရဲ့’

ဟုမ်း ။ ။‘ခွေးကြီးက ဆိုးလည်း ဆိုးတယ်၊ အစာလည်း ဝအောင် ကျွေးမထားဘူးဗျ။ သူ့ကို မြင်လို့ လန့်ပြီး မသေလို့ရှိတောင် မခုခံနိုင်လောက်အောင်တော့ ငိုင်သွားဦးမှာပဲ’

နှိပ် ။ ။‘ဒါတော့ မှန်ပါတယ်၊ ခဲရာခဲဆစ်ကလေး တစ်ခုရှိပါတော့တယ်။ စတေပလ်တန်ဟာ ဒီအမွေကို သူ ဆက်ခံမယ်ဆိုရင် အမွေခံမယ့် လူတစ်ယောက်ဟာ ဒီအပြင်နာမည်နှင့် ဒီအနားမှာ ကပ်ပြီး ဘယ့်နှယ်ကြောင့် နေရတယ်ဆိုတာကို သူ ဘယ်လိုလုပ်ပြီး ရှင်းပြမှာလဲဗျ။ လူများက သူ့ကို မသင်္ကာပြီး မေးလား မြန်းလား မလုပ်ကြပေဘူးလား’

ဟုမ်း ။ ။‘ဒီဟာ တော်တော်ကြီးတဲ့ ခဲရာခဲဆစ်ပါပေပဲ။ ကျုပ်က ဒီပြဿနာကို ရှင်းပြရာမှာ ခင်ဗျား မေးတာ များလွန်းတယ် ထင်တယ်။ အတိတ်နဲ့ ပစ္စုပ္ပန်ကိုတော့ ကျွန်တော် တတ်နိုင်တယ် ထားပါတော့၊ သို့သော်လည်း အနာဂတ်အဖို့မှာ လူတစ်ယောက်ဟာ ဘယ်လိုလုပ်လိမ့်မယ် ဆိုတာတော့ ဖြေဖို့ရာ ကျပ်တယ်။ သူ့ယောကျ်ားက ဒီပြဿနာအကြောင်း ပြောပြတာကို မစ္စစ်စတေပလ်တန်က အကြိမ်ကြိမ် ကြားခဲ့ဖူးတယ်။ ဖြစ်နိုင်တဲ့ နည်းလမ်းကတော့ သုံးခုရှိတယ်။ ပထမ နည်းလမ်းကတော့ တောင်အမေရိက တိုက်ကို သူ သွားပြီး၊ ဗြိတိသျှအရာရှိကြီးများ ရှေ့မှာ သူဟာ မည်သူမည်ဝါပါလို့ ရှင်းပြပြီး အင်္ဂလန်ကို မလာဘဲနှင့် ဥပစ္စည်းကို သူ ရအောင် လုပ်နိုင်တယ်။ ဒုတိယနည်းလမ်းက လန်ဒန်မှာ အချိန်အနည်းငယ်နေဖို့ လိုတဲ့ အတောအတွင်းမှာ သူ့ကိုယ်သူ ရုပ်ဖျက်ထားနိုင်တယ်။ တတိယ

နည်းလမ်းက သူ့လူတစ်ယောက်ယောက်ကို သက်သေခံ စာရွက်စာတမ်းတွေနှင့်တကွ လွှဲအပ်ပြီး ဒီအမွေကို ယူစေပြီးမှ ဒီအထဲမှ တချို့တစ်ဝက်ကို သူယူမယ်ဆိုလည်း ဖြစ်နိုင်တယ်။ သူ့အကြောင်း ကျုပ်တို့ သိရသလောက်မှာ ဒီလူဟာ ဒီလောက် အခက်အခဲမျိုးကို လွှန်မြောက်ဖို့ နည်းလမ်းရှာနိုင်မယ်ဆိုတဲ့ အကြောင်းကို ဘာမှ ယုံမှားစရာ မရှိဘူး။ ကိုင်း ဝက်ဆင်၊ ကျုပ်တို့ ပြင်းပြင်းထန်ထန် အလုပ်လုပ်ခဲ့ရတာ ရက်သတ္တပတ် တော်တော်များသွားပြီ၊ ဒါကြောင့်လည်း ပျော်ရွှင်စရာဘက်ကို ကျုပ်တို့ စိတ်လှည့်မှ တော်မယ် ထင်တယ်။ ကပွဲအတွက် ရှေ့တန်းက ကျုပ် ယူထားတယ်၊ နာရီတစ်ဝက် အတွင်းမှာ အသင့်ဖြစ်အောင် ပြင်ထားပြီး လမ်းမှာ ညစာ ဝင်စားသွားကြတာပေါ့ဗျာ'

ရွှေဥဒေါင်း